# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ပန်ဆင်သူအကျိုးကိုဆောင်နိုင်**

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့သော နည်းဟူမူကား အဆင်းအနံ့နှင့်ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင်နိုင်သောကြောင့်ဖြစ်၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)


၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက် | ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၉)၊ အမှတ်(၀၂၄)


# မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ကုလသမဂ္ဂနှင့် အတူတကွ ဆက်လက်ဆောင်ရွက်ရန် ထပ်လောင်း၍ ကတိကဝတ်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတဦးဝင်းမြင့်ထံမှ (၇၄) နှစ်မြောက် ကုလသမဂ္ဂ နှစ်ပတ်လည်နေ့သို့ ပေးပို့သည့်သဝဏ်လွှာ**

**(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)**

ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်သည့် (၇၄)နှစ်ပြည့်မြောက် အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကိုယ်စား ကုလသမဂ္ဂအဖွဲ့၏ အောင်မြင်မှုများအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ကုလသမဂ္ဂပဋိညာဉ်က အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များအရ အနာဂတ်၌ ဆက်လက်အောင်မြင်စေကြောင်းအတွက် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ကမ္ဘာပေါ်ရှိ ငြိမ်းချမ်းရေးကိုမြတ်နိုးသောနိုင်ငံများက ကုလသမဂ္ဂအဖွဲ့ကြီးအား လွန်ခဲ့သည့် (၇၄)နှစ်၊ ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်နေ့တွင် တည်ထောင်ခဲ့ကြပါသည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကုလသမဂ္ဂပဋိညာဉ်တွင် ပြဋ္ဌာန်းထားသည့်အတိုင်း အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိန်းသိမ်းပြီး တန်းတူညီမျှရရှိသည့် သဘောတရားကိုအခြေခံ၍ နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုတိုးတက်ရေးနှင့် အပြည်ပြည်ဆိုင်ရာပြဿနာများအား ပူးပေါင်းဆောင်ရွက်မှုဖြင့်ဖြေရှင်းရန် အဖွဲ့ဝင်နိုင်ငံများက သန္နိဋ္ဌာန်ချခဲ့ကြပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်ဧကရာဇ်၏ ညီမတော် တော်ဝင်မင်းသမီး ယိုကိုနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်ဧကရာဇ်၏ညီမတော် တော်ဝင်မင်းသမီး ယိုကိုနှင့် တွေ့ဆုံ

**တိုကျို အောက်တိုဘာ ၂၃**

ဂျပန်နိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက်ပိုင်းတွင် Nikkei သတင်းဌာနနှင့် Mainichi သတင်းဌာနတို့မှ သတင်းမီဒီယာသမားများကို The Imperial Hotel ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် သတင်းမီဒီယာသမားများက မေးမြန်းသည့် မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ဆက်ဆံရေးကိစ္စရပ်များ၊ စီးပွားရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ တိုးတက်မှုအခြေအနေနှင့် အခြားသိရှိလိုသည်များကို ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်ဧကရာဇ်၏ ညီမတော် တော်ဝင်မင်းသမီး ယိုကိုနှင့် တိုကျိုမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာ၌ တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တိုကျိုမြို့ရှိ မြန်မာသံရုံးသို့ ရောက်ရှိပြီး ဂျပန်နိုင်ငံ၌ ပညာသင်ကြားလျက်ရှိသော အစိုးရဝန်ထမ်း ပညာတော်သင်များ၊

*စာမျက်နှာ ၄ ကော်လံ ၁* ❂




မြန်မာ့အလင်း

# လူသားတို့နှင့် ကမ္ဘာလုံးဆိုင်ရာပြဿနာ

ယခုနှစ်တွင် ကမ္ဘာကြီးပေါ်တွင် လူဦးရေ ၇ ဒသမ ၇ ဘီလီယံကျော် (သန်းပေါင်း ခုနစ်ထောင့်ခုနစ်ရာကျော်) ရှိသွားပြီဟု ကမ္ဘာ့ကုလသမဂ္ဂ လူဦးရေဆိုင်ရာ သတင်းထုတ်ပြန်ချက်အရ သိရသည်။ ၁၉၈၀-၂၀၁၅ ကာလအတွင်း အကြမ်းဖျင်းခန့်မှန်းတွက်ချက်မှုများအရ ငါးနှစ်လျှင် လူဦးရေသန်း ၄၀၀ ခန့်တိုးလာ၍။ ၂၀၁၅-၂၀၁၉ အတွင်းတွင် တစ်နှစ်လျှင် သန်း ၁၀၀ နီးပါး တိုးပွားလာသည်ကို တွေ့ရပါသည်။

ထိုသို့သော လူဦးရေတိုးတက်မှုကိုအခြေခံ၍ ခန့်မှန်းတွက်ဆမှုအရ ၂၀၂၃ တွင် သန်းပေါင်း ရှစ်ထောင်၊ ၂၀၃၇ တွင် သန်းပေါင်း ကိုးထောင်၊ နောက်နှစ် ၄၀ ခန့် ၂၀၅၇ တွင် ကမ္ဘာ့လူဦးရေမှာ သန်းပေါင်းတစ်သောင်း အထိ ရောက်ရှိလာလိမ့်မည်ဟု တွက်ချက်ထားပါသည်။

ယခုလက်ရှိတွင် လူဦးရေအများဆုံးမှာ တရုတ်နိုင်ငံနှင့် အိန္ဒိယ နိုင်ငံတို့ဖြစ်၍။ တရုတ်နိုင်ငံတွင် လူဦးရေသန်းပေါင်း ၁၄၃၀ ကျော်ရှိပြီး အိန္ဒိယနိုင်ငံတွင် သန်းပေါင်း ၁၃၇၀ ကျော်ရှိနေသည်။ အိန္ဒိယနိုင်ငံ၏ လူဦးရေတိုးပွားမှုနှုန်းက ပိုမိုမြန်ဆန်နေသည့်အတွက် မကြာမီကာလ တွင် အိန္ဒိယနိုင်ငံက လူဦးရေပိုမိုများပြားလာဖွယ်ရာရှိနေသည်။

ယခုကဲ့သို့သော ကမ္ဘာ့လူဦးရေ တိုးပွားပေါက်ကွဲမှုနှုန်းက အထူး များပြားလာနေသည်ကြောင့် တွေ့ကြုံရမည့် ပြဿနာများ၊ အခက်အခဲ များကလည်း စောင့်ကြိုနေသည်ဖြစ်ပါ၏။ ဦးဆုံးအနေဖြင့် သောက်သုံး ရေနှင့် အစားအစာမလောက်ငမှုက အကြီးမားဆုံး အကျပ်အတည်းဖြစ် လာနိုင်သည်ဟု ပညာရှင်တို့က ဆိုကြ၏။ အစားအသောက်ထုတ်လုပ်မှုနှင့် ရေရရှိနိုင်မှုထက် လူဦးရေတိုးပွားမှုက ပိုမိုမြန်ဆန်နေသည်ဟု ဆိုပါသည်။

ထို့ပြင် သဘာဝသယံဇာတနှင့် စွမ်းအားအရင်းအမြစ်များကို သုံးစွဲ မှုကလည်း လူဦးရေတိုးပွားမှုနှုန်းကို အမီမလိုက်နိုင်။ အခြားတစ်ဖက် တွင် လူတို့က သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေမည့်လုပ်ရပ် များက ခုထိတိုင် များပြားနေဆဲဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုသည်ကို အမှန်တကယ်လိုက်နာဆောင်ရွက်သည်က များစွာအရှိန်နည်းပါးနေဆဲဖြစ်၏။

လူတို့၏ နေထိုင်သည့် ခေတ်သစ်ပုံစံနှင့် သဘာဝအရ မြေထု၊ ရေထု၊ လေထုအတွင်းသို့ ရောက်ရှိလာမည့် ညစ်ညမ်းမှုများကလည်း များစွာ တိုးမြင့်လာပေဦးမည်။

၂၀၁၄ ခုနှစ် ကာလများက သိပ္ပံပညာရှင်များ၏ အတွက်အဆ များတွင် ကမ္ဘာကြီး၏ လူဦးရေဆိုင်ရာ ခံနိုင်ရည်ရှိမှုကို အမျိုးမျိုး တွက်ကြသည်။ ထိုတွက်ချက်မှုများအရဆိုလျှင် ဤကမ္ဘာကြီးက လူဦးရေ သန်းပေါင်းတစ်သောင်းသည် အမြင့်ဆုံး ခံနိုင်ရည်ရှိမည့် အရေအတွက် ဖြစ်နိုင်သည်ဟူ၏။ နောက်နှစ် ၄၀ ခန့်အကြာတွင် အမြင့်ဆုံးခံနိုင်ရည်ကို ရောက်ပြီဟု ခန့်မှန်းထားခြင်းဖြစ်လေရာ ကမ္ဘာ့ လူသားတို့ အကျပ်အတည်းအခက်အခဲများကြားတွင် အလွန်အကျူး မခံစားရရေးသည် အရေးကြီးသည့်ပြဿနာ ဖြစ်လာနေပြီ။

ဤသည်ကို ဖြေရှင်းနိုင်ရန်မှာ ယနေ့ရှင်သန်နေသည့် လူသား အားလုံးက ပြဿနာကို ပြဿနာအဖြစ် နားလည်မှုရှိကြရေးက ပထမဆုံး လိုအပ်ချက်ဖြစ်ပါမည်။ ထိုသို့ နားလည်သဘောပေါက်ကြပြီး သည့်နောက်တွင် လူတစ်ဦးချင်းစီက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးတွင် အလေးဂရုပြု ပါဝင်ဆောင်ရွက်နိုင်ကြဖို့လိုသလို ကမ္ဘာတစ်ခု လုံးနှင့် ခြုံငုံရှုမြင်ကာ အမြင်ကျယ်ကျယ် အတွေးနက်နက်ဖြင့် ပူးပေါင်း လုပ်ကိုင်ဆောင်ရွက်ကြရန်လည်း လိုပါမည်။

စစ်ပွဲများရပ်ဆိုင်းနိုင်ရေး၊ ငြိမ်းချမ်းရေးအမြင်၊ မေတ္တာလွှမ်းခြုံ သောအမြင်တို့ဖြင့် လူအချင်းချင်း ချစ်ကြည်စွာဆက်ဆံနိုင်ကြရေး တို့လည်း အမှန်တကယ်လိုအပ်ပါမည်။

အနာဂတ်မျိုးဆက်ဟူသည် ယနေ့လူသားတို့၏ သားသမီးမြေးမြစ် များသာဖြစ်ပြီး ဤမျိုးဆက်၏ အနာဂတ်မှာ ယနေ့ လူသားတို့၏လက်ထဲ တွင် လုံးလုံးလျားလျား မူတည်နေပါသည်။ ယနေ့မျိုးဆက်တို့ ရှင်သန် နေထိုင်ကြမည့် အချိန်ကာလအတွင်းမှာပင် လူဦးရေ တိုးပွားပေါက်ကွဲ မှု၏ ပြဿနာအရပ်ရပ်ကို စတင်တွေ့မြင်ကြရတော့မည်ကဲ့သို့လည်း ဖြစ်နေသည်ကို သတိပြုသင့်ကြပြီ။

ကမ္ဘာလုံးဆိုင်ရာ ပြဿနာဆိုသည်မှာ မည်သူမျှ၊ မည်သို့မျှ ရှောင်လွှဲ၍ရမည် မဟုတ်သကဲ့သို့ တကယ်တမ်းကြုံတွေ့လာပြီဆိုလျှင် လည်း မိမိတို့လက်ထဲတွင်ရှိနေသည်ဆိုသော၊ သို့မဟုတ် မိမိတို့ ရှာဖွေ စုဆောင်းနေကြသော ငွေကြေးနေဥစ္စာ လောကီစည်းစိမ်ချမ်းသာ အားလုံးမှာ အဓိပ္ပာယ်မဲ့ဖြစ်ချေမည်ဆိုခြင်းကို နားလည်ကြရင်း မိမိတို့၏ ကမ္ဘာကြီးတစ်ခုလုံးနှင့် သက်ဆိုင်သော ပြဿနာများကို ဝိုင်းဝန်း စဉ်းစား ပါဝင်ကြဖို့လိုမည်ဟု ယုံကြည်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။


ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် တောင်ငူခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော



ကလေးစာပေပွဲတော်

စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( တောင်ငူမြို့ )

၂၀၁၉ခုနှစ်၊ နိုဝင်ဘာလ (၂၊ ၃)ရက်၊ (စနေ၊ တနင်္ဂနွေ)နေ့၊ နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

ခပေါင်းခန်းမ၊ တောင်ငူမြို့။


## လူနေမှုဘဝပုံစံများအား အသိပညာပေးရေးနှင့်သက်ဆိုင်သည့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ ပြိုင်ပွဲဆုရရှိသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၂၃**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန က ကြီးမှူးကျင်းပသည့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးကို ရည်ရွယ်၍ ၂၀၁၉ ခုနှစ် ကျန်းမာကြံ့ခိုင်ပျော်ရွှင်သော လူတစ်ဦးချင်းမှသည် ကျန်းမာကြံ့ခိုင် ပျော်ရွှင်သော နိုင်ငံသားများအဖြစ် ရောက်ရှိစေရေးနှင့် လူတိုင်းလူတိုင်း ကျန်းမာ ကြံ့ခိုင်ပျော်ရွှင်သည့်ဘဝများ ပိုင်ဆိုင်စေရေးအတွက် လိုက်နာကျင့်ကြံ ဆောင်ရွက်ရန် စားသောက်၊ နေထိုင်၊ ပြုမူလှုပ်ရှား ဆောင်ရွက်သင့်သည့် လူနေမှုဘဝပုံစံများအား အသိပညာပေးရေးနှင့် သက်ဆိုင်သည့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ ပြိုင်ပွဲများဖိတ်ခေါ်ခဲ့ရာ ဆောင်းပါး ၇၁ ပုဒ်၊ ဝတ္ထုတို ၃၅ ပုဒ်၊ ကဗျာ ၄၄ ပုဒ်တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲများအနက် ဆောင်းပါးပြိုင်ပွဲတွင် သန္တာနိုင်က "နုပျိုသက်ရှည် ကျန်းမာရေး ကိုယ်လက်လှုပ်ရှား အားကစားပေး" ခေါင်းစဉ်ဖြင့် ပထမဆု၊ ဦးဝမ်းယုနောင်က "ဘဝတစ်သက်တာကျန်းမာရေး လူနေမှုဘဝပုံစံ ပြောင်းလဲပေး" ခေါင်းစဉ်ဖြင့် ဒုတိယဆုနှင့် ဦးကျော်ဇောထွေး(ဟမ်စိုင်း-ဆေးမန်း)က "ဘဝတစ်သက်တာကျန်းမာရေး လူနေမှုပုံစံပြောင်းလဲပေး" ခေါင်းစဉ်ဖြင့် တတိယဆုတို့ရရှိကြပြီး ဦးကျော်ဇော(မောင်ကျော်ဇော-ရှင်မတောင်နံ့သာမြေ)၊ ဒေါ်သဇင်ထွန်း(သဇင်ထွန်း-ပညာရေး)၊ ဇင်မင်းဝင်း၊ ဦးဝင်းသိန်း (ကျောင်းဆရာကိုကိုဝင်း)နှင့် ဦးအောင်ဆန်းဝင်း(ပိုင်သုတ)တို့က နှစ်သိမ့်ဆုများ အသီးသီး ရရှိကြကြောင်း သိရသည်။

ဝတ္ထုတိုပြိုင်ပွဲတွင် ဦးရဲညွန့်(ခက်နွယ်-နတ်မော်)က "အကြွေစေသည့်ပန်း" ခေါင်းစဉ်ဖြင့် ပထမဆု၊ ဦးနေလင်းထွဋ်(ခရမ်းသစ်လူ)က "ဆီမီးရာထောင် လင်းစေသော်" ခေါင်းစဉ်ဖြင့် ဒုတိယဆုနှင့် ဦးအေးကြူ(မောင်ငြိမ်းမွန်-ချောင်းဦး)က "ညီညာတွဲလက် အောင်ပွဲဆက်" ခေါင်းစဉ်ဖြင့် တတိယဆုတို့ ရရှိကြပြီး ဒေါ်နွယ်နီအေး(နွယ်နီအေး-လူမှုစီးပွား)၊ ဦးမြင့်မောင် (မောင်စူးရှ-အနောက်ရိုးမ)၊ ဦးအေးသောင်းအုန်း (မောင်သာမန်-ဇီးကုန်း)၊ ဒေါ်တင်မိုးအေး၊ မမိုးမိုးသွင် (ရန့်ချို-ဟသ်ာတ)တို့က နှစ်သိမ့်ဆုများ အသီးသီးရရှိကြကြောင်း သိရသည်။

ကဗျာပြိုင်ပွဲတွင် ဦးခင်မောင်ထွန်း(မင်းသွေးနွယ်-ဇီးကုန်း)က "ကျန်းမာရေးဖြင့် လူမှုဘဝပုံစံမြှင့် နိုင်ငံ့ဂုဏ်ရောင်တင့်" ခေါင်းစဉ်ဖြင့် ပထမဆု၊ ဒေါ်နွယ်နီဝင်း(မေတ္တာမိုးနှင်း-ပဲခူး) က "အဖိုးနည်းဝန်ပါ လှုပ်ရှားမှုမှသည် ကျန်းမာကြံ့ခိုင် ပြည့်မဏ္ဍိုင်သို့" ခေါင်းစဉ်ဖြင့် ဒုတိယဆုနှင့် ချောကေခိုင် (ပေါ်ဦးမြနန်းနွယ်-နေခ) က "နုပျိုသက်ရှည် ကျန်းမာဖို့ နည်းလမ်းကောင်းများ" ခေါင်းစဉ်ဖြင့် တတိယဆုတို့ရရှိကြပြီး ဦးစုအောင်(ချစ်စုအောင်)၊ ဦးထိန်ဝင်း(မိုးထွဋ်ခေါင်)၊ ဦးသန်းထွေးအောင်(ထွေးကို)၊ ဦးသောင်းထွေး(သောင်းထွေး)၊ ဒေါ်သီတာဌေး(လမင်းထွန်း)တို့က နှစ်သိမ့်ဆုများ အသီးသီး ဆွတ်ခူးရရှိခဲ့ကြကြောင်း သိရသည်။

**မောင်လူမော်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၃**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**



❖ ရှေ့ဖုံးမှ

ကုလသမဂ္ဂအဖွဲ့သည် အဖွဲ့၏အရေးပါသည့်ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် မပြည့်စုံမှုများနှင့် အတားအဆီးများရှိသော်လည်း ရရှိထားသည့် အောင်မြင်မှုများကို သိသာထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။ အလွန်အမင်းဆင်းရဲမှု၊ ငတ်မွတ်မှု၊ စစ်မက်ပဋိပက္ခများကဲ့သို့သော ပြဿနာများသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ စုပေါင်းအင်အားကြောင့် ယခင်ကနှင့်နှိုင်းယှဉ်ပါက များစွာလျော့နည်းသွားပြီဖြစ်ပါသည်။ ထိုအောင်မြင်မှုများသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ စုပေါင်းအားထုတ်မှုကြောင့်သာ ရရှိခဲ့ခြင်းဖြစ်ပါသည်။

ယနေ့ကမ္ဘာကြီးသည် နိုင်ငံတစ်နိုင်ငံတည်းက ဖြေရှင်း၍မရသော ပြင်းထန်သည့်စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်ပါသည်။ ကုလသမဂ္ဂအနေဖြင့် ကမ္ဘာတစ်ဝန်း အများရင်ဆိုင်နေရသည့် ရာသီဥတုပြောင်းလဲမှုအပါအဝင် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သောပြဿနာများနှင့် စိန်ခေါ်မှုများအား ဖြေရှင်းရာတွင် တစ်နေ့တခြား ပိုမိုအရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ယင်းသို့ဖြေရှင်းရာတွင်လည်း နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် အတူတကွ လက်တွဲဆောင်ရွက်ရန်လိုအပ်ပါသည်။ ယင်းကဲ့သို့သောပြဿနာများအတွက် ၎င်းတို့၏စွမ်းဆောင်ရည်နှင့် အရင်းအမြစ်များအရ ဖြစ်နိုင်သည့်အတိုင်းအတာအတွင်း လက်တွေ့ကျစွာ ဖြေရှင်းဆောင်ရွက်ရေးအတွက် အဖွဲ့ဝင်နိုင်ငံတိုင်းကို ကုလသမဂ္ဂအနေဖြင့် ပံ့ပိုးပေးရန် တာဝန်ရှိပါသည်။

ယခုနှစ်ဆောင်ပုဒ်ဖြစ်သည့် **"ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အရည်အသွေးမြင့်ပညာရေး၊ ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ရေးနှင့်အားလုံးပါဝင်စေရေးတို့အတွက် နိုင်ငံစုံကြိုးပမ်းအားထုတ်မှုများကို လှုံ့ဆော်ရေး"** သည် လက်ရှိကမ္ဘာ့အခြေအနေနှင့် ကိုက်ညီလျက်ရှိပါသည်။ ကုလသမဂ္ဂ၏ ပံ့ပိုးမှုနှင့်အတူ ရေရှည်တည်တံ့သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ ပြည့်မီနိုင်ရန်နှင့် ယင်းပြဿနာများကို နိုင်နိုင်နင်းနင်း ကိုင်တွယ်ဖြေရှင်းနိုင်ရန် နိုင်ငံတကာအနေဖြင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန် ဖြစ်ပါသည်။

အချုပ်အခြာအာဏာတန်းတူညီမျှမှု၊ သမာသမတ်ကျမှု၊ ဘက်မလိုက်မှုစသည့် အခြေခံမှုများကို ကုလသမဂ္ဂပဋိညာဉ်စာတမ်းတွင် ထင်ရှားစွာပြဋ္ဌာန်းထားပါသည်။ ယင်းအချက်ကို ထိန်းသိမ်းနိုင်မှသာလျှင် ကုလသမဂ္ဂအဖွဲ့သည် နိုင်ငံကြီးငယ်မရွေး အားလုံးအတွက်ဖြစ်သည်ဟူသည့်ဂုဏ်ကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။ ကုလသမဂ္ဂသည် အဖွဲ့ဝင်နိုင်ငံအားလုံးအကျိုးအတွက်ဖြစ်သည့်အပြင် အဖွဲ့၏ဂုဏ်သိက္ခာကိုထိန်းသိမ်းနိုင်ရေးအတွက် ကုလသမဂ္ဂ၏စည်းမျဉ်းများကို တစ်ပြေးညီလိုက်နာကျင့်သုံးရန် လိုအပ်ပါသည်။ အချို့နိုင်ငံများ၏ အလိုဆန္ဒနှင့်လျော်ညီစွာ လိုက်ပါဆောင်ရွက်ခြင်းထက် လိုအပ်သည်များနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ပါသည်။ ထိုကဲ့သို့အစွန်းတရားရောက်ရှိလာခြင်းသည် နိုင်ငံတကာစံနှုန်းများအား ယုံကြည်မှုကင်းမဲ့လာခြင်းနှင့် များမကြာမီနှစ်များက အမျိုးသားရေးဝါဒနှင့် လူထုအကျိုးကို မျှော်ရည်သောဝါဒ တိုးပွားလာခြင်း၏ သက်သေတစ်ခုဖြစ်ပါသည်။ ကုလသမဂ္ဂအဖွဲ့အခွန့်ရှည်တည်တံ့ရန်အတွက် အဖွဲ့ဝင်နိုင်ငံများသည် ကုလသမဂ္ဂအသိုက်အဝန်းအောက်တွင် တူညီသောစံနှုန်းဖြင့် ရပ်တည်ကြရမည်ဖြစ်ပါသည်။ ကုလသမဂ္ဂပဋိညာဉ်စာတမ်းသည် ကျွန်ုပ်တို့အားလုံးအတွက် လမ်းပြအဖြစ် တည်ရှိနေမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂသည် ဘက်ပေါင်းစုံပါဝင်သောကိစ္စရပ်များအတွက် အဓိကအရေးပါသည်ဟု မှတ်ယူပါသည်။ သို့အတွက် ကုလသမဂ္ဂနှင့်ပူးပေါင်းဆောင်ရွက်ခြင်းသည် ကျွန်ုပ်တို့နိုင်ငံခြားရေးမူဝါဒ၏ အလေးထားသော နေရာတွင်ထားရှိပါသည်။ ပြည်တွင်းစိန်ခေါ်မှုများကြုံတွေ့နေရသော ဒီမိုကရေစီဖော်ဆောင်လျက်ရှိသည့် မြန်မာနိုင်ငံ အနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ကုလသမဂ္ဂနှင့် အတူတကွ ဆက်လက်ဆောင်ရွက်ရန် ထပ်လောင်း၍ ကတိကဝတ်ပြုပါသည်။

> “ ကုလသမဂ္ဂအဖွဲ့သည် အဖွဲ့၏အရေးပါသည့် ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် မပြည့်စုံမှုများနှင့် အတားအဆီးများရှိသော်လည်း ရရှိထားသည့် အောင်မြင်မှုများကို သိသာထင်ရှားစွာတွေ့မြင်နိုင်ပါသည်။ အလွန်အမင်းဆင်းရဲမှု၊ ငတ်မွတ်မှု၊ စစ်မက်ပဋိပက္ခများကဲ့သို့သော ပြဿနာများသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ စုပေါင်းအင်အားကြောင့် ယခင်ကနှင့် နှိုင်းယှဉ်ပါက များစွာလျော့နည်းသွားပြီဖြစ်ပါသည်။ ထိုအောင်မြင်မှုများသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ စုပေါင်းအားထုတ်မှုကြောင့်သာရရှိခဲ့ခြင်း ဖြစ်ပါသည်”

ကုလသမဂ္ဂသည် ကန့်သတ်ချက်များရှိသော်လည်း လူသားများအပေါ် ကောင်းကျိုးများစွာ ဖြစ်ထွန်းစေခြင်းနှင့် ကမ္ဘာပေါ်ရှိလူများအတွက် အကျိုးအမြတ်များဆောင်ကြဉ်းပေးပါသည်။ ယခုအခါ ကုလသမဂ္ဂစွမ်းဆောင်ရည်အပေါ် မေးခွန်းထုတ်စရာဖြစ်လာနေသော်လည်း ကုလသမဂ္ဂသည် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် ရှေ့ဆက်ဆောင်ရွက်ရန် စီမံဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ကုလသမဂ္ဂသည် လူသားအားလုံးအတွက် မျှော်လင့်အားထားစရာအဖြစ် ဆက်လက်တည်ရှိနေမည်သာဖြစ်ပါသည်။ ကျွန်ုပ်တို့လူသားများအနေဖြင့် မိမိတို့၏ပိုမိုလှပသောအနာဂတ်အတွက် ကုလသမဂ္ဂ၏လုပ်ငန်းဆောင်တာများကို အထောက်အကူပြုရန် စုစည်းညီညာစွာဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

ကုလသမဂ္ဂ၏ မင်္ဂလာရှိသော (၇၄) နှစ်မြောက် အခါသမယတွင် ကျွန်ုပ်အနေဖြင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်း၏ စည်းမျဉ်းများနှင့်ရည်ရွယ်ချက်များအား ယုံကြည်ကြောင်းနှင့် ကုလသမဂ္ဂနှင့်အခြားအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်မှုဖြင့် ငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ ကမ္ဘာသူကမ္ဘာသားအားလုံးနှင့် ကမ္ဘာမြေကြီးအတွက် အဖွဲ့ကြီး၏အပြုသဘောဆောင်သော အားထုတ်မှုများကိုလည်း ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုလိုပါသည်။

## အရှိန်အဟုန်ဖြင့် ပြောင်းလဲလျက်ရှိသော ယနေ့အချိန်တွင် ကုလသမဂ္ဂသည် လူသားတို့အမှန်အကန် ရင်ဆိုင်နေရသော ပြဿနာများအတွက် ဆက်လက်ဦးတည်အာရုံစိုက်လုပ်ကိုင်လျက်ရှိ

ကုလသမဂ္ဂနေ့အတွက် ပေးပို့သော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာ

၂၀၁၉ – ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်။

ကုလသမဂ္ဂနေ့သည် ယနေ့ဆိုလျှင် ၇၄ နှစ် တင်းတင်းတိုင်အောင် ကြံ့ကြံ့ခံရပ်တည်ခဲ့သော ကုလသမဂ္ဂပဋိညာဉ်စာတမ်း၏ စံအခြေခံမှုများကို မီးမောင်းထိုးပြနေပါသည်။

လှိုင်းထန်သောကမ္ဘာ့နိုင်ငံရေးပင်လယ်ပြင်တွင် ပဋိညာဉ်စာတမ်းမှာ ကျွန်ုပ်တို့အားလုံး၏ ကိုယ်ကျင့်တရားဆိုင်ရာ ကျောက်ဆူးတစ်ခုအဖြစ် ဆက်လက်တည်ရှိလျက်ရှိပါသည်။

အရှိန်အဟုန်ဖြင့် ပြောင်းလဲလျက်ရှိသော ယနေ့အချိန်တွင် ကုလသမဂ္ဂသည် လူသားတို့ အမှန်အကန်ရင်ဆိုင်နေရသော ပြဿနာများအတွက် ဆက်လက်ဦးတည်အာရုံစိုက်လုပ်ကိုင်လျက်ရှိပါသည်။

ကျွန်ုပ်တို့သည် မျှမျှတတ ကမ္ဘာတစ်ဝှမ်းလုပ်ငန်းများ ဆက်စပ်ဆောင်ရွက်ရေးနှင့် ရဲရင့်ပြတ်သားသော ရာသီဥတုဆိုင်ရာလုပ်ဆောင်ချက်များကို ဆောင်ရွက်လျက်ရှိပါသည်။

လူ့ရပိုင်ခွင့်များနှင့် ကျား-မတန်းတူညီမျှမှုတို့အတွက် အင်တိုက်အားတိုက်လုပ်ဆောင်နေပြီး အလုံးစုံသော အမုန်းတရားများကို ဆန့်ကျင်ငြင်းဆန်ပါသည်။

လက်နက်ကိုင်ပဋိပက္ခအတွင်း ကြားညှပ်လျက်ရှိသူ သန်းပေါင်းများစွာတို့အတွက် အသက်ကယ်ဆယ်ရေးအထောက်အပံ့များကို ပံ့ပိုးပေးနေစဉ်မှာပင် ငြိမ်းချမ်းရေးထိန်းသိမ်းရေးအတွက်လည်း အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံများအား ပိုမိုတိုးမြှင့်ပံ့ပိုးရင်းပင် ကုလသမဂ္ဂကိုယ်တိုင်သည်လည်း ယခင်ကထက် ပိုမိုဖျတ်လတ်ပြီး တာဝန်ခံမှု ပိုမိုမြင့်မားလာခဲ့ပါသည်။

လာမည့်နှစ်တွင် ကုလသမဂ္ဂအဖွဲ့ကြီး ဖွဲ့စည်းတည်ထောင်ခြင်း၏ ၇၅ နှစ်ပြည့်မြောက်ပြီဖြစ်သည်။ ယင်းသမိုင်းမှတ်တိုင်သည် ကျွန်ုပ်တို့၏အနာဂတ်ကို အတူတကွပုံဖော်ဖို့ အရေးကြီးကာလတစ်ခုဖြစ်ပေသည်။

အဆိုပါကိစ္စတွင် ပါဝင်ဆွေးနွေးဖို့ အားလုံးကိုဖိတ်ခေါ်ပါသည်။

"ကျွန်ုပ်တို့ကမ္ဘာသူကမ္ဘာသားအပေါင်းတို့" ၏ ကောင်းကျိုးချမ်းသာအတွက် အားလုံးအတူတကွ ဆတက်ထမ်းပိုးဆောင်ရွက်ကြပါစို့။

ကျေးဇူးတင်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၄၈/၂၀၁၉) ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး (၄၈/၂၀၁၉) ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဓာတ်ပုံ)**



**တက်ရောက်**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာ မြတ်ညာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးငွေးဝင်းအောင်(ခ) ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံရောက် ပညာတော်သင် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ သတင်းစဉ်

❂ ရှေ့ဖုံးမှ

မိမိအစီအစဉ်ဖြင့် လာရောက်ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

**အကျိုးရှိအောင်အသုံးချ**

တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သင်ယူရရှိသည့်ပညာရပ်များကို နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများအတွက် ပြန်လည်အသုံးချကြရန်လိုကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဖြည့်ဆည်းပေးနိုင်မည့်နေရာမှ ပါဝင်ဆောင်ရွက်ကြစေ လိုပါကြောင်း၊ တတ်မြောက်ထားသည့် ပညာရပ်များကို မိမိအတွက်၊ အများအတွက် အကျိုးရှိအောင် ပြန်လည်အသုံးချရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် နိုင်ငံတော်က ချမှတ်ထားသော ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကိုလည်း သိရှိနားလည်အောင် လေ့လာကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Nikkei သတင်းဌာန၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Mainichi သတင်းဌာန၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ သတင်းစဉ်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်နိုင်ငံရောက် ပညာတော်သင်ကျောင်းသားကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် ဇနီးတို့က ဂျပန်ဧကရာဇ် ထီးနန်းတက်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ပနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များအား Hotel New Otani ၌ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

သတင်းစဉ်

**“သတင်းမီဒီယာသမားများက မေးမြန်းသည့် မြန်မာ – ဂျပန် နှစ်နိုင်ငံအကြား ဆက်ဆံရေးကိစ္စရပ်များ၊ စီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ တိုးတက်မှုအခြေအနေနှင့် အခြားသိရှိလိုသည်များကို ပြန်လည်ဖြေကြားခဲ့”**



## ညစာစားပွဲ တက်ရောက်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်ဧကရာဇ် ထီးနန်းတက်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ပနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ ဂျပန်နိုင်ငံ ဝန်ကြီးချုပ်နှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြစဉ်။

သတင်းစဉ်

သတင်း-ရှေ့ဖုံး

# အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေး ဆိုင်ရာ ကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၃**

အမျိုးသားအဆင့်ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးဆိုင်ရာ ကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး အမျိုးသားအဆင့်ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးဆိုင်ရာ ကော်မတီ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

### ခြိမ်းခြောက်မှုများရှိနေ

အစည်းအဝေးတွင် အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့တစ်ဝန်းတွင် ပဋိဇီဝဆေးယဉ်ပါးသော၊ ပဋိဇီဝဆေးမတိုးသော ရောဂါပိုးများသည် ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အနေဖြင့် သာမက ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ လူမှုရေးနှင့် စီးပွားရေး ခြိမ်းခြောက်မှုများရှိနေသဖြင့် ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေး လုပ်ငန်းများသည် အရေးကြီးပါကြောင်း၊ ပဋိဇီဝဆေးဝါးများကို စနစ်တကျ သုံးစွဲမှုမရှိခြင်းကြောင့် ရောဂါပိုးများသည် ပဋိဇီဝဆေးယဉ်ပါးကာ ဆေးမတိုးသဖြင့် ရောဂါပျောက်ကင်းမှုမရှိခြင်း၊ အသက်သေဆုံးသည်အထိ ဖြစ်ပွားခြင်းတို့ ဖြစ်ပွားနိုင်ပါကြောင်း။

ပဋိဇီဝ ဆေးယဉ်ပါးမှုဆိုင်ရာ အကြောင်းအရာများကို ဝန်ကြီးဌာနရှိ ဆေးနှင့် ဆေးနီးနွယ် တက္ကသိုလ်များ၊ သင်တန်းကျောင်းများတွင် ထည့်သွင်းသင်ကြားခြင်းများကို ပိုမိုပြုလုပ်သွားရမည်ဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့် ပဋိဇီဝဆေးဝါးများကို ကျန်းမာရေး စောင့်ရှောက်မှုပေးသူများ၏ ညွှန်းဆိုချက်အတိုင်း စနစ်တကျသုံးစွဲသောက်သုံးရန် ကျန်းမာရေးအသိပညာပေးမှုများကို ဝန်ကြီးဌာနမှ Mobile Tablet များ အသုံးပြု၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ဒေသများမှ ဆေးဝါးများ တရားမဝင်ဝင်ရောက်မှု၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၏ ခွင့်ပြုချက်နှင့် မှတ်ပုံတင်မပါသော အရည်အသွေးအာမခံချက်မရှိသော ဆေးဝါးများအား ရောင်းဝယ်ဖောက်ကားမှုဆိုင်ရာ ပြဿနာများ အပါအဝင် ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေး လုပ်ငန်းများတွင် သက်ဆိုင်ရာဌာနများနှင့် ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်သွားရေးသည် အရေးကြီးကြောင်း။

### လိုက်နာဆောင်ရွက်

ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများ၏ အခန်းကဏ္ဍသည် အရေးကြီးပြီး သတ်မှတ်ထားသော လမ်းညွှန်၊ စံလုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနမှ ထုတ်ဝေထားသည့် ပဋိဇီဝဆေးယဉ်ပါးမှုဆိုင်ရာနှင့် ပဋိဇီဝဆေးဝါးများအား ကျိုးကြောင်းဆီလျော်စွာ အသုံးချမှုဆိုင်ရာ လမ်းညွှန်၊ စံလုပ်ထုံးလုပ်နည်းများကို ပြုပြင်မွမ်းမံခြင်းနှင့် အသစ်ရေးဆွဲခြင်းများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ပဋိဇီဝဆေးယဉ်ပါးမှုဆိုင်ရာ ဥပဒေများနှင့် နည်းဥပဒေများ ပြဋ္ဌာန်းနိုင်ရေးအတွက် သက်ဆိုင်ရာ နီးနွယ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး ဒုတိယ ညွှန်ကြားရေးမှူးချုပ်(ခေတ္တခွဲ) ပါမောက္ခ ဒေါက်တာဌေးဌေးတင်က အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းလမ်းပြမြေပုံ၊ လုပ်ငန်းစဉ်များ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ကဏ္ဍသုံးခု ပူးပေါင်း၍ ပဋိဇီဝဆေးယဉ်ပါးမှုဆိုင်ရာ စစ်တမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့်အားကစား ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး၊ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံ ဆေးဝါးပညာရှင်အသင်း၊ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာနနှင့် အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေးဆိုင်ရာ ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးအကြံပြုကြသည်။

**သတင်းစဉ်**

# မစ္စ ရာရှန် ရဲ့စ်ဘီလာသဗာအား မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန် သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် အောက်တိုဘာ ၂၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် မစ္စ ရာရှန် ရဲ့စ်ဘီလာသဗာအား ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ကာဇက်စတန် သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည်။

မစ္စ ရာရှန် ရဲ့စ်ဘီလာသဗာကို ၁၉၆၃ ခုနှစ်၊ ဧပြီလတွင် ကာဇက်စတန်နိုင်ငံ၊ တော်ဒီကော်ဂန်မြို့၌ မွေးဖွားခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် အမျိုးသားစီးပွားရေးသိပ္ပံကျောင်းကို တက်ရောက်ခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် ခရီးသွားလုပ်ငန်းနှင့် စီမံခန့်ခွဲမှုသိပ္ပံကျောင်းသို့ တက်ရောက်ခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် ကာဇက်စတန်သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်-နိုင်ငံရေးရာဆိုင်ရာဌာန၌ သံအရာရှိအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၈ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ကာဇက်စတန်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ရာထူးအဆင့်ဆင့်ဖြင့်လည်းကောင်း၊ ၂၀၀၆ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ နယူးယောက်မြို့ရှိ ကာဇက်စတန် အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတွင် သံမှူးအဖြစ်လည်းကောင်း၊ ၂၀၀၉ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ နယူးယောက်မြို့ရှိ ကာဇက်စတန်ကောင်စစ်ဝန်ချုပ်ရုံးတွင် ကောင်စစ်ဝန်ချုပ်အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၇ ခုနှစ်မှ ယနေ့အထိ ထိုင်းနိုင်ငံဆိုင်ရာ ကာဇက်စတန်နိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ မစ္စ ရာရှန် ရဲ့စ်ဘီလာသဗာသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးတစ်ဦးထွန်းကားသည်။

**သတင်းစဉ်**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

**နေပြည်တော် အောက်တိုဘာ ၂၃**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မူဆယ်မြို့တွင် ၀ ဒသမ ၄၇ လက်မ၊ မိုင်းဆတ်မြို့တွင် ၀ ဒသမ ၄၃ လက်မ၊ မိုးမိတ်မြို့တွင် ၀ ဒသမ ၃၂ လက်မနှင့် မြစ်ဆုံတွင် ၀ ဒသမ ၂၇ လက်မတို့ ဖြစ်ကြသည်။

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေတွင် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ပိုင်းဝန်းအားပေး အပိုဆောင်းကာကွယ်ဆေး

ဒေါက်တာစောဝင်း (ကလေးကျန်းမာရေး)

**မြန်မာနိုင်ငံရှိ မြို့နယ် ၉၆ မြို့နယ်တွင် အောက်တိုဘာ ၂၅ ရက်မှ ၂၉ ရက်အတွင်း ပိုလီယိုအပိုဆောင်း ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ဝက်သက်ဂျိုက်သိုး အပိုဆောင်းကာကွယ်ဆေး ထိုးနှံခြင်းတို့ကို ပြုလုပ်ပေးမည် ဖြစ်ပါသည်။ ထို့အပြင် နိုဝင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ ကျန်မြို့နယ် ၂၃၄ မြို့နယ်တွင် ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်းကို လုပ်ဆောင်ပေးမည် ဖြစ်ပါသည်။**

### အပိုဆောင်းကာကွယ်ဆေးဆိုသည်မှာ

မွေးစကလေးမှ အသက် တစ်နှစ်ခွဲအထိလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များတွင်လည်းကောင်း၊ နိုင်ငံတော်က ရောဂါ ၁၁ မျိုးအတွက် ကာကွယ်ဆေးများကို ပုံမှန်ထိုးနှံတိုက်ကျွေးပေးလျက်ရှိပါသည်။ ယင်းသို့ ထိုးနှံတိုက်ကျွေးပေးခြင်းကို ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းဟု ခေါ်ဆိုပါသည်။

ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများ ကပ်ရောဂါအသွင် ဖြစ်ပွားခြင်းကြောင့်လည်းကောင်း၊ လူထုအကြား ရောဂါခုခံအားကျဆင်းခြင်းကြောင့်လည်းကောင်း၊ အခါအားလျော်စွာ ကာကွယ်ဆေးများကို အပိုဆောင်း၍ ထိုးနှံတိုက်ကျွေးပေးရခြင်းကို အပိုဆောင်းကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်း (Supplementary Immunization Activity – SIA) ဟု ခေါ်ပါသည်။

### ပိုလီယိုအပိုဆောင်းကာကွယ်ဆေးတိုက်ကျွေးဖို့ ဘာလို့လိုအပ်သလဲ

မြန်မာနိုင်ငံတွင် ပိုလီယိုအရိုင်းပိုးကို ၂၀၀၇ ခုနှစ်တွင် နောက်ဆုံးတွေ့ရှိခဲ့ပြီးနောက် ၂၀၁၄ ခုနှစ်တွင် ပိုလီယိုကင်းစင်သောနိုင်ငံအဖြစ် ကြေညာနိုင်ခဲ့ပါသည်။ သို့ရာတွင် ကာကွယ်ဆေးအဖြစ် တိုက်ကျွေးသော ပိုလီယိုပိုးအပျော့မှ ဗီဇပြောင်းလဲမှုကြောင့် ဖြစ်ပွားသော အသွင်ပြောင်းပိုလီယိုပိုးကို ၂၀၁၅ ခုနှစ်တွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင်လည်းကောင်း၊ ယခုနှစ် ဇွန်လတွင် ကရင်ပြည်နယ် ဖာပွန်မြို့တွင်လည်းကောင်း ပြန်လည်တွေ့ရှိခဲ့ပါသည်။ ယင်းအသွင်ပြောင်းပိုးကြောင့် ကရင်ပြည်နယ် ဖာပွန်မြို့နယ်မှ ကလေး သုံးဦး အကြောသေရောဂါဖြစ်ပွားခဲ့ပါသည်။ ယင်းကလေးငယ် သုံးဦးစလုံးသည် ပိုလီယိုကာကွယ်ဆေး တစ်ကြိမ်မှ ရရှိထားခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ ယင်းပိုးပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန် အပိုဆောင်းကာကွယ်ဆေး တိုက်ကျွေးခြင်းများကို လုပ်ဆောင်ရခြင်း ဖြစ်ပါသည်။ ကရင်ပြည်နယ် ဖာပွန်မြို့နယ်နှင့် နီးစပ်သော မြို့နယ် ၁၁ မြို့နယ်တွင် ပိုလီယိုအပိုဆောင်းကာကွယ်ဆေး တိုက်ကျွေးခြင်းကို ဇူလိုင်နှင့် ဩဂုတ်လအတွင်း နှစ်ပတ်ခြား၍ သုံးကြိမ်ဆောင်ရွက်ပြီးဖြစ်ပါသည်။ ရောဂါပိုးတွေ့ရှိရသည့် ဖာပွန်မြို့နယ်တွင် မွေးစမှ ၁၅ နှစ်အထိ ကလေးများအားလုံးနှင့် ကျန် ၁၁ မြို့နယ်တွင် မွေးစမှ ငါးနှစ်အထိ ကလေးများအားလုံးကို တိုက်ကျွေးခဲ့ပါသည်။

သို့ရာတွင် အသွင်ပြောင်းပိုလီယိုပိုးသည် နိုင်ငံ၏ အခြားမြို့နယ်များတွင်လည်း ရှိနေနိုင်သဖြင့် ကာကွယ်ဆေးလွှမ်းခြုံမှု အားနည်းသည့် မြို့နယ် ၉၆ မြို့နယ်တွင်လည်း အပိုဆောင်းတိုက်ကျွေးရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် ဩဂုတ် ၂၆ ရက်မှ ၂၈ ရက်အထိ မြို့နယ် ၉၆ မြို့နယ် (ဇယား-၁) တွင် ပထမအကြိမ် တိုက်ကျွေးပြီးဖြစ်ပါသည်။ ယခုအခါ အောက်တိုဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ဒုတိယအကြိမ် အပိုဆောင်းတိုက်ကျွေးခြင်းကို ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်းနှင့်အတူ ပူးတွဲလုပ်ဆောင်မည် ဖြစ်ပါသည်။

**ဇယား(၁)ဒေသအလိုက်ပိုလီယိုကာကွယ်ဆေးအပိုဆောင်း၊ အစုလိုက်တိုက်ကျွေးခြင်း ဆောင်ရွက်မည့် မြို့နယ်(၉၆)မြို့နယ်**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ်အမည်များ | စုစုပေါင်း မြို့နယ် |
|---|---|---|---|
| (၁) | ကချင်ပြည်နယ် | ဝန်းမော်၊ ချီဖွေ၊ ဖားကန့်၊ အင်ဂျန်းယန်၊ ခေါင်လန်ဖူး၊ မိုးညှင်း၊ မိုးမောက်၊ ရွှေကူ၊ မြစ်ကြီးနား၊ နောင်မွန်း၊ ပူတာအို၊ ဆွမ်ပရာဘွမ်၊ တနိုင်း၊ ဆော့လော်၊ ပိုင်မော် | ၁၇ |
| (၂) | ကယားပြည်နယ် | ဘောလခဲ၊ ဖားဆောင်း၊ မယ်စဲ့၊ ရှားတော | ၄ |
| (၃) | ကရင်ပြည်နယ် | လှိုင်းဘွဲ့၊ ဘားအံ၊ ဖာပွန်၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ မြဝတီ၊ သံတောင် | ၇ |
| (၄) | ရှမ်းပြည်နယ် | ဖလမ်း၊ ဟားခါး၊ ထန်တလန်၊ ကန်ပက်လက်၊ မတူပီ၊ မင်းတပ်၊ ပလက်ဝ၊ တီးတိန်၊ တွန်းဇံ | ၉ |
| (၅) | စစ်ကိုင်းတိုင်းဒေသကြီး | ခန္တီး၊ ဟုမ္မလင်း၊ လဟယ်၊ လေရှီး၊ နန်းယွန်း | ၅ |
| (၆) | တနင်္သာရီတိုင်းဒေသကြီး | ကော့သောင်း | ၁ |
| (၇) | ပဲခူးတိုင်းဒေသကြီး | ကျောက်ကြီး၊ ရွှေကျင် | ၂ |
| (၈) | မန္တလေးတိုင်းဒေသကြီး | ရမည်းသင်း | ၁ |
| (၉) | မွန်ပြည်နယ် | ဘီးလင်း | ၁ |
| (၁၀) | ရခိုင်ပြည်နယ် | အန်း၊ ဘူးသီးတောင်၊ ကျောက်ဖြူ၊ ကျောက်တော်၊ မောင်တော၊ မင်းပြား၊ မြောက်ဦး၊ မြေပုံ၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ စစ်တွေ | ၁၂ |
| (၁၁) | ရှမ်းပြည်နယ် (တောင်) | ကျေးသီး၊ လဲချား၊ မိုင်းကိုင်၊ မိုင်းရှူး၊ မိုးနဲ၊ မိုင်းပန်၊ နမ့်စန် | ၇ |
| (၁၂) | ရှမ်းပြည်နယ် (အရှေ့) | ကျိုင်းတုံ၊ မက်မန်း၊ မိုင်းဆတ်၊ မိုင်းခတ်၊ မိုင်းယန်း၊ မိုင်းတုံ၊ မိုင်းယောင်း၊ တာချီလိတ် | ၈ |
| (၁၃) | ရှမ်းပြည်နယ် (မြောက်) | ဟိုပန်၊ ဆိန်နီ၊ သီပေါ၊ ကုန်းကြမ်း၊ ကွတ်ခိုင်၊ ကျောက်မဲ၊ လားရှိုး၊ လောက်ကိုင်၊ မန်ဖန်၊ မန်တုံ၊ မိုင်းမော၊ မိုင်းရယ်၊ မူဆယ်၊ နားဖန်၊ နမ့်ဖန်၊ နမ္မတူ၊ နမ့်ခမ်း၊ ပန်ဆန်း၊ ပန်ဝိုင်း | ၁၉ |
| (၁၄) | ဧရာဝတီတိုင်းဒေသကြီး | ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ ဖျာပုံ | ၃ |
| | စုစုပေါင်း | | ၉၆ |

### ဝက်သက်-ဂျိုက်သိုး ဘာကြောင့် အပိုဆောင်းထိုး

ဝက်သက်ရောဂါသည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်တတ်သည့် ဝက်သက်ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားပါသည်။ ရောဂါကာကွယ်မှု မရှိသူများတွင် အလွယ်တကူ ကူးစက်ပျံ့နှံ့နိုင်ပါသည်။ ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေးကို ယခုအခါ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ကိုးလတွင် တစ်ကြိမ်၊ တစ်နှစ်ခွဲတွင် တစ်ကြိမ် ထိုးပေး လျက်ရှိပါသည်။ ပထမတစ်ကြိမ် ကိုးလတွင် တစ်ကြိမ် ထိုးခြင်းသည် ရာနှုန်းပြည့် အောင်မြင်မှုမရှိပါ။ ၈၅ ရာခိုင်နှုန်းတွင်သာ ဆေးအောင်ပါသည်။ ဒုတိယအကြိမ် တစ်နှစ်ခွဲတွင် ထပ်မံထိုးနှံလျှင်မူ ရာနှုန်းပြည့်နီးပါး ဆေးအောင်ပါသည်။ သို့ရာတွင် မြန်မာနိုင်ငံတွင် ကလေးငယ်များ၏ ၉၀ ရာခိုင်နှုန်းခန့်သာ ပထမအကြိမ်ထိုးနှံပြီး ၈၀ ရာခိုင်နှုန်းခန့်သာ ဒုတိယအကြိမ် ထိုးဖြစ်ကြပါသည်။ ထို့ကြောင့်ပင် သုံးနှစ် လေးနှစ်လျှင် တစ်ကြိမ် ကာကွယ်ဆေးမရရှိသည့် ကလေးများ စုပုံလာပြီး ဝက်သက်ကပ်ရောဂါအသွင် ဖြစ်ပွားလေ့ရှိပါသည်။ ထို့ကြောင့်ပင် ၂၀၁၈ နှောင်းပိုင်း ၂၀၁၉ ခုနှစ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၌ ကပ်ရောဂါအသွင်ဖြစ်ပွားခဲ့ပါသည်။ ဖြစ်ပွားမှုများသည့် ရန်ကုန်တိုင်းဒေသကြီး၊ မြို့နယ် ရှစ်မြို့နယ်တွင် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ၌ အပိုဆောင်းကာကွယ်ဆေးထိုးနှံခြင်း ပြုလုပ်ခဲ့ပါသည်။ ထို့ကြောင့် ကပ်ရောဂါအသွင် ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံပါဝင်သည့် အရှေ့တောင်အာရှဒေသကြီးတွင် ၂၀၂၃ ခုနှစ်၌ ဝက်သက်ရောဂါ လုံးဝပပျောက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် နိုင်ငံတိုင်း နိုင်ငံတိုင်းမှ ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေး အစုလိုက်အပိုဆောင်းကာကွယ်ဆေးထိုးနှံခြင်းကို လုပ်ဆောင်လျက်ရှိပါသည်။ ထိုရည်မှန်းချက်ကို ပြည့်မီရန်အတွက်လည်းကောင်း၊ မိမိတို့ကလေးငယ်များ၏ အသက်အန္တရာယ်ပြုနိုင်သည့် ဝက်သက်ရောဂါဖြစ်ပွားခြင်းကို ကာကွယ်ရန်အတွက်လည်းကောင်း ယခုကဲ့သို့ အစုလိုက် အပိုဆောင်း ကာကွယ်ဆေးထိုးနှံရခြင်း ဖြစ်ပါသည်။

ဂျိုက်သိုးရောဂါသည်လည်း ဗိုင်းရပ်စ်ပိုးကြောင့် ကူးစက်ပြန့်ပွားသည့် ရောဂါတစ်မျိုးဖြစ်ပါသည်။ ရောဂါလက္ခဏာမပြင်းထန်လှပါ။ သို့ရာတွင် ကိုယ်ဝန်ပထမသုံးလအတွင်း မိခင်တွင် ဖြစ်ပွားပါက မွေးဖွားလာသည့်ကလေးငယ်တွင် မွေးရာပါ ရောဂါမျိုးစုံတို့ ဖြစ်ပွားတတ်ပါသည်။ နှလုံး၊ ဦးနှောက်၊ ကျောက်ကပ်၊ အထွေထွေဖွံ့ဖြိုးမှု၊ မျက်စိ၊ နားစသည်တို့ကို ထိခိုက်၍အသက်အန္တရာယ်ပေးနိုင်သည်။ မွေးရာပါ ဂျိုက်သိုးရောဂါလက္ခဏာစု (Congenital Rubella Syndrome) ကို ဖြစ်စေပါသည်။ ကလေးငယ်ဘဝတွင် ဂျိုက်သိုးရောဂါကာကွယ်ဆေး ထိုးထားခြင်းဖြင့် ဤရောဂါဆိုးကို ကာကွယ်နိုင်ပါသည်။ ဝက်သက်ရောဂါ ပပျောက်ရေးနှင့်အတူ ၂၀၂၃ ခုနှစ်တွင် မွေးရာပါဂျိုက်သိုးရောဂါ ကင်းစင်ပပျောက်ရေးရရှိရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါသည်။

ဝက်သက်နှင့် ဂျိုက်သိုးရောဂါ နှစ်ခုလုံးကို ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်ပါသည်။

### နေ့ရက်၊ အချိန်၊ နေရာ

ပိုလီယိုအပိုဆောင်း ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်း ပြုလုပ်သည့် အစီအစဉ်ကို ဇယား-၂ နှင့် ၃ တွင်ဖော်ပြထားပါသည်။ *စာမျက်နှာ ၈ သို့*

**မြို့နယ်(၉၆)မြို့နယ်တွင် ပိုလီယိုကာကွယ်ဆေးနှင့်**
**နိုင်ငံတစ်ဝန်းလုံးတွင် ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေး**
**အပိုဆောင်းတိုက်ကျွေးထိုးနှံခြင်းလုပ်ငန်း**
**(ဩဂုတ်လ၊ အောက်တိုဘာလ-နိုဝင်ဘာလ၊ ၂၀၁၉)**

**ဇယား-၂**
**လုပ်ငန်းဆောင်ရွက်မည့် အချိန်ကာလ**

| စဉ် | နေ့ရက် | နေရာ | ရည်မှန်းကလေး | တိုက်ကျွေး / ထိုးနှံမည့် ကာကွယ်ဆေး |
|---|---|---|---|---|
| ၁ | (၂၆-၈-၂၀၁၉) ရက်နေ့မှ (၂၈-၈-၂၀၁၉) ရက်နေ့ | (၉၆)မြို့နယ် | (၈.၂)သန်းခန့် | ပိုလီယို ကာကွယ်ဆေး |
| ၂ | (၂၅-၁၀-၂၀၁၉) ရက်နေ့မှ (၂၉-၁၀-၂၀၁၉) ရက်နေ့ | (၉၆)မြို့နယ် | (၈.၂)သန်းခန့် | ပိုလီယို ကာကွယ်ဆေးနှင့် ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေး |
| ၃ | (၂၆-၁၁-၂၀၁၉) ရက်နေ့မှ (၂၈-၁၁-၂၀၁၉) ရက်နေ့ | (၂၃၄)မြို့နယ် | | ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေး |

**ဇယား-၃**
**လုပ်ငန်းဆောင်ရွက်မည့် ဦးတည်အသက်အုပ်စု**

**ပိုလီယိုကာကွယ်ဆေး**
မွေးကင်းစမှ အသက်(၅)နှစ်အောက်ကလေးများ
ပထမအကြိမ်အတွက် (၂၅-၈-၂၀၁၄)ရက်နေ့မှ (၂၅-၈-၂၀၁၉)ရက်နေ့အထိ
မွေးဖွားသောကလေးများဖြစ်ပြီး
ဒုတိယအကြိမ်အတွက် (၂၅-၁၀-၂၀၁၉)ရက်နေ့အထိ
ထပ်မံမွေးဖွားသောကလေးများကို ထပ်မံထည့်သွင်းရပါမည်။

**ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေး**
ပြည့်ပြီးအသက် (၉)လမှ (၅)နှစ် (၆)လ မကျော်သူများ
(၂၅-၄-၂၀၁၄)မှ (၂၅-၁-၂၀၁၉)အတွင်း မွေးဖွားသူများဖြစ်ပါသည်။

**- ယခင်က ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးဖူးသည်ဖြစ်စေ၊ ဝက်သက်-ဂျိုက်သိုး ထိုးနှံဖူးသည်ဖြစ်စေ ထပ်မံတိုက်ကျွေးထိုးနှံပေးရန် လိုအပ်ပါသည်။ အန္တရာယ်မရှိပါ။ ကာကွယ်မှုကို ပိုမိုကောင်းမွန်စေမည် ဖြစ်ပါသည်။**

**- ပိုလီယိုကာကွယ်ဆေးအတွက် ကလေးတစ်ဦးလျှင် နှစ်ဒေါ်လာခန့်နှင့် ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေးထိုးနှံခြင်းအတွက် ကလေးတစ်ဦးလျှင် ၁ ဒသမ ၄ ဒေါ်လာခန့် ကုန်ကျပါသည်။ နိုင်ငံတော်နှင့် နိုင်ငံတကာအဖွဲ့အစည်းတို့မှ ထောက်ပံ့ငွေဖြင့် အခမဲ့ထိုးပေးမည် ဖြစ်ပါသည်။**

# အင်ဒိုနီးရှားနိုင်ငံ၏ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အင်ဒိုနီးရှား-မြန်မာ သံတမန်ဆက်သွယ်မှု နှစ်(၇၀)ပြည့် အထိမ်းအမှတ်ညှော့ခံပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၃**

အင်ဒိုနီးရှားနိုင်ငံ၏ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အင်ဒိုနီးရှား-မြန်မာ သံတမန်ဆက်သွယ်မှု နှစ်(၇၀)ပြည့် အထိမ်းအမှတ်ညှော့ခံပွဲအခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ Pan Pacific Hotel ၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ဇနီးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သီချင်းနှင့် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီး ဒေါက်တာ အီဖာ ဖာဒရီနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ သံအမတ်ကြီးတို့က တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(ယာပုံ)**




ထို့နောက် ညှော့ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညှော့ခံသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီ တာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

*❊ ကျောဖုံးမှ*

ထို့နောက် အမြဲတမ်းကိုယ်စားလှယ်က မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုဖြစ်စဉ်၊ လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်မှုများ စသည့် တိုးတက်မှုများအား အစည်းအဝေးသို့ ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေးအဖွဲ့ ဥက္ကဋ္ဌ မစ္စတာ ဒါရုစမန်၏ ပြောကြားချက်များနှင့်ပတ်သက်ပြီး တုံ့ပြန်ဆွေးနွေးရာတွင် မြန်မာနိုင်ငံအနေဖြင့် ယင်းအချက်အလက်ရှာဖွေရေးအဖွဲ့၏ ဆောင်ရွက်ချက်များနှင့် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာများကို ပြင်းထန်စွာကန့်ကွက်ကြောင်း၊ ထို့အတူ အချက်အလက်ရှာဖွေရေးအဖွဲ့ သက်တမ်းကုန်ဆုံးသည့်နောက် ဆက်လက်တာဝန်ယူဆောင်ရွက်မည့် လွတ်လပ်သည့် စုံစမ်းစစ်ဆေးရေးယန္တရားဆိုသည့် Independent Investigative Mechanism (IIM) ကိုလည်း လက်မခံကန့်ကွက်ကြောင်းကို ထပ်မံပြောကြားလိုကြောင်း၊ လွတ်လပ်သည့် စုံစမ်းစစ်ဆေးရေးယန္တရားဆိုသည်မှာ ခွဲခြားဆက်ဆံမှုအလေ့ကို အခြေခံလျက် နိုင်ငံတစ်နိုင်ငံအား စိစစ်စုံစမ်းမှုပြုလုပ်ရန်အတွက် ကုလသမဂ္ဂအထွေထွေညီလာခံနှင့် လူ့အခွင့်အရေးကောင်စီတို့၏ လုပ်ထုံးလုပ်နည်းများမှ သွေဖည်ပြီး လုပ်ရိုးလုပ်စဉ်မဟုတ်ဘဲ ဖွဲ့စည်းထားသည့် အဖွဲ့တစ်ခုသာဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ထို့ပြင် အမြဲတမ်းကိုယ်စားလှယ်က အချက်အလက်ရှာဖွေရေးအဖွဲ့၏ အစီရင်ခံစာများသည် ဇာတ်ကြောင်းပြန်ဆိုပြောကြားမှုများအပေါ် အခြေခံထားကြောင်း၊ အထောက်အထားမဲ့ ရေးသားထားပြီး မြန်မာ့လုံခြုံရေးတပ်ဖွဲ့များကို ရာဇဝတ်မှုကျူးလွန်သူများအဖြစ် ပုံဖော်ထားသော်လည်း ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလနှင့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လများတွင် ဖြစ်ပေါ်ခဲ့သည့် ARSA မှ လုံခြုံရေးကင်းစခန်းများအား ဝင်ရောက်တိုက်ခိုက်မှုများနှင့် ယင်းတို့၏ အကျိုးဆက်များအဖြစ် ယခုကြုံတွေ့နေရသည့် လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေများဖြစ်ပေါ်လာရခြင်းကို ထည့်သွင်းပြောကြားခြင်းမရှိဘဲ ရည်ရွယ်ချက်ရှိရှိ လျစ်လျူရှုထားခဲ့ကြောင်း၊ သက်သေအထောက်အထား အထင်အရှားရှိသည့် ရခိုင်ပြည်နယ်အတွင်း ဟိန္ဒူများအပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အပြစ်မဲ့ ရခိုင်တိုင်းရင်းသားများ သတ်ဖြတ်ခြင်းခံရမှုများကို တစ်ကြိမ်တစ်ခါမျှပင် ရှုတ်ချပြောဆိုမှုမျိုးမရှိခဲ့ကြောင်းဖြင့် ပြောကြားခဲ့သည်။

> **"သက်သေအထောက်အထား အထင်အရှားရှိသည့် ရခိုင်ပြည်နယ်အတွင်း ဟိန္ဒူများအပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အပြစ်မဲ့ ရခိုင်တိုင်းရင်းသားများ သတ်ဖြတ်ခြင်းခံရမှုများကို တစ်ကြိမ်တစ်ခါမျှပင် ရှုတ်ချပြောဆိုမှုမျိုးမရှိခဲ့"**

ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့ခ်ဘဇားဘက်ခြမ်းရှိ ဒုက္ခသည်စခန်းများအတွင်း လုံခြုံရေးအခြေအနေများနှင့် ပတ်သက်ပြီး ARSA အနေဖြင့် စခန်းများအတွင်း ခြိမ်းခြောက်မှုများ ပြုလုပ်နေမှုများကို အမြန်ဆုံးအရေးယူဆောင်ရွက်သွားရန် အရေးကြီးကြောင်းကိုလည်း ထောက်ပြပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ မူဝါဒများအား အလေးအနက်ထားလျက် နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ သို့ရာတွင် ရခိုင်ဒေသအရေးကိစ္စနှင့် ပတ်သက်ပြီး နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် တစ်ဖက်သတ်ဆောင်ရွက်နေသည်ဟု ပြည်သူများအကြား ခံစားမှုများ ပိုမိုကြီးထွားလာနေကြောင်း၊ သို့သော်လည်း ယခု ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများအား တန်ပြန်ရင်ဆိုင်ရာတွင် မိမိတို့နှင့်အတူ ရပ်တည်ပေးနေသည့် ရပ်နီးရပ်ဝေးရှိ မိတ်ဆွေကောင်းများအား ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ရင်ဆိုင်နေရသည့် အခက်အခဲများကို မြန်မာနိုင်ငံအနေဖြင့် ပြည်သူများ၏ အင်အားနှင့် ညီညွတ်မှုကို အခြေခံပြီး ဖြေရှင်းကျော်လွှားသွားရန် သန္နိဋ္ဌာန်ချထားပြီးဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

**သတင်းစဉ်**

# ပထမအကြိမ် ကျောက်စိမ်းအရိုင်း၊ အချောထည်နှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲ မန္တလေးမြို့တွင် ကျင်းပ

မန္တလေး အောက်တိုဘာ ၂၃

**ပထမအကြိမ် ကျောက်စိမ်းအရိုင်း၊ အချောထည်နှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သီပွံ့လမ်းရှိ Mandalay Convention Centre(MCC) တွင် ကျင်းပသည်။**



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ ပထမအကြိမ် ကျောက်စိမ်းအရိုင်း၊ အချောထည်နှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ ဓာတ်ပုံ-အောင်ဖြိုးကျော်

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာရဲလွင်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ တိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ညွှန့်သိန်း၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်(နေပြည်တော်) ဒုတိယဥက္ကဋ္ဌ ဦးလှစိုးဦး၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မန္တလေး) ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် ကျောက်မျက်ပြပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇောအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က မြန်မာနိုင်ငံတွင် သယံဇာတတွင်းထွက်ကျောက်မျက်ရတနာများ ပေါကြွယ်ဝစွာထွက်ရှိသော်လည်း တူးဖော်ထုတ်ယူသုံးစွဲရာတွင် တာဝန်သိရန်လိုအပ်ကြောင်း၊ အနာဂတ်မျိုးဆက်သစ်များအတွက် စီမံခန့်ခွဲနိုင်ရန် ချန်ထားနိုင်ရေးအတွက် တူးဖော်လိုသူတိုင်းအတွက် တူးဖော်ခွင့်ပေး၍ မရပါကြောင်း၊ ကျောက်မျက်ရတနာလုပ်ကွက်များအား စနစ်တကျ ချထားပေးသော်လည်း သတ်မှတ်ချက်ထက် ပိုမိုတိုးချဲ့၍ တူးဖော်နေမှုများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုဒဏ်ကို ဒေသခံဆင်းရဲသားပြည်သူများ ခံစားနေရကြောင်း၊ မန္တလေးဒေသတွင် ကျောက်စိမ်းမထွက်သော်လည်း ကျောက်စိမ်းဈေးကွက်မှာ မန္တလေးမြို့တွင် အခြေပြုသည့်အတွက် ယခုလိုကျောက်စိမ်းရောင်းချသည့်ပွဲမျိုးကို မန္တလေးတွင် နှစ်စဉ် ရာသီအလိုက် ကျင်းပသည့် ပွဲတော်များကဲ့သို့ ကျင်းပနိုင်စေရန်နှင့် ယခုအစပျိုးကျင်းပသည့် မြန်မာကျပ်ငွေဖြင့်ရောင်းချသည့် ကျောက်စိမ်းပွဲတော်မှ အခွင့်အခါသင့်သည့် အချိန်တိုင်း အခြားငွေကြေးများဖြင့်လည်း ရောင်းချနိုင်သည့်ပွဲတော်များအဖြစ် ဆက်လက်ကျင်းပနိုင်ရန် ကြိုးစားဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

*စာမျက်နှာ ၁၀ သို့*

# ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် စာရင်းစစ်ချုပ်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၃**

ပြည်ထောင်စု စာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် စာရင်းစစ်ချုပ်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၁၉)ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စုဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက အစိုးရစာရင်းကိုင်နှင့်ပတ်သက်၍ လက်ရှိ ငွေသားအခြေခံမှစေ့ရောက်မှု အခြေခံသို့ ပြောင်းလဲဆောင်ရွက်ရန်ရှိပါကြောင်း၊ ကမ္ဘာ့ဘဏ်ရှိ ပညာရှင်များနှင့် ဆွေးနွေးရာ၌ လက်ရှိ ငွေသားအခြေခံစနစ်တွင်လည်း လိုအပ်ချက်များရှိနေသည်ကို ဆွေးနွေးခဲ့ကြပါကြောင်း၊ ယင်းလိုအပ်ချက်များမှာ ပတ်သက်မှုရှိ ပုဂ္ဂိုလ်များဆိုင်ရာ ဖွင့်လှစ်ထုတ်ပြခြင်းမပါရှိခြင်း၊ အခြားရှင်းတမ်းဆိုင်ရာ လိုအပ်သည့် ဖော်ပြချက်များမပါရှိခြင်း၊ ငွေသားရရှိမှုနှင့် ပေးချေမှုအတွက် ဝန်ဆောင်မှုနှင့် ပစ္စည်းရရှိပေးချေမှုများကို ဖော်ပြထားခြင်း၊ လက်ဝယ်ရှိငွေသားဖော်ပြရာ၌ ငွေသားနှင့် အလားတူသည်များ ဖော်ပြထားမှုမရှိခြင်းနှင့် လက်ဝယ်ရှိ နိုင်ငံခြားငွေများကို ရှင်းတမ်းပြုစုသည့်နေ့ရှိလဲလှယ်နှုန်းဖြင့် ဖော်ပြထားမှု မရှိခြင်းတို့ဖြစ်ပါကြောင်း။

ထို့ကြောင့် ငွေသားအခြေခံမှ စေ့ရောက်မှုအခြေခံသို့ ပြောင်းလဲလုပ်မှု ခရီးရှည်တွင် စိန်ခေါ်မှုအများအပြားရှိပြီး မိမိတို့ဌာနရှိ ဝန်ထမ်းများအနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ စာရင်းစစ်ချုပ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စာရင်းစစ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် စာရင်းစစ်ချုပ်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၄ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စာရင်းစစ်လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ လိုက်နာရန်အချက်များရှင်းလင်း

**နေပြည်တော် အောက်တိုဘာ ၂၃**

ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် အခွန်ထမ်းဆောင်နေကြသော အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချလျက်ရှိသည့် ဟိုတယ်၊ တည်းခိုခန်း၊ စားသောက်ဆိုင်၊ ရွှေဆိုင်၊ ဟန်းဆက်နှင့် ဆက်စပ်ပစ္စည်းရောင်းချသော လုပ်ငန်းရှင်များအား ဖိတ်ကြားပြီး ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သူရဦးထင်ကျော်မိုးက ၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ လိုက်နာဆောင်ရွက်ရန်အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ (ယာပုံ)



ယင်းနောက် အခမ်းအနားသို့တက်ရောက်လာကြသော လုပ်ငန်းရှင်များက သိရှိလိုသည့်အချက်များအားမေးမြန်းခဲ့ရာ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သူရဦးထင်ကျော်မိုးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

### ဘယ်အသက်အရွယ်တွေလဲ

ပိုလီယိုအပိုဆောင်းတိုက်ကျွေးခြင်းကို မွေးစမှ ငါးနှစ်အရွယ်အထိ ကလေးများကိုလည်းကောင်း၊ ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်းကို ကိုးလမှ ငါးနှစ်ခွဲအထိ ကလေးငယ်များကိုလည်းကောင်း ပြုလုပ်ပေးမည်ဖြစ်ပါသည်။

### တိုက်ပြီး၊ ထိုးပြီးရင်ရော ထပ်မံလိုသေးသလား

ယခင်က ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးဖူးသည်ဖြစ်စေ၊ ဝက်သက်-ဂျိုက်သိုး ထိုးနှံဖူးသည်ဖြစ်စေ ထပ်မံတိုက်ကျွေး ထိုးနှံပေးရန် လိုအပ်ပါသည်။ အန္တရာယ်မရှိပါ။ ကာကွယ်မှုကို ပိုမိုကောင်းမွန်စေမည် ဖြစ်ပါသည်။

### အန္တရာယ်ရှိပါသလား

ယခုထိုးပေး၊ တိုက်ကျွေးပေးမည့် ကာကွယ်ဆေးများသည် အန္တရာယ်ကင်းရှင်းထိရောက်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ အသိအမှတ်ပြုထားသော ဆေးများဖြစ်ပါသည်။ ထိုးနှံတိုက်ကျွေးပေးမည့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ဆေးမထိုးမီ ကလေး၏ကျန်းမာရေးကိုလည်း မေးမြန်းစစ်ဆေးမှု ပြုမည်ဖြစ်ပါသည်။ ဆေးထိုးပြီးနောက် နာရီဝက်စောင့်ဆိုင်းစေပြီး ကုသမှုလိုအပ်ပါက လိုအပ်သော ကုသမှုပေးမည်ဖြစ်ပါသည်။ ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေးနှင့် အော်တစ်ဇင်ရောဂါ ဆက်စပ်မှု မရှိပါ။

### ကုန်ကျစရိတ် ဘယ်လောက်ရှိမှာလဲ

ပိုလီယိုကာကွယ်ဆေးအတွက် ကလေးတစ်ဦးလျှင် နှစ်ဒေါ်လာခန့်နှင့် ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေးထိုးနှံခြင်းအတွက် ကလေးတစ်ဦးလျှင် ၁ ဒသမ ၄ ဒေါ်လာခန့် ကုန်ကျပါသည်။ နိုင်ငံတော်နှင့် နိုင်ငံတကာအဖွဲ့အစည်းတို့မှ ထောက်ပံ့ငွေဖြင့် အခမဲ့ထိုးပေးမည်ဖြစ်ပါသည်။ ပြင်ပဆေးရုံများတွင် ဝက်သက်-ဂျိုက်သိုး-ပါးချိတ်ရောင် သုံးမျိုးစပ်ပါ ကာကွယ်ဆေးထိုးနှံလျှင် ငွေကျပ် ၃၀၀၀၀ ခန့် ကုန်ကျနိုင်ပါသည်။ ပိုလီယိုကာကွယ်ဆေး (ထိုးဆေး) ပါဝင်သည့် ငါးမျိုးစပ်၊ ခြောက်မျိုးစပ် ကာကွယ်ဆေးများကို ပြင်ပပုဂ္ဂလိကဆေးရုံဆေးခန်းများတွင် ထိုးနှံပါက ကုန်ကျစရိတ် ငွေကျပ် ၄၀၀၀၀ မှ ၆၀၀၀၀ အထိ ရှိနိုင်ပါသည်။

### ဘယ်မှာထိုးပေးတိုက်ပေးမှာလဲ

သတ်မှတ်ရက်များတွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ အခြေစိုက်နှင့် ကွင်းဆင်းစုရပ်များတွင် ကျန်းမာရေးဝန်ထမ်းများက တိုက်ကျွေးထိုးနှံပေးသွားမည် ဖြစ်ပါသည်။ သက်ဆိုင်ရာ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရန် လိုအပ်မည့် အသက်အရွယ်ရှိသည့် ကလေးများ၏ မိဘများထံသို့ ကာကွယ်ဆေး လာရောက်ထိုးနှံရန်၊ တိုက်ကျွေးရန် ဖိတ်ကြားစာများ ပေးပို့မည်ဖြစ်ပါသည်။ သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှလည်း ကြိုတင်သတင်းဖြန့်ဝေမည် ဖြစ်ပါသည်။ လူမှုရေးအဖွဲ့အစည်းများမှလည်း ဝိုင်းဝန်းကူညီ လှုံ့ဆော်ပေးမည် ဖြစ်ပါသည်။

### ဘယ်သူတွေမှာ တာဝန်ရှိသလဲ

မိဘများအနေဖြင့် အကျိုးကျေးဇူးများလှသည့် ကာကွယ်ဆေးများကို မိမိတို့ရင်သွေးငယ်များ အချိန်မီ အကြိမ်ပြည့် ရရှိအောင် လာရောက်ထိုးနှံ တိုက်ကျွေးပေးကြရန် တာဝန်ရှိပါသည်။ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကာကွယ်ဆေးများကို စနစ်တကျ တိုက်ကျွေးထိုးနှံပေးရန်၊ ပညာပေးရန် တာဝန်ရှိပါသည်။ သတင်းမီဒီယာများအနေဖြင့် ပြည်သူလူထုကို မှန်ကန်သော အသိပညာများပေးရန်၊ အကျိုးများလှသည့် ကာကွယ်ဆေးတိုက်ကျွေးထိုးနှံခြင်းနှင့်ပတ်သက်သည့် မှန်ကန်သောသတင်းအချက်အလက်များ ဖြန့်ဝေပေးရန် တာဝန်ရှိပါသည်။

### အချုပ်အားဖြင့်ဆိုရလျှင်

တစ်နိုင်ငံလုံး ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းလုပ်ငန်းများ၊ ၉၆ မြို့နယ်တွင် ပိုလီယိုအပိုဆောင်း ကာကွယ်ဆေး တိုက်ကျွေးခြင်းလုပ်ငန်းများသည် နိုင်ငံတော်နှင့် ကမ္ဘာ့လိုအပ်ချက်အရ ငွေအား၊ လူအား၊ အကြံဉာဏ်အားများစွာ စိုက်ထုတ်လုပ်ကိုင်ရမည့် လုပ်ငန်းကြီးများ ဖြစ်ပါသည်။ ဤလုပ်ငန်းကြီးများ အောင်မြင်ရေးအတွက် ပြည်သူပြည်သားအားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၁၉၉ / ၂၀၁၉ )
၁၃၈၁ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
( ၂၀၁၉ ခုနှစ် ၊ အောက်တိုဘာလ ၂၃ ရက် )

**ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ကမ္ဘောဇတာဝါ၊ အမှတ်(၁၀/ဘီ)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party)** ကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party) ၏ မှတ်ပုံတင်အမှတ်သည် (၁၂၂) ဖြစ်ပါသည်။

( လှသိန်း )
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ မနောဟရလမ်း၊ ပထမထပ်၊ အမှတ် (၈) တွင် ပါတီရုံးချုပ်တည်ရှိသော **ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (United Nationalities Democracy Party)** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၆-၁၀-၂၀၁၉ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (United Nationalities Democracy Party)၏ အလံပုံစံ**



**ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (United Nationalities Democracy Party)၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပညာရေးဝန်ကြီးဌာန ၂၀၁၉-၂၀၂၀ ပညာသင်နှစ် နေ့သင်တန်းများ စတင်ဖွင့်လှစ်မည်

**နေပြည်တော် အောက်တိုဘာ ၂၃**

ပညာရေးဝန်ကြီးဌာနရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ စီးပွားရေးတက္ကသိုလ်များ၊ ပညာရေးတက္ကသိုလ်များ၊ နိုင်ငံခြားဘာသာတက္ကသိုလ်များနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီး၏ အထူးပြုဘာသာရပ်များအတွက် ပထမနှစ် နေ့သင်တန်းများကို ဒီဇင်ဘာ ၂ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ၏ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ပထမနှစ် နေ့သင်တန်း ဝင်ခွင့်ရသူများစာရင်းကို အောက်တိုဘာ ၂၅ ရက်မှစပြီး သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီးတွင် ကြေညာထားမည်ဖြစ်ကြောင်းနှင့် ပညာရေးဝန်ကြီးဌာန website http://www.moe.gov.mm ၊ http://www.dhe.gov.mm တွင်လည်း ကြေညာထားမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယနှစ်နှင့်အထက် သင်တန်းများအားလုံးကိုလည်း ဒီဇင်ဘာ ၂ ရက်မှစ၍ ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေး စံပြစီမံကိန်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၂၃**

နေပြည်တော် ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရက ယင်မင်ဘီယွမ် ၃၃ ဒသမ ၃၃သန်း ထောက်ပံ့ခဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေး စံပြစီမံကိန်းလုပ်ငန်းများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်သည် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁၉ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တရုတ်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှုစင်တာ (IPRCC) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အဆိုပါစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ၂၀၁၆ ခုနှစ်တွင် နှစ်နိုင်ငံတာဝန်ရှိသူများ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ပြီး ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် နှစ်နိုင်ငံသဘောတူညီချက်စာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

အဆိုပါစီမံကိန်းအနေဖြင့် ကျေးရွာသူ ကျေးရွာသားများ၏ အသေးစား အခြေခံအဆောက်အအုံနှင့် ပြည်သူ့ဝန်ဆောင်မှုများ ရယူသုံးစွဲနိုင်ခွင့် မြင့်မားလာစေရန်၊ ဒေသနှင့်ကိုက်ညီသော စိုက်ပျိုးမွေးမြူရေးနည်းပညာများ အသုံးပြု၍ ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊ ပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အသိပညာများ မြင့်မားလာပြီး လက်တွေ့အသုံးချဆောင်ရွက်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဒေသခံများ၊ အသင်းအဖွဲ့များ၊ ကျေးရွာအဖွဲ့အစည်းများ၏ ကိုယ်တိုင်စီမံအုပ်ချုပ်မှုစွမ်းရည်နှင့် အစိုးရဝန်ထမ်းများ၏ စွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရန်၊ လေ့လာရေးများ၊ နှီးနှောဖလှယ်ပွဲများမှတစ်ဆင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ အတွေ့အကြုံများ မျှဝေဖလှယ်နိုင်ရေးလုပ်ငန်းများလည်း ပါဝင်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သိမ့်သိမ့်မိုး**

# ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၏ ဒုတိယမြောက် ဖန်ပြွန်သန္ဓေသား အောင်မြင်စွာမွေးဖွား

**ရန်ကုန် အောက်တိုဘာ ၂၃**

ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၌ ငါးပေါင် နှစ်အောင်စရှိ ဒုတိယမြောက် ဖန်ပြွန်သန္ဓေသား မိန်းကလေးတစ်ဦးကို ပါမောက္ခ ဒေါက်တာ ဒေါ်ခင်လတ် ဦးဆောင်သော ခွဲစိတ်ဆရာဝန်ကြီးများက ယနေ့ နံနက် ၈ နာရီ ၃၆ မိနစ်တွင် အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးခဲ့ကြောင်း သိရသည်။

ဗဟိုအမျိုးသမီးဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ခင်ပြုံးကြည်က "ဖန်ပြွန်သန္ဓေသားဆိုတာ သားသမီးရဖို့ခက်ခဲတဲ့ ဇနီးမောင်နှံတွေမှာ ဖန်ပြွန်သန္ဓေသားနည်းနဲ့ သန္ဓေတည်အောင် ဆောင်ရွက်ပေးတာဖြစ်တယ်။ ဗဟိုအမျိုးသမီးဆေးရုံကြီးမှာ Fertility Centre ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှာ စတင်ဖွင့်လှစ်ခဲ့ပြီး ပထမဆုံး ဖန်ပြွန်သန္ဓေသားကို ၂၀၁၈ ခုနှစ် ဇွန်လမှာ မွေးဖွားပေးနိုင်ခဲ့ပါတယ်။ ဖန်ပြွန်သန္ဓေသားပြုလုပ်တဲ့ အဆင့်က အများကြီးရှိပါတယ်။ ဖန်ပြွန်သန္ဓေသားနည်းနဲ့ဆိုရင် သားသမီးရဖို့ တော်တော်လေး ခက်ခဲပါတယ်။ ဖန်ပြွန်သန္ဓေသား အောင်ဖို့ဆိုရင် ကျွန်မတို့ရဲ့ သားဖွား/မီးယပ် အထူးကု ဆရာဝန်ကြီးတွေရဲ့ တတ်ကျွမ်းတဲ့ နည်းပညာတင်မကဘူး၊ တခြား ကမ္ဘာ့အဆင့်မီ ဆေးဝါးတွေကို သုံးစွဲရပါတယ်။ ဒါပေမယ့် ဖန်ပြွန်သန္ဓေသားတွေအတွက် အထူးလိုအပ်တဲ့ ကိရိယာတွေ၊ ဓာတ်ခွဲခန်းတွေ တိုးတက်အောင်လုပ်ဖို့ အဆင့်အများကြီး လိုပါသေးတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကလည်း Fertility Centre ကို လိုအပ်တဲ့ စက်ပစ္စည်းကိရိယာတွေကို အတတ်နိုင်ဆုံး ပံ့ပိုးပေးပါတယ်။ ဒီထက် နည်းပညာရော၊ လိုအပ်တဲ့ စက်ပစ္စည်းတွေ ရရှိမယ်ဆိုရင် သားသမီးရနိုင်ဖို့ ခက်ခဲတဲ့ ဇနီးမောင်နှံတွေကို အခုထက် ကူညီပေးနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောသည်။

ဖန်ပြွန်သန္ဓေသား၏ ဖခင်ဖြစ်သူ ဦးမောင်မောင်သန့်က "ကျွန်တော်တို့က အင်းစိန်ကပါ။ အိမ်ထောင်ကျပြီး ကိုးနှစ်ခွဲကြာမှ ကလေးရတာပါ။ ကလေးရဖို့ အပြင်ဆေးရုံ၊ ဆေးခန်းတွေမှာ ကြိုးစားကြည့်ပါတယ်။ အဆင်မပြေတော့ ဗဟိုအမျိုးသမီးဆေးရုံက Fertility Centre မှာ တိုင်ပင်ဆွေးနွေးကြည့်ခဲ့ပြီး ဒီနေ့မနက် သမီးဦးလေးကို အောင်အောင်မြင်မြင် မွေးလာတော့ပျော်ပါတယ်" ဟု ပြောသည်။

ဗဟိုအမျိုးသမီး ဆေးရုံကြီး (ရန်ကုန်) Fertility Centre ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ဟိုင်နန်ဆေးတက္ကသိုလ် အကူအညီဖြင့် ၂၀၁၈ ခုနှစ် ဇွန် ၁၂ ရက်တွင် ပထမဆုံး ဖန်ပြွန်သန္ဓေသားကို မွေးဖွားခဲ့ပြီး ယခု ဒုတိယမြောက် ဖန်ပြွန်သန္ဓေသားကို အောင်မြင်စွာ မွေးဖွားနိုင်ခြင်းဖြစ်သည်။

**ရီရီမြင့်**
**ဓာတ်ပုံ - ရဲထွန်း**



ဗဟိုအမျိုးသမီးဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ခင်ပြုံးကြည်နှင့် ပါမောက္ခ ဒေါက်တာ ဒေါ်ခင်လတ် ဦးဆောင်သော ခွဲစိတ်ဆရာဝန်ကြီးများအား အောင်မြင်စွာ မွေးဖွားခဲ့သည့် ဒုတိယမြောက် ဖန်ပြွန်သန္ဓေသားနှင့်အတူ တွေ့ရစဉ်။

# စာရေးဆရာကြီး ဗန်းမော်တင်အောင် ကွယ်လွန်ခြင်း ၄၁ နှစ်ပြည့် အောက်မေ့ဖွယ်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၃**

စာရေးဆရာကြီး ဗန်းမော်တင်အောင် ကွယ်လွန်ခြင်း ၄၁ နှစ်ပြည့် အောက်မေ့ဖွယ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ဝိုင်အမ်စီအေ (YMCA)ခန်းမ၌ကျင်းပရာ စာပေအသိုက်အဝန်းနှင့် စာပေချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ဆရာကြီး ဦးအံ့မောင် ပေးပို့သော သဝဏ်လွှာကိုဖတ်ကြားခြင်း၊ ကိုကိုးကျွန်းပြန် ဦးလှချို၊ ဗန်းမော်တင်အောင် ရာပြည့်အခမ်းအနားကျင်းပရေးကော်မတီမှ ဦးမြင့်သိန်းနှင့် ကဗျာဆရာ ဖြိုးထိန်တို့က အောက်မေ့ဖွယ် အမှတ်တရစကားများ ပြောကြားခြင်းနှင့် အမှတ်တရကဗျာရွတ်ဖတ်ခြင်း၊ စာရေးဆရာကြီး ဗန်းမော်တင်အောင်၏ သားဖြစ်သူ ဦးဗဟိန်းအောင်က အမှတ်တရစကား ပြောကြားခြင်း **(ယာပုံ)** နှင့် ဗန်းမော်တင်အောင် ရာပြည့်အခမ်းအနားကျင်းပရေးအတွက် အလှူငွေပေးအပ်ခြင်းများ ဆောင်ရွက်ကြသည်။

စာရေးဆရာကြီး ဗန်းမော်တင်အောင်၏ သားဖြစ်သူ ဦးဗဟိန်းအောင်က "လာမယ့် ၂၀၂၀ ပြည့်နှစ် ဇွန်လမှာ ကျင်းပမယ့်ရာပြည့်အခမ်းအနား အကြိုအဖြစ်ကျင်းပတာပါ။ ကျွန်တော့်အနေနဲ့ အဖေကွယ်လွန်ခြင်း နှစ် ၂၀ ပြည့်၊ ၂၅ နှစ်ပြည့်၊ နှစ် ၃၀ ပြည့်၊ ၃၉ နှစ်ပြည့်၊ နှစ် ၄၀ ပြည့်နဲ့ ၄၁ နှစ်ပြည့် အမှတ်တရပွဲတွေ လုပ်ခဲ့ပါတယ်။ အဓိကကတော့ အဖေ့စာမူခတွေထဲက ဟံသာဝတီဦးဝင်းတင် ဖောင်ဒေးရှင်း၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ဖောင်ဒေးရှင်းနဲ့ ကိုကိုးကျွန်းပြန် ရဲဘော်များအဖွဲ့ စတဲ့ အဖွဲ့အစည်းတွေထံ လှူဒါန်းဖို့ဖြစ်ပါတယ်" ဟု ပြောသည်။

စာရေးဆရာ ကိုလင်းမြတ်က "ဆရာကြီးက စာပေတွေ အမြောက်အမြား ရေးသားခဲ့တယ်။ တစ်ကျွန်းလည်း အပို့ခံရတယ်။ အထူးသဖြင့် ဆရာကြီး သခင်ကိုယ်တော်မှိုင်းတို့နဲ့တွဲပြီး ပြည်တွင်းငြိမ်းချမ်းရေးရအောင် ကြိုးစားခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ အခြေခံလူတန်းစားတွေအတွက် မားမားမတ်မတ် ရပ်တည်ခဲ့သလို မျိုးဆက်သစ်တွေအတွက် စာပေတွေ ပြုစုရေးသားခဲ့ပါတယ်။ သူ့ရဲ့ထင်ရှားတဲ့စကားက သားဖြစ်သူကိုပြောခဲ့တဲ့ လူတစ်ယောက်ရဲ့တန်ဖိုးဟာ သူဖြတ်သန်းကျော်လွှားနေတဲ့ခေတ်ကြီးက သူ့ပခုံးပေါ် တင်ပေးလိုက်တဲ့ သမိုင်းတာဝန်ကို သူဘယ်လောက် သယ်ပိုးထမ်းဆောင်ခဲ့တယ်ဆိုတဲ့အချက်နဲ့ တိုင်းတာရမှာပဲ ဆိုတဲ့ စကားပဲဖြစ်ပါတယ်။ ခေတ်လူငယ်တွေ ကျင့်သုံးသင့်တဲ့စကားဖြစ်ပါတယ်"ဟု ပြောသည်။

စာရေးဆရာကြီး ဗန်းမော်တင်အောင်ကို ၁၉၂၀ ပြည့်နှစ် ဇွန် ၉ ရက်တွင် ပဲခူးမြို့၌ မွေးဖွားခဲ့သည်။ ၁၉၃၅-၁၉၃၈ ခုနှစ်တွင် ရန်ကုန်ဟိုက်စကူးကျောင်းမှ ၁၀ တန်းအောင်ပြီး ၁၉၃၈ ခုနှစ်တွင် မြန်မာ့အလင်းသတင်းစာတိုက်၌ အလုပ်သင်သတင်းထောက်အဖြစ် လုပ်ကိုင်ခဲ့သည်။

၁၉၃၆-၁၉၃၈ ခုနှစ်ကာလများအတွင်း ကျောင်းသားသမဂ္ဂ လှုပ်ရှားမှုများတွင် ပါဝင်ခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် စာပေစတင်ရေးသားခဲ့ပြီး လုံးချင်းဝတ္ထု ၄၅ အုပ်နှင့် ဝတ္ထုတိုများ၊ ဆောင်းပါးများ၊ ဝတ္ထုတိုပေါင်းချုပ်၊ မဂ္ဂဇင်းဝတ္ထုရှည်များ၊ သိပ္ပံကျမ်း၊ နိုင်ငံရေးသဘောတရားကျမ်းများကို ရေးသားခဲ့သည်။ စာရေးဆရာကြီး ဗန်းမော်တင်အောင်သည် ၁၉၇၈ ခုနှစ် အောက်တိုဘာ ၂၃ ရက် အသက် ၅၉ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်။

ယခုအခါ ပဲခူးမြို့တွင် ဗန်းမော်တင်အောင် ရာပြည့်အဆောက်အအုံတစ်ခုကို ရာပြည့်အထိမ်းအမှတ်အမီ ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

**သတင်း - မွန်းဦးနဒီ**
**ဓာတ်ပုံ - ဇော်မင်းလတ်**

# မြန်မာဥပဒေ သတင်းအချက်အလက်စနစ်(MLIS) တည်ဆောက်ခြင်း လုပ်ငန်းပြီးဆုံးမှု အစီရင်ခံတင်ပြခြင်းနှင့် ဥပဒေပေါင်းချုပ်စာအုပ် ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၃**

မြန်မာဥပဒေ သတင်းအချက်အလက်စနစ်(MLIS) တည်ဆောက်ခြင်းလုပ်ငန်း ပြီးဆုံးမှုအစီရင်ခံတင်ပြခြင်းနှင့် ဥပဒေပေါင်းချုပ်စာအုပ် ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**စတင်ထုတ်လွှင့်နိုင်ခဲ့**

အခမ်းအနားတွင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများတွင် ဦးစားပေးကဏ္ဍဖြစ်သည့် တရားဥပဒေစိုးမိုးမှု တိုးတက်လာရေးကို အထောက်အကူဖြစ်စေမည့် မြန်မာဥပဒေသတင်း အချက်အလက်စနစ်ကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဝက်ဘ်ဆိုက်မှတစ်ဆင့် ၂၀၁၈ ခုနှစ် မေ ၂၄ ရက်တွင် အောင်မြင်စွာ စတင်ထုတ်လွှင့်နိုင်ခဲ့ပါကြောင်း၊ အဆိုပါစနစ် တည်ထောင်ရေးအတွက် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့သည် ၂၀၁၅ ခုနှစ် အောက်တိုဘာတွင် ဆွေးနွေးမှုမှတ်တမ်း (Record of Discussion) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း။

ကိုရီးယားနိုင်ငံအစိုးရဥပဒေပြုဝန်ကြီးဌာန(MOLEG)၊ KOICA ၊ ကိုရီးယားဥပဒေသတင်းအချက်အလက်ဌာန (KLIS)မှ တာဝန်ရှိသူများ၊ ပညာရှင်များနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများသည် ယင်းစနစ် အကောင်အထည်ဖော်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်း ပူးပေါင်းဆောင်ရွက်ခဲ့ကြပါကြောင်း၊ ယင်းစနစ်သည် မြန်မာနိုင်ငံ၏ ဥပဒေသတင်းအချက်အလက်များကို ပြည့်စုံစွာ ဖော်ပြထားသောကြောင့် ဥပဒေသုတေသီများ၊ ဥပဒေကျောင်းသူကျောင်းသား များ၊ ဥပဒေရေးဆွဲသူများ၊ ဥပဒေပြုသူများနှင့် ဥပဒေလေ့လာသူများအတွက် ဥပဒေစာကြည့်တိုက်တစ်ခုဖြစ်ပါကြောင်း၊ ထို့ပြင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် ဥပဒေသတင်းအချက်အလက်များကို ပြည့်စုံစွာရရှိနိုင်သဖြင့် စီးပွားရေးလုပ်ငန်းများကို လွယ်ကူချောမွေ့စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်းနှင့် e-Government စနစ်ကို အလေးထားဆောင်ရွက်နေသည့်အချိန်တွင် ယင်းစနစ်ကို လွှင့်တင်၍ ဝန်ဆောင်မှုပေးခဲ့နိုင်ခြင်းကြောင့် မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးရေး၊ ပြည်သူများ ဥပဒေအသိပညာပြန့်ပွားရေးတို့အပြင် e-Government လုပ်ငန်းစဉ်ကိုလည်း များစွာ အထောက်အကူပြုပါကြောင်း ပြောကြားသည်။




ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တည်ဆောက်ခြင်းလုပ်ငန်းပြီးဆုံးမှုအစီရင်ခံတင်ပြခြင်းနှင့် ဥပဒေပေါင်းချုပ်စာအုပ် ပေးအပ်လှူဒါန်းခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**ဝင်ရောက်ကြည့်ရှုနိုင်**

ယင်းနောက် KOICA မှ ဌာနေကိုယ်စားလှယ်ချုပ် Ms. Lee Young Su က မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)စနစ်သည် အစိုးရဝန်ထမ်းများသာမက ပြည်သူများလည်း ဝင်ရောက်ကြည့်ရှုနိုင်သည့်အတွက် တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် များစွာအထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) သည် နည်းပညာပိုင်းသာမက ဘတ်ဂျက်ပိုင်းတွင်လည်း လိုအပ်သည့် အတွက်ကြောင့် ယင်းစနစ်ဖွံ့ဖြိုးတိုးတက်ရန် အစိုးရ၏ထောက်ပံ့မှုလိုအပ်ပါကြောင်းနှင့် ဆက်လက်၍ အကျိုးပြုလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

အခမ်းအနားတွင် ကိုရီးယားနိုင်ငံ အစိုးရဥပဒေပြုဝန်ကြီးဌာန (MOLEG) မှ ညွှန်ကြားရေးမှူးချုပ် Mr. Lee Sang Su က ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးထံသို့ ဥပဒေ၊ တစ်ဆင့်ခံဥပဒေ ၂၇၈၈ ခု ပါရှိသည့် မြန်မာနိုင်ငံတည်ဆဲဥပဒေပေါင်းချုပ် စာအုပ်သုံးစုံနှင့် လှူဒါန်းခြင်းမှတ်တမ်းလွှာ ပေးအပ်သည်။

အခမ်းအနားသို့ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ကိုရီးယားနိုင်ငံ အစိုးရဥပဒေပြုဝန်ကြီးဌာန(MOLEG)၊ KOICA ၊ KLIS နှင့် Beintech Co.,Ltd. အရာရှိများ၊ ပညာရှင်များနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၃၅ ဦး တက်ရောက်ခဲ့ကြပြီး မြန်မာဥပဒေ သတင်းအချက်အလက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းပြီးဆုံးမှုအစီရင်ခံခြင်း၊ လုပ်ငန်းလည်ပတ်နိုင်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ဆက်လက်ပံ့ပိုးခြင်းလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဦးစီးကျင်းပသည့် ၂၀၁၉ ခုနှစ် တတိယအကြိမ်မြောက် ပြည်သူ့နီတိ ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲ နိုင်ငံတကာစံနှုန်းနှင့်အညီ မေးခွန်းများဖြင့် ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၃

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဦးစီးကျင်းပသည့် ၂၀၁၉ ခုနှစ် တတိယအကြိမ်မြောက် ပြည်သူ့နီတိ ရေးဖြေ၊ နှုတ်ဖြေ စာမေးပွဲကို မြို့နယ်အဆင့်မှစ၍ နိုင်ငံတကာစံနှုန်းနှင့်အညီ မေးခွန်းများဖြင့် ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းက ပြောကြားသည်။**

ယခုနှစ် ကျင်းပမည့် တတိယအကြိမ်မြောက် ပြည်သူ့နီတိ ကျောင်းအလိုက် ပြိုင်ပွဲများကို နိုဝင်ဘာလ ပထမအပတ်အတွင်း ကျင်းပသွားမည်ဖြစ်ပြီး မြို့နယ်အဆင့် ပြိုင်ပွဲများကို နိုဝင်ဘာလ နောက်ဆုံးပတ်တွင် လည်းကောင်း၊ ဗဟိုအဆင့် ပြိုင်ပွဲကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ဒုတိယပတ်တွင် နောက်ဆုံးထား၍ လည်းကောင်း ကျင်းပသွားရန် စီစဉ်ထားကြောင်း သိရသည်။

ယခင်နှစ်ပြိုင်ပွဲများတွင် ပြည်သူ့နီတိအား အစပျိုးခဲ့သည့်အတွက် ယဉ်ကျေးမှုဓလေ့ထုံးစံ စာရိတ္တကို ဦးစားပေးမေးမြန်းခဲ့ခြင်း ဖြစ်သော်လည်း ယခုနှစ်တွင် နိုင်ငံတကာစံနှုန်းနှင့်အညီ ခေါင်းစဉ်ကြီး ငါးခုဖြစ်သော ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် စာရိတ္တ၊ စည်းကမ်းနှင့် လူ့တန်ဖိုး၊ နိုင်ငံသားတစ်ယောက်၏ ရပိုင်ခွင့်၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး လူ့အဖွဲ့အစည်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းဆိုသည့် ခေါင်းစဉ်ကြီးများဖြင့် မြို့နယ်အဆင့်မှစ၍ နိုင်ငံတကာစံချိန်မီအောင် မေးခွန်းထုတ်ရန် ပြင်ဆင်ထားမည်ဖြစ်ပြီး ကျောင်းများအနေဖြင့်လည်း ပြင်ဆင်ချိန် တစ်လကြာရရှိမည်ဖြစ်ကြောင်း တွဲဖက်အတွင်းရေးမှူး ဦးသန်းက ပြောကြားသည်။

အဆိုပါ ပြည်သူ့နီတိပြိုင်ပွဲကို ၂၀၁၇ ခုနှစ်တွင် ပထမအကြိမ် ကျင်းပခဲ့ခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် ကျင်းပခဲ့ကာ ယခု ၂၀၁၉ ခုနှစ်တွင် တတိယအကြိမ်မြောက်အဖြစ် ကျင်းပသွားမည်ဖြစ်သည်။

ပထမအကြိမ် ပြည်သူ့နီတိ ပြိုင်ပွဲတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်ဟူ၍ အဆင့်သုံးဆင့်တို့အား ဗဟိုအဆင့်ပြိုင်ပွဲအနေဖြင့် စုစည်းကျင်းပခဲ့ကြောင်း၊ ကျယ်ကျယ်ပြန့်ပြန့် သိရှိမှုအားနည်းသဖြင့် ဗဟိုအဆင့်၌ ၁၄၆ ဦးခန့်သာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ ဒုတိယအကြိမ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုကိုးကျွန်းမှအပ ကျန်မြို့နယ်များတွင် ကျောင်းများအလိုက် ပြိုင်ပွဲများကို ဦးစွာကျင်းပခဲ့ကြောင်း၊ ယင်းပြိုင်ပွဲများမှတစ်ဆင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ပထမ၊ ဒုတိယ၊ တတိယရရှိသူများကို မြို့နယ်အဆင့် ပြိုင်ပွဲများကျင်းပပေးခဲ့ကြောင်း၊ ထိုပြိုင်ပွဲများမှ အဆင့်တစ်ဆင့်တွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိသူ သုံးဦးနှုန်း၊ တစ်မြို့နယ်တွင် ကိုးဦးနှုန်းဖြင့် ဗဟိုအဆင့်အား ယှဉ်ပြိုင်ကြရကြောင်း သိရသည်။



ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းက “ပြီးခဲ့တဲ့ ဒုတိယအကြိမ်မြောက်မှာတော့ တော်တော်လေးကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာကြတယ်။ ဝင်ရောက်ယှဉ်ပြိုင်တဲ့ ကလေးတွေဟာ အဆင့်တိုင်းမှာ တော်တော်လေး တိုးတက်လာတာကိုလည်း တွေ့ရတယ်။ ပြည်သူ့နီတိကို သူတို့ရဲ့ အတွေးအခေါ်တွေထဲမှာ အဆင့်မြင့်မြင့်နဲ့ ကျယ်ကျယ်ပြန့်ပြန့် ဖြေဆိုနိုင်တာကိုလည်း တွေ့ရတယ်” ဟု ပြောသည်။

ယခုနှစ်ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ (၁) ၌ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးမောင်မောင်စိုး၊ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးစိုးလွင်၊ တွဲဖက်အတွင်းရေးမှူး ဦးသန်းနှင့် ကော်မတီဝင်များ၊ သက်ဆိုင်ရာဌာနမှူးများနှင့် ဒုတိယဌာနမှူးများ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်း–ဇော်ကြီး၊ ဓာတ်ပုံ–ဖေဇော်**

*စာမျက်နှာ ၇ မှ*

ထို့နောက် ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်း(မန္တလေး)ဥက္ကဋ္ဌ ဦးသန်းဝင်းက မန္တလေးမြို့သည် ကျောက်စိမ်းရောင်းဝယ်ရေးလုပ်ငန်း အများဆုံးအခြေစိုက်သည့် ဒေသဖြစ်သည့်အတွက် ယခုလိုပြပွဲမျိုး ကျင်းပနိုင်ရန် ကြိုးစားခဲ့ခြင်းဖြစ်ကြောင်း၊ ကျောက်စိမ်းအရောင်းပြပွဲ ကျင်းပခြင်းဖြင့် ကျောက်စိမ်းဈေးကွက်ကောင်းမွန်လာမှုနှင့်အတူ အခြားစီးပွားရေးလုပ်ငန်းများအတွက်လည်း ကောင်းမွန်လာနိုင်ကြောင်း၊ ကျောက်စိမ်းလောကဖွံ့ဖြိုးတိုးတက်စေရေးအတွက် တာဝန်ရှိသည့် ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိမိတို့ကျောက်လောကသားများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားပြီး ဆက်လက်၍ ကျောက်မျက်ပြပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်ဇောအောင်ကလည်း ပြပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အဖွဲ့သည် ခင်းကျင်းရောင်းချလျက်ရှိသည့် ကျောက်စိမ်းအရိုင်း၊ အချောထည်နှင့် ကျောက်မျက်ရတနာဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုသည်။

အဆိုပါ ကျောက်စိမ်းအရိုင်း၊ အချောထည်နှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲတွင် ကျောက်စိမ်းအရိုင်းအတွဲပေါင်း ၂၉၅၀ ကျော်အား တင်ဒါစနစ်ဖြင့် ရောင်းချပေးမည့်အပြင် ကျောက်စိမ်းအချောထည်များကိုလည်း ပြခန်းပေါင်း ၄၀ ကျော်ဖြင့် ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ရာ တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအရိုင်းအတွဲများအား ဝင်ရောက်လေ့လာကြည့်ရှုဝယ်ယူရန် ဝင်ကြေးကို ပြည်တွင်းရတနာကုန်သည်တစ်ဦးလျှင် ငွေကျပ် နှစ်သောင်းနှုန်းနှင့် ပြည်ပရတနာကုန်သည်များအတွက် တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်း ကောက်ခံသွားမည်ဖြစ်ကြောင်းနှင့် ပြပွဲကို အောက်တိုဘာ ၂၃ ရက်မှ ၂၉ ရက်အထိ နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ပျက်စီးစပါးစိုက်ခင်းများအတွက် ထောက်ပံ့ကြေးပေး

**ပြည် အောက်တိုဘာ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ပြည်မြို့နယ် ဇီးအုပ်စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြုလေ့လာမှုစခန်း၌ ၂၀၁၈ ခုနှစ် မိုးစပါးရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့သည့် တောင်သူများအား ထောက်ပံ့ကြေးပေးအပ်ပွဲကို အောက်တိုဘာ ၂၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်စိုးစိုးကြည်နှင့် တာဝန်ရှိသူများက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်စိန်လှမြင့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်တို့က ပျက်စီးခဲ့သည့် မိုးစပါးသီးနှံအတွက် ထောက်ပံ့ကြေးပေးအပ်ရသည့် အကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ရေကြီးနစ်မြုပ်ပျက်စီးဆုံးရှုံးခဲ့သည့် စပါးစိုက်ဧက ၅၃၁၇ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၅၃၁၇၀၀၀၀ ကို တောင်သူများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်( ပြန်/ဆက်)**

# မောင်တောမြို့နယ် တောင်ပြိုလက်ဝဲပြန်လည်လက်ခံရေးစခန်းသို့ မိမိတို့ဆန္ဒအရ ပြန်လည်ဝင်ရောက်လာသည့် နေရပ်စွန့်ခွာသူများအား ပြန်လည်စိစစ်လက်ခံရေးလုပ်ငန်းစဉ်များအတိုင်း စိစစ်လက်ခံဆောင်ရွက်ပေးလျက်ရှိ

မောင်တော အောက်တိုဘာ ၂၃

ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်း၌ အောက်တိုဘာ ၂၂ ရက် နံနက် ၈ နာရီ ၁၅ မိနစ်က မိမိတို့သဘောဆန္ဒအရ ပြန်လည်ဝင်ရောက်လာသည့် နေရပ်စွန့်ခွာသူ အိမ်ထောင်စု ၅ စု ၊ ကျား ၁၈ ဦး၊ မ ၁၁ ဦး လူဦးရေ ၂၉ ဦးအား ပြန်လည်စိစစ်လက်ခံရေး လုပ်ငန်းစဉ်များအတိုင်း သက်ဆိုင်ရာ တာဝန်ရှိသူများက စိစစ်လက်ခံဆောင်ရွက်ပေးခဲ့သည်။



ယင်းသို့ လက်ခံဆောင်ရွက်ရာတွင် ရှေးဦးစွာ လုံခြုံရေးတာဝန်ရှိသူများက သတ်မှတ်နေရာ၌ တစ်ဦးချင်းလုံခြုံရေးဆိုင်ရာ ရှာဖွေစစ်ဆေးမှုများ ပြုလုပ်သည်။

**မိမိတို့ သဘောဆန္ဒအရ ပြန်လည်ဝင်ရောက်လာသည့် နေရပ်စွန့်ခွာသူများအား လုံခြုံရေးဆိုင်ရာ ရှာဖွေစစ်ဆေးမှုများ ပြုလုပ်စဉ်။**

### ထောက်ပံ့ပစ္စည်းများ ပေးအပ်

ထို့နောက် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ စိစစ်မှတ်တမ်းတင်ခြင်းအား ဆောင်ရွက်ရာတွင် အိမ်ထောင်စု ၅ စုရှိ၊ ကျား ၉ ဦး၊ မ ၈ ဦး ပေါင်း ၁၇ ဦးတို့အား NV Card ထုတ်ပေးခဲ့ပြီး ကျန်းမာရေး စောင့်ရှောက်မှုနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အား မွန်းတည့် ၁၂ နာရီတွင် ပြီးစီးခဲ့သည်။



### လှဖိုးခေါင်ယာယီနေရာချထားရေး စခန်းသို့ လွှဲပြောင်းပို့ဆောင်

ဆက်လက်၍ တောင်ပြိုလက်ဝဲပြန်လည်လက်ခံရေးစခန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးထွန်းက လှဖိုးခေါင်ယာယီနေရာချထားရေးစခန်းသို့ လွှဲပြောင်းပို့ဆောင်ပေးရာ လှဖိုးခေါင်စခန်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးစိုးရွှေအောင်နှင့် စခန်းတာဝန်ရှိသူများက ညနေ ၃ နာရီတွင် လွှဲပြောင်း/လက်ခံဆောင်ရွက်ကြပြီး ဆန်၊ ဆီ ၊ ဆား၊ ပဲ၊ မီးဖိုချောင်သုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

**မိမိတို့သဘောဆန္ဒအရ ပြန်လည်ဝင်ရောက်လာသည့် နေရပ်စွန့်ခွာသူများအား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ စိစစ်မှတ်တမ်းတင်စဉ်။**

### သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးအပ်

ထို့နောက် ပြန်လည်ဝင်ရောက်လာသူ အိမ်ထောင်စု ၅ စု၊ လူဦးရေ ၂၉ ဦးတို့သည် ယခင်နေရပ် မောင်တောမြို့နယ်၊ တောင်ပြိုလက်ဝဲမြို့၊ တောင်ပြိုယာ၊ မြောချောင်း၊ ကြိမ်ချောင်း၊ ကျောက်ချောင်း(ရွာသစ်)၊ ဒိုးတန်းကျေးရွာတို့မှဖြစ်ပြီး သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးအပ်ကာ ညနေ ၄ နာရီတွင် စခန်းမှ ပြန်လည်ထွက်ခွာသွားကြသည်။

**ဇော်ဇော်ဆန်း(ပြန်/ဆက်)**

---

*❖ ကျောဖုံးမှ*

YBS ၇၇ မှတ်တိုင်နှင့် လက်ရှိ ရပ်တန့်ဆဲ စံပြမှတ်တိုင်နေရာများ ရှိတော့မည်မဟုတ်ဘဲ နေရာပြောင်းလဲသတ်မှတ်မည်ဖြစ်ကြောင်း သိရသည်။

"ဒီကရွှေ့သွားမယ့် ခရီးသည်တွေဟာ အနီးဆုံးမှတ်တိုင် ရရှိရေးကို မြေပြင်ကွင်းဆင်းမှုတွေ ဆောင်ရွက်ထားပါတယ်။ ဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းမှာ အရင်တုန်းက အဝင်လမ်းမှာ သရက်တောကျောင်းတိုက်ဘက်ခြမ်းမှာ မှတ်တိုင်ရှိပါတယ်။ ဟိုဘက်ခြမ်းမှာ မရှိပါဘူး။ အဲဒီခြမ်းလည်း ကျွန်တော်တို့ အခုချိန်မှာ မှတ်တိုင်လျာပေးထားတယ်။ အကယ်၍ သရက်တောမှတ်တိုင်ဘက်က ရွှေ့သွားမယ့် လူတွေဟာ ဘယ်ဘက်ကိုပဲသွားသွား အနည်းငယ်တော့ လမ်းလျှောက်ရမယ့် အနီးဆုံးအနေအထားကို ရောက်အောင် ဖန်တီးထားပါတယ်" ဟု YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောကြားသည်။

မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားစီမံကိန်း၏ ရန်ကုန်ဘက်ခြမ်း တည်ဆောက်ရေး အပိုင်း ၂ ဖြစ်သော ဘုန်းကြီးလမ်း (အနော်ရထာလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းကြား) လုပ်ငန်းများ ဆောင်ရွက်စဉ် YBS ယာဉ်လိုင်းများ ပြောင်းလဲပြေးဆွဲမည့် ခရီးစဉ်လမ်းကြောင်းများမှာ- YBS ၃၇ ယာဉ်လိုင်းရှိ (ထောက်ကြန့်၊ ဝါယာလက်၊ ဥက္ကံ၊ မှော်ဘီ၊ လှည်းကူး) ယာဉ်များမှာ ရန်ကုန်ဘက်သို့ အသွားလမ်းကြောင်း ပြောင်းလဲမှုရှိမည်မဟုတ်ဘဲ အပြန်လမ်းကြောင်းအနေဖြင့် ရန်ကုန်ခြောက်ထပ်ရုံး (ဂိတ်ဖျား)မှ ကမ်းနားလမ်း၊ ရွှေတိဂုံဘုရားလမ်း၊ အနော်ရထာလမ်း၊ လမ်းမတော်လမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမှတစ်ဆင့် ပြည်လမ်း(လာလမ်း)အတိုင်း၊ ကမ္ဘာအေးဘုရားလမ်း အဝိုင်းပတ်လမ်းကြောင်းအတိုင်း ပြေးဆွဲလျက်ရှိသော Airport Shuttle Bus မှာ ရန်ကုန်လေဆိပ်၊ လေဆိပ်အဝင်လမ်း၊ ပြည်လမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ အလံပြဘုရားလမ်း၊ ဆူးလေဘုရားလမ်း၊ ကုန်သည်လမ်း၊ လေဆိပ်အဝင်လမ်း၊ ရန်ကုန်လေဆိပ်သို့ အပြန်လမ်းကြောင်းအတိုင်း၊ YBS ၇၈, ၉၄, ၉၇ ယာဉ်လိုင်းမှာ အသွားလမ်းကြောင်း ပြောင်းလဲမှုရှိမည်မဟုတ်ဘဲ အပြန်လမ်းကြောင်းအနေဖြင့် ရန်ကုန်ဘူတာကြီး၊ ဂျိုးဖြူလမ်း၊ အလံပြဘုရားလမ်း၊ ဆူးလေဘုရားလမ်း၊ အနော်ရထာ လမ်း၊ လမ်းမတော်လမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း (သို့မဟုတ်) ပြည်လမ်းမှ လာလမ်းအတိုင်း ယာယီပြောင်းလဲပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

YBS ၂၁ ယာဉ်လိုင်း (ခေတ်သစ်ဘုရင့်နောင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်) ယာယီပြောင်းလဲပြေးဆွဲမည့် ရန်ကုန်မြို့တွင်း အသွားလမ်းကြောင်းမှာ ပြည်လမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်းသစ်လမ်း၊ အနော်ရထာလမ်း၊ ကမ်းနားလမ်းမှ ကျုံးကြီးသို့ ပြေးဆွဲမည်ဖြစ်ပြီး အပြန် လမ်းကြောင်းအနေဖြင့် ကျုံးကြီးမှ ကမ်းနားလမ်း၊ ရွှေတိဂုံဘုရားလမ်း၊ လမ်းမတော်လမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပြည်လမ်းမှ လာလမ်းအတိုင်း ပြေးဆွဲမည်ဖြစ်သည်။

ထို့ပြင် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)သို့ အဝင်အထွက် ပြုလုပ်ပေးလျက်ရှိသော ယာဉ်များ၏ အပြန်လမ်းကြောင်းမှာ ကျုံးကြီးမှ ကမ်းနားလမ်း၊ ရွှေတိဂုံဘုရားလမ်း၊ အနော်ရထာလမ်း၊ လမ်းမတော်လမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပြည်လမ်းမှ လာလမ်းအတိုင်း ပြေးဆွဲမည်ဖြစ်သည်။

YBS ၂၁ ယာဉ်လိုင်း ယာယီပြောင်းလဲပြေးဆွဲမည့် ရန်ကုန်မြို့တွင်း အသွားလမ်းကြောင်းမှာ ပြည်လမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်းမတော်လမ်း၊ မဟာဗန္ဓုလလမ်း၊ ရွှေတိဂုံဘုရားလမ်း၊ အနော်ရထာလမ်း လသာ(ဂိတ်ဖျား)သို့ ပြောင်းလဲပြေးဆွဲမည်ဖြစ်ပြီး အပြန်လမ်းကြောင်း အနေဖြင့် လသာ(ဂိတ်ဖျား)မှ အနော်ရထာလမ်း၊ လမ်းမတော်လမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပြည်လမ်းမှ လာလမ်းအတိုင်း ပြန်လည်ပြေးဆွဲမည်ဖြစ်သည်။

YBS ၃၉ ယာဉ်လိုင်း ယာယီပြောင်းလဲပြေးဆွဲမည့် ရန်ကုန်မြို့တွင်း အသွားလမ်းကြောင်းမှာ ပြည်လမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်းမတော်လမ်း၊ မဟာဗန္ဓုလလမ်း၊ ရွှေတိဂုံဘုရားလမ်း၊ အနော်ရထာလမ်း လသာ(ဂိတ်ဖျား)သို့ ပြောင်းလဲပြေးဆွဲမည်ဖြစ်ပြီး အပြန်လမ်းကြောင်းအနေဖြင့် လသာ(ဂိတ်ဖျား)မှ အနော်ရထာလမ်း၊ လမ်းမတော်လမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပြည်လမ်းမှ လာလမ်းအတိုင်း ပြန်လည်ပြေးဆွဲမည်ဖြစ်သည်။

YBS ၃၉ ယာဉ်လိုင်း ယာယီပြောင်းလဲပြေးဆွဲမည့် ရန်ကုန်မြို့တွင်း အသွားလမ်းကြောင်းမှာ အင်းစိန်လမ်း၊ သမိုင်းလမ်းဆုံ၊ လှည်းတန်း၊ မြေနီကုန်း၊ ပြည်လမ်း (စိန်ဂုဏ်)၊ မင်းရဲကျော်စွာလမ်း၊ ဝါးတန်းလမ်း(ဂိတ်ဖျား)သို့ လည်းကောင်း၊ အပြန်ခရီးစဉ်အဖြစ် ဝါးတန်းလမ်းမှ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပြည်လမ်းမှ လာလမ်းအတိုင်း ပြန်လည်ပြေးဆွဲမည်ဖြစ်သည်။

YBS ၇၇ ယာဉ်လိုင်း၏ ယာယီပြောင်းလဲပြေးဆွဲမည့် ရန်ကုန်မြို့တွင်း ခရီးစဉ်မှာ သွေးဆေးကန်လမ်း၊ ရွှေတိဂုံဘုရား မြောက်ဘက်မုခ်၊ အရှေ့ဘက်မုခ်၊ တောင်ဘက်မုခ်၊ ရွှေတိဂုံဘုရားလမ်း၊ အနော်ရထာလမ်း၊ လမ်းမတော်လမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရွှေတိဂုံဘုရားလမ်းမှ လာလမ်းအတိုင်း ရွှေပြည်သာသို့ ပြန်လည်ပြေးဆွဲမည်ဖြစ်သည်။



**တံတားတည်ဆောက်မည့် ဘုန်းကြီးလမ်း(အနော်ရထာလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းကြား)ကို တွေ့မြင်ရစဉ်။**
ဓာတ်ပုံ- ထိန်လင်း

မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားစီမံကိန်း၏ ရန်ကုန်ဘက်ခြမ်း တည်ဆောက်ရေး ဘုန်းကြီးလမ်းပိုင်း၏ ပထမအဆင့်ဖြစ်သော မဟာဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းကြား၌ ယခုနှစ် ဩဂုတ်လမှစတင်၍ တံတားတည်ဆောက်ရေး လုပ်ငန်းများ စတင်ခဲ့သည့်အတွက် ယာဉ်များ လမ်းကြောင်း ပြောင်းလဲပြေးဆွဲခဲ့ရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

---

*❏ ကျောဖုံးမှ*

ဇူလိုင် ၁ ရက်တွင် စတင်လေ့ကျင့်ခဲ့ပြီး လေးလနီးပါး အချိန်ယူပြင်ဆင်ခဲ့သော်လည်း အာရှထိပ်သီးအသင်းများနှင့် ခြေစမ်းခွင့်မရခဲ့ဘဲ အာဆီယံအသင်းများနှင့်သာ ခြေစမ်းပွဲကစားခဲ့ရသည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် စင်ကာပူလက်ရွေးစင်အသင်းနှင့် တစ်ပွဲ၊ ဗီယက်နမ် ယူ-၁၉ အသင်းနှင့် နှစ်ပွဲသာ ကစားခဲ့ရပြီး ပြည်တွင်းအသင်းများနှင့်သာ ခြေစမ်းကစားခဲ့ရသည်။

အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စု(က)တွင် ထိုင်း၊ မြောက်ကိုရီးယား၊ ဩစတြေးလျ၊ ဗီယက်နမ်၊ အုပ်စု (ခ) တွင် ဂျပန်၊ တရုတ်၊ တောင်ကိုရီးယားနှင့် မြန်မာအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် အောက်တိုဘာ ၂၈ ရက်တွင် လက်ရှိချန်ပီယံ ဂျပန်အသင်း၊ အောက်တိုဘာ ၃၁ ရက်တွင် တရုတ်အသင်း၊ နိုဝင်ဘာ ၃ ရက်တွင် တောင်ကိုရီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေသော သိမှတ်ဖွယ်ရာဗဟုသုတအဖြာဖြာ (၂၀၁၉)ထွက်ပြီ

နေပြည်တော် အောက်တိုဘာ ၂၃

**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည့် "သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ ၂၀၁၉"စာအုပ်သည် ပြည်သူများ အသိဉာဏ်ဗဟုသုတပြည့်စုံစေရန်၊ ရာထူးဝင်စာမေးပွဲများ၊ ပြန်တမ်းဝင်ခွင့်စာမေးပွဲများဖြေဆိုရာတွင် အထောက်အကူဖြစ်စေရန်နှင့် အခြားသိရှိလိုသည့် အချက်အလက်များကို တစ်စုတစ်စည်းတည်း ရှာဖွေလေ့လာဖတ်ရှုနိုင်စေရန် ရည်ရွယ်၍ ၂၀၀၈ ခုနှစ်မှစတင်ကာ နှစ်စဉ်ထုတ်ဝေခဲ့သော စာအုပ်ဖြစ်ပါသည်။ ယခု ၂၀၁၉ ခုနှစ်စာအုပ်သည် ယခင်နှစ်များက ထုတ်ဝေခဲ့သောစာအုပ်များထက် ဖတ်ရှုသူစာဖတ်ပရိသတ်များ ပိုမိုအဆင်ပြေစွာ ဖတ်ရှုနိုင်ရန် ပိုမိုကြီးမားသော စာအုပ်အရွယ်အစားနှင့် ပိုမိုပြည့်စုံသည့် အချက်အလက်များဖြင့် ကဏ္ဍစုံလင်စွာပြုစုပြီး စာမျက်နှာ (၁၆၇) မျက်နှာကို ထပ်တိုးဖော်ပြထားကြောင်း သိရသည်။**




ဤစာအုပ်တွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်များနှင့် သဝဏ်လွှာကောက်နုတ်ချက်များ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်များနှင့် သဝဏ်လွှာကောက်နုတ်ချက်များ ပါသည့်အပြင် မြန်မာ့ရေးရာနှင့် ပတ်သက်သည့် အချက်အလက်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ဘာသာရေးဆိုင်ရာသိမှတ်ဖွယ်ရာများ၊ မြန်မာ့အထွေထွေသိမှတ်ဖွယ်ရာများ၊ နိုင်ငံတကာရေးရာ သိမှတ်ဖွယ်ရာများ၊ သံတမန်ဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ကမ္ဘာ့အထွေထွေသိမှတ်ဖွယ်ရာများနှင့် ပတ်သက်၍ နောက်ဆုံးအခြေအနေများကို ထည့်သွင်းဖြည့်စွက်ထားသည်။

အလားတူပင် နိုင်ငံ့ဝန်ထမ်းလျှောက်ထားခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာအချက်အလက်များနှင့် ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများလည်း ပါရှိသည့်အတွက် ဗဟုသုတရှာမှီးလိုသူများ၊ ရာထူးဝင်စာမေးပွဲဖြေဆိုမည့်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ လက်ကိုင်ထားသင့်သည့် စာအုပ်ဖြစ်သည့်အပြင် အနာဂတ်နိုင်ငံတော်အတွက် လူချွန်လူကောင်းများ၊ ခေါင်းဆောင်ကောင်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရေးအတွက် အထောက်အကူပြုမည့် စာအုပ်ဖြစ်သဖြင့် အိမ်တိုင်းရှိ စာအုပ်စင်တိုင်းတွင် ဆောင်ထားသင့်သည့် စာအုပ်ဖြစ်သည်။

ယင်းစာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၂၀၁၉ ခုနှစ် စက်တင်ဘာလ၌ ထုတ်ဝေပြီး တစ်အုပ်လျှင် ငွေကျပ် ၃၅၀၀ နှုန်းဖြင့် နေပြည်တော်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ထုတ်လုပ်ရေးဌာနခွဲ၊ ဖုန်း ၀၆၇-၃၄၁၂၃၇၁ နှင့် စာပေဗိမာန်အရောင်းဆိုင်တို့တွင်လည်းကောင်း၊ ရန်ကုန်မြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ထုတ်လုပ်ရေးဌာနခွဲ၊ အမှတ် (၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း ၀၁-၂၀၁၉၃၆၊ ၀၁-၃၇၁၃၄၂၊ စာပေဗိမာန်အရောင်းဆိုင်များ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်၊ ရွှေဝံစာပေတိုက်နှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင်လည်းကောင်း ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၆-၁၀-၂၀၁၉ ရက်နေ့ (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ကာတွန်းသစ်ထွဏ်း၏ မောင်တီထွင်၊ ကာတွန်းသက်စု၏ အလှမက်လို့၊ ကာတွန်းသူရ၏ ကျောက်ခေတ်ကမ္ဘာ၊ ကာတွန်းမင်းကောင်းကို၏ ပုပု၊ ကာတွန်းကိုကောင်း၏ ကျောင်းမှန်မှန်တက် စာမခက်၊ ကာတွန်းကိုသင်း၏ အာတူးအပြင် ရေးဟောင်းအီဂျစ်ပြည်အကြောင်း သိကောင်းစရာ၊ လေပေါဦးဇီးကွက်၊ ရွှေသွေးတို့ပျော်စရာ၊ ရွှေသွေးစကားဝိုင်း၊ ပုံပြင်နှင့် ကဗျာစသည့် ဖတ်စရာ မှတ်စရာများ ပါရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**




# အာဆီယံ ဖူဆယ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် မြန်မာနှင့် အင်ဒိုနီးရှား၊ ထိုင်းနှင့် ဗီယက်နမ် တွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၂၃**

၂၀၁၉ အာဆီယံ ဖူဆယ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲကို ယနေ့နံနက်ပိုင်းမှစ၍ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပရာ မြန်မာအသင်း အုပ်စုဒုတိယရပြီး ဆီမီးဖိုင်နယ်တွင် အင်ဒိုနီးရှားနှင့် တွေ့ဆုံခဲ့သည်။

အုပ်စုနောက်ဆုံးနေ့တွင် အုပ်စု(က)၌ ထိုင်းအသင်းက မြန်မာအသင်းကို ကိုးဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ကမ္ဘောဒီးယားနှင့် တီမောအသင်းတို့ လေးဂိုးစီသရေကျခဲ့သည်။ အုပ်စု(ခ)တွင် အင်ဒိုနီးရှား အသင်းက ဩစတြေးလျအသင်းကို ရှစ်ဂိုး-သုံးဂိုး၊ ဗီယက်နမ်အသင်းက မလေးရှား အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲတွင် ကမ္ဘာ့အဆင့်ရှိသည့် ထိုင်းအသင်းကို အကောင်းဆုံးတုံ့ပြန်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ပေးဂိုးများသွားသောကြောင့် ဂိုးပြတ်သွားခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် တစ်ဂိုးသာပေးခဲ့ရပြီး ဒုတိယပိုင်းမှ ရှစ်ဂိုးအထိ ပေးခဲ့ရခြင်းဖြစ်သည်။ အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု(က)၌ ထိုင်းအသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ မြန်မာအသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု(ခ)၌ အင်ဒိုနီးရှားနှင့် ဗီယက်နမ်အသင်းတို့ ခုနစ်မှတ်စီတူညီသော်လည်း ဂိုးကွာခြားချက်ဖြင့် အင်ဒိုနီးရှားအသင်းက အုပ်စုပထမ၊ ဗီယက်နမ်အသင်းက အုပ်စုဒုတိယရရှိကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။

ဆီမီးဖိုင်နယ်ကို အောက်တိုဘာ ၂၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အင်ဒိုနီးရှားနှင့် မြန်မာအသင်း၊ ထိုင်းနှင့် ဗီယက်နမ်အသင်းတို့ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိန်း**



အုပ်စုနောက်ဆုံးပွဲတွင် မြန်မာနှင့် ထိုင်းအသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-MFF

# တရုတ်(တိုင်ပေ)တွင် ပထမဆုံး မြန်မာ့ရိုးရာ လက်ဝှေ့ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၃**

အပြည်ပြည်ဆိုင်ရာ လက်ဝှေ့အဖွဲ့ချုပ် တရုတ်(တိုင်ပေ)နှင့် မြန်မာ မာရှယ်အတ်စ် ဂရု(ပ်)တို့ ပူးပေါင်းစီစဉ်သော မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကို တရုတ်(တိုင်ပေ)မြို့တော် တိုင်ပေတွင် အောက်တိုဘာ ၂၀ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီက ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့ကြောင်း သိရသည်။

ပွဲစဉ်များတွင် ၇၁ ကီလိုတန်း၌ ဖြိုးသီဟ(မြန်မာ)က သန့်သင့်ယွမ် (တိုင်ပေ)ကို ဒုတိယအချီတွင် အလဲထိုးဖြင့် လည်းကောင်း၊ ၇၇ ကီလိုတန်းတွင်ဝီလ်ချုပ်(အမေရိကန်) ကချန်ချင့်ရွှေ (တိုင်ပေ)ကို အလဲထိုးဖြင့်လည်းကောင်း၊ ၆၂ ကီလိုတန်းတွင် နီရှိဇာဝါတာကူယာ(ဂျပန်)က ဘွိုင်ကာ (မြန်မာ)ကို စတုတ္ထအချီတွင် အလဲထိုးဖြင့် လည်းကောင်း၊ ၉၀ ကီလိုတန်း ဖိုးသားကြီး(မြန်မာ)နှင့် ဂူဒေါင်ဆင်း (တိုင်ပေ)ပွဲတွင် ပထမအချီအပြီး၌ ဂူဒေါင်ဆင်း ဆက်လက်မယှဉ်ပြိုင်နိုင်တော့သဖြင့် ဖိုးသားကြီးက လည်းကောင်း အနိုင်ရရှိသွားပြီး အမျိုးသမီး ၅၆ ကီလိုတန်းတွင် ရွှေကိုလေးနှင့် နန်းအမွှေဟွမ်တို့ လေးချီထိုးသတ်ပြီး သရေဖြစ်သွားသည်။

ပြိုင်ပွဲအစအဆုံးကို မြန်မာ့ဆိုင်းပညာရှင်များဖြစ်သော မလှိုင်သန်းထွန်း၊ သီရိမောင်မောင်၊ ဟိန်းရာဇာတို့နှင့်အတူ တရုတ်(တိုင်ပေ)တက္ကသိုလ် ယဉ်ကျေးမှုအဖွဲ့မှ တရုတ်(တိုင်ပေ)အမျိုးသမီး သုံးဦးက တွဲဖက်တီးမှုတ် ဖျော်ဖြေပေးခဲ့ကြသည်။ တရုတ်(တိုင်ပေ)ရှိ နိုင်ငံအသီးသီးမှ ကိုယ်ခံပညာ ကစားသမားများကလည်း မြန်မာ့ရိုးရာလက်ဝှေ့ကို စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

မြန်မာမာရှယ်အတ်စ်ဂရု(ပ်)၏ မန်နေဂျင်းဒါရိုက်တာ ဦးဝဏ္ဏက "ပထမဆုံးပြိုင်ပွဲ ဖြစ်တဲ့အတွက် လိုအပ်ချက်လေးတွေ ရှိပါတယ်။ ဒါပေမယ့် ပရိသတ်ရဲ့ အားပေးမှုက သိပ်ကောင်းပါတယ်။ လာမယ့် ၂၀၂၀ ပြည့်နှစ်ထဲမှာလည်း တရုတ်(တိုင်ပေ)မှာ ရိုးရာလက်ဝှေ့ပြိုင်ပွဲတွေ ဆက်လက်ကျင်းပဖို့ စီစဉ်နေပါတယ်။ ဒုတိယပွဲကတော့ မတ်လထဲမှာ ဖြစ်ပါလိမ့်မယ်"ဟု ပြောသည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာ့ရိုးရာ လက်ဝှေ့ကျော် ငါးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ နှစ်ဦးနိုင်၊ နှစ်ဦးသရေနှင့် တစ်ဦးရှုံးရလဒ် ထွက်ပေါ်ခဲ့ကြောင်းလည်း သိရသည်။

**မင်းသစ်**



ဖိုးသားကြီး(မြန်မာ)ဝဲနှင့် ဂူဒေါင်ဆင်း(တိုင်ပေ)ယာတို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

# ကမ္ဘာ့ဝူရှူးပြိုင်ပွဲတွင် မြန်မာဝူရှူးအဖွဲ့ ကြေးတံဆိပ်တစ်ခုရရှိ

**ရန်ကုန် အောက်တိုဘာ ၂၃**

အောက်တိုဘာ ၂၀ ရက်မှ ၂၃ ရက်အထိ တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပသည့် ၂၀၁၉ ကမ္ဘာ့ဝူရှူးပြိုင်ပွဲတွင် မြန်မာ ဝူရှူးအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့သည်။

မြန်မာဝူရှူးအဖွဲ့အတွက် ကြေးတံဆိပ်ဆုကို အမျိုးသမီးနှစ်ယောက်တွဲအတိုက်ပြိုင်ပွဲတွင် စန္ဒီဦးနှင့် အေးသစ္စာမြင့်အတွဲက ရယူနိုင်ခဲ့ပြီး ဟောင်ကောင်အတွဲက ရွှေတံဆိပ်၊ မလေးရှားအတွဲက ငွေတံဆိပ်ရရှိခဲ့သည်။ မြန်မာဝူရှူးအဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ကမ္ဘာ့ပြိုင်ပွဲဖြစ်သောကြောင့် ပြိုင်ပွဲဝင်နိုင်ငံ ၁၀၀ ကျော်ရှိခဲ့ကာ ဆုတံဆိပ်တစ်ခုသာ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲကို ကမ္ဘာ့နိုင်ငံပေါင်း ၁၂၇ နိုင်ငံမှ ကစားသမား ၁၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ယခုပြိုင်ပွဲတွင် မြန်မာဝူရှူးအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ရန် ကုန်ကျစရိတ်များကို မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌဟောင်း ဦးခင်မောင်လေးနှင့် အဖွဲ့က ပံ့ပိုးကူညီခဲ့ခြင်းဖြစ်သည်။ ဦးခင်မောင်လေးသည် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် စတင်တည်ထောင်ချိန်တွင် ဥက္ကဋ္ဌအဖြစ် စတင်တာဝန်ယူခဲ့ပြီး ၂၀၀၆ ခုနှစ်အထိ ဆောင်ရွက်ခဲ့ကာ မြန်မာဝူရှူးအားကစားအဖွဲ့ အရှေ့တောင်အာရှအဆင့်၊ အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်ပြိုင်ပွဲများတွင် အောင်မြင်မှုများစွာ ရယူနိုင်ရန် ပြုစုပျိုးထောင်ပေးခဲ့သူဖြစ်သည်။

မြန်မာဝူရှူးအဖွဲ့တွင် **အုပ်ချုပ်သူ**-ဦးဇော်ဇော်မိုး၊ **နည်းပြ**-ဦးဖြိုးဝေမြင့်၊ ဒေါ်ခိုင်ခိုင်မော်၊ ကစားသမားများအဖြစ် **အမျိုးသား**-ငြိမ်းချမ်းကိုကို၊ သိန်းသန်းဦး၊ မျိုးမင်းကြီး၊ ခန့်မင်းထက်၊ မင်းခန့်ဇော်၊ **အမျိုးသမီး**-စန္ဒီဦး၊ အေးသစ္စာမြင့်နှင့် မြတ်နိုးအိမ်တို့ ပါဝင်သည်။ ယခုပြိုင်ပွဲတွင် အဆင့် ၁ မှ ၈ အတွင်း ရရှိသူများသည် ၂၀၂၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံ၌ ကျင်းပမည့် တတိယအကြိမ်မြောက် ကမ္ဘာ့ဖလား ဝူရှူးထောက်လုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း**

# ခင်ဦးမြို့နယ်၌ ဆိုင်ကယ်ဖြင့် ပိုက်ဆံအိတ်လုယက်သူနှစ်ဦးအား ဖမ်းဆီးရမိ

**ခင်ဦး အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့တွင် အောက်တိုဘာ ၂၁ ရက် နံနက် ၁၁ နာရီခန့်က ခင်ဦးမြို့ မြနန္ဒာရပ်နေ တရားလိုဖြစ်သူ ဒေါ်တင်မာလေးသည်



မခင်အေးဝင်းနှင့်အတူ ဆိုင်ကယ်ဖြင့် ခင်ဦး -ရေဦး ကားလမ်းအတိုင်း ခင်ဦးမြို့မှ ရေဦးမြို့သို့ သွားရောက်စဉ် ခင်ဦးမြို့နယ် ကံသစ်တံတားအကျော်တွင် အမျိုးသားနှစ်ဦးက ဆိုင်ကယ်ဖြင့် နောက်မှရောက်ရှိလာပြီး ဒေါ်တင်မာလေး ကိုင်ဆောင်ထားသည့် ပိုက်ဆံအိတ်အား လုယက်ထွက်ပြေးသွားသဖြင့် လုယက်ထွက်ပြေးသူ အမျိုးသားနှစ်ဦးအား အရေးယူပေးပါရန် တိုင်တန်းခဲ့သည်။

ခင်ဦးမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ် ထွန်းထွန်းနိုင်ဦးစီးသော နယ်ထိန်းတပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေခဲ့ရာ ခင်ဦးမြို့နယ် သာဂရကျေးရွာအနီးတွင် ခင်ဦးမြို့နယ်နေ ကျော်သူဝင်း(၂၅ နှစ်)နှင့် ဆန်းလင်းကို (၁၆ နှစ်) တို့နှစ်ဦးအား နံပါတ်မပါ ဆိုင်ကယ်၊ ၎င်းတို့ လုယက်သွားသည့် ပိုက်ဆံအိတ်နှင့် အိတ်အတွင်းမှ ငွေကျပ် ၈၆၀၀၀၊ တစ်မတ်သားခန့်ရှိ ရွှေလက်ကောက်နှစ်ကွင်း၊ ငါးမူးသားခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံး၊ ဒေါ်တင်မာလေး၏ နိုင်ငံသားစိစစ်ရေးကဒ်တစ်ခုနှင့် e – pension card တစ်ခု တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ (ဓါတ်ပုံ)

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျော်သူဝင်းနှင့် ဆန်းလင်းကိုတို့ကို ခင်ဦးမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မိုးသောက် (ရွှေဘို)**

# တိုက်ကြီးမြို့နယ် လူသန့်အင်းကျေးရွာအတွင်းသို့ တောဆင်ရိုင်းတစ်ကောင် ဝင်ရောက်

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်၌ အောက်တိုဘာ ၂၂ ရက် ည ၉ နာရီခန့်တွင် မင်္ဂလာရပ်ကွက်ရှိ လူသန့်အင်းကျေးရွာအတွင်းသို့ ဂျစ်ကားအမည်ရှိ တောဆင်ရိုင်းအထီးတစ်ကောင် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်ကြောင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများနှင့် သစ်တောရဲတပ်ဖွဲ့၊ သစ်တောဦးစီးဌာနမှ ဆင်မောင်းအဖွဲ့နှင့် ကျေးရွာသူ ကျေးရွာသားများက လိုက်လံမောင်းထုတ်ရာ ၎င်းတောဆင်ရိုင်းသည် အောက်တိုဘာ ၂၃ ရက် နံနက် ၂ နာရီတွင် မင်္ဂလာရပ်ကွက် လူသန့်အင်းကျေးရွာ တောင်လှိုင်ရိုးမ သစ်တောကြိုးဝိုင်း အကွက်အမှတ်(၁၈)အတွင်း၌ ကျူးကျော်နေထိုင်သော အိမ်ထောင်စု ခုနစ်စုမှ အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၁၁ ဦးတို့၏ ခနိမိုး ဝါးတဲ လူနေအိမ် ခုနစ်လုံးအား ဝင်ရောက်ဖျက်ဆီးခဲ့ပြီး လူနှင့်တိရစ္ဆာန်များမှာ အန္တရာယ်မှ ကင်းလွတ်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ၎င်းတောဆင်ရိုင်းအား မြိုင်ဟေဝန်ဆင်စခန်းမှ ဆင်ငါးကောင်ဖြင့် လိုက်လံမောင်းထုတ်မည်ဖြစ်ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား

၂၄-၁၀-၂၀၁၉ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၆:၀၀ – မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ – Breakfast News
- ၈:၃၅ – "အယ်လ်ဟာဂျ်ဦးအေးလွင် ဦးဆောင်ဆော်ဩရေးမှူး အစ္စလာမ်ဓမ္မဗိမာန်နှင့် တွေ့ဆုံမေးမြန်းခန်း"
- ၁၀:၃၀ – "ဦးကျော်သူ(ခေါ်) ရိုလန်ချောင်ထရီနှင့် ကိုကို(စက်မှုတက္ကသိုလ်) တို့ တွေ့ဆုံမေးမြန်းခန်း"
- ၁၀:၄၅ – "လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး နှင့် ပြန်လည်ထူထောင်ရေး"
- ၁၃:၁၅ – ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအလွဲသုံးစားပြုခြင်းဖြစ်ပွားသည်ကို သံသယရှိ သိရှိပါက

**ညပိုင်း**

- ၁၆:၂၀ – "ဒေါက်တာ ရှောင်တန်နယ်(လ်)(စီးပွားရေး အကြံပေးပုဂ္ဂိုလ်နှင့် တွေ့ဆုံခြင်း)" (အပိုင်း-၁)
- ၁၇:၀၅ – "ဒေါက်တာရှောင်တန်နယ်(လ်)(စီးပွားရေး အကြံပေးပုဂ္ဂိုလ်နှင့် တွေ့ဆုံခြင်း)" (အပိုင်း-၂)
- ၁၈:၂၀ – "ဒေါက်တာအဲ(န်)နာရွှေလွှမ်း (ချင်းလူနည်းစု)(ဗိုဖေး) ချင်းမျိုးနွယ်စုဝင်နှင့် တွေ့ဆုံမေးမြန်းခန်း"
- ၁၈:၃၅ – မျက်မှောက်ရေးရာအဖြာဖြာ
- ၁၉:၃၀ – ပြည်သူ့နီတိ "ကံဆိုတာအလုပ်" (ဒုတိယပိုင်း)
- ၂၀:၀၀ – ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀:၃၀ – ဘာကြောင့်ပဲဆိုးဆိုး လက်ကိုင်ပဝါဖြင့် နှာခေါင်းနှင့် ပါးစပ်ကိုအုပ်ပြီးဆိုးပါ
- ၂၀:၃၅ – "တစ်ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်များက သင့်ကို အလိုရှိနေပါသည်"
- – သမိုင်းကိုဖော်ပြသော ဝါကျများ "ဓာတ်မင်းသမီးကြီး ဒေါ်မျှုတီစိန်နှင့် တွေ့ဆုံခြင်း"
- – "ခံစားရင်းစံစားပါ"

# ပန်းတောင်းမြို့နယ်၌ လိုင်စင်မဲ့ယာဉ်တစ်စီး ဖမ်းဆီးရမိ

**ပန်းတောင်း အောက်တိုဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဒေါင်းမြတ်နားကျေးရွာအုပ်စု မြောင်ရှည်ကျေးရွာအနီး ပြည်-တောင်ကုတ်ကားလမ်း မိုင်တိုင်အမှတ် ၅/၆ နှင့် ၅/၇ အကြားတွင် အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီခွဲခန့်က မသင်္ကာဖွယ်ယာဉ်တစ်စီးရပ်ထားကြောင်းသတင်းအရ ပန်းတောင်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ် ကျော်မင်းဦးနှင့် တပ်ဖွဲ့ဝင်များသည် အမှတ် (၁၃) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ် သီဟထွန်း၊ ဒေါင်းမြတ်နားကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်တို့နှင့်အတူ သွားရောက်စစ်ဆေးရာ ယာဉ်မောင်း သန်းဇော်လွင်(၄၁ နှစ်) တောင်ကုတ်မြို့နေသူသည် MDY 1G/ ---- ဟွန်ဒါယာဉ်ကို ပြည်မြို့မှ ဥဿျှစ်ပင်မြို့ဘက်သို့ မောင်းနှင်လာပြီး မြောင်ရှည်ကျေးရွာအနီးတွင် ရပ်ထားစဉ် စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်၍ ၎င်းပိုင်ဆိုင်ကြောင်း အထောက်အထား စာရွက်စာတမ်း တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသဖြင့် သိမ်းဆည်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပန်းတောင်းမြို့မရဲစခန်းက အမှုရေးဖွင့်ပြီး အမှုစစ်ဒုတိယရဲအုပ် တင်အောင်မြင့်က ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

# မီးပလတ်ခုံပြုပြင်ရာမှ ဓာတ်လိုက်သေဆုံး

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်၌ အောက်တိုဘာ ၂၁ ရက် မွန်းလွဲ ၃ နာရီခန့်က အမှတ်(၁၀)ရပ်ကွက် ပုသိမ်ပတ်လမ်း မ/၁၄၀၃ အဆောင်နေထိုင်သူ ဦးဝင်းခိုင်သည် ၎င်း၏ နေအိမ်အခန်းအတွင်း၌ မီးပလတ်ခုံ ပြုပြင်ရာမှ ဓာတ်လိုက်လဲကျနေကြောင်း သိရသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖွဲ့နှင့် ရဲတပ်ဖွဲ့များက အင်းစိန်ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ရာ လမ်းတွင်သေဆုံးသွားကြောင်း သိရသည်။

အဆိုပါသေဆုံးမှုနှင့်ပတ်သက်၍ ရွှေပြည်သာမြို့မရဲစခန်းက အမှုဖွင့်လှစ်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ် ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# မတ္တရာမြို့နယ်၌ အသက် ၈၂ နှစ်အရွယ် အဘိုးတစ်ဦး ဓာတ်လိုက်သေဆုံး

**မတ္တရာ အောက်တိုဘာ ၂၃**

မတ္တရာမြို့နယ် တံငါမြောက်ကျေးရွာတွင် အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံးကြောင်း သတင်းရသဖြင့် ရဲအုပ် မျိုးထွန်းထွန်းနှင့် အဖွဲ့က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ရာသို့ သွားရောက်စစ်ဆေးရာ ဦးချစ်ရွှေ (၈၂ နှစ်) တံငါမြောက်ကျေးရွာနေသူမှာ ခြံဝင်းအတွင်းရှိ လျှပ်စစ်မော်တာနှင့် တွဲသုံးသည့် ရေတုံကင်အနီးတွင် သေဆုံးနေပြီး ဒေါ်တင်ထွေး(၇၈ နှစ်) မှာလည်း ဒဏ်ရာရရှိထားကြောင်း တွေ့ရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မေးမြန်းရာ ဒေါ်တင်ထွေးသည် လျှပ်စစ်မော်တာနှင့် တွဲထားသည့် ရေတုံကင်တွင် ရေတင်ရန် ရေချူနေစဉ် ဓာတ်လိုက်နေသည်ကို ဦးချစ်ရွှေက တွေ့သဖြင့် သွားရောက်ဆွဲခေါ်စဉ် နှစ်ဦးစလုံး မြေကြီးပေါ်သို့ လဲကျသွားကြောင်း၊ ထိုသို့လဲကျသွားသည်ကို တစ်အိမ်တည်းနေထိုင်သူ ဦးမျိုးလွင်က တွေ့မြင်ခဲ့ပြီး ရေတုံကင်အနီးသို့ သွားရောက်ရာ ဦးချစ်ရွှေမှာ သေဆုံးနေကြောင်းတွေ့ရကာ ဒေါ်တင်ထွေးမှာ မူးဝေဒဏ်ရာရရှိခဲ့သဖြင့် ၎င်းတို့နှစ်ဦးကို မတ္တရာပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**



ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် သာဝတ္တိနယ်မြေရဲစခန်းမှ ခေတ္တစခန်းမှူး ဒုတိယရဲအုပ် မျိုးသက်ဦးက အောက်တိုဘာ ၂၀ ရက်တွင် ပြောင်ခေါင်းကြီးအုပ်စု ပန်းတင်ကျေးရွာ(မြောက်) ဘုန်းတော်ကြီးဓမ္မာရုံ၌ ဒေသခံများအား သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး၊ လူကုန်ကူးမှုအကြောင်း သိကောင်းစရာများ ပညာပေး ဟောပြောစဉ်။ ကျော်လှိုင်သင်း (နေပြည်တော်)

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**




# မှုခင်းအသိပညာပေး ဟောပြော

**မိတ္ထီလာ**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အမှတ် ၃ နယ်မြေရဲစခန်းမှ မှုခင်းအသိပညာပေးဟော ပြောခြင်းကို မိတ္ထီလာမြို့ ပြည်သာယာ (တောင်) ၁လမ်းရှိ မေတ္တာရိပ်မြုံ လူငယ်ပရဟိတဂေဟာ၌ အောက်တိုဘာလ တတိယပတ်က ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် စခန်းမှူးရဲအုပ် ဝင်းမြင့်ဦးက သက်ငယ်မုဒိမ်းနှင့်ပတ်သက်၍ သတိပြုရမည့် ရှောင်ကြဉ်ရန်များ၊ မှုခင်းဖြစ်ပွားရခြင်းအကြောင်းအရာများနှင့် မူးယစ် ဆေးဝါးအကြောင်း သိကောင်းစရာများကို ဟောပြောခဲ့ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

---

**အင်းစိန်**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တညင်းကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ အောက်တိုဘာ ၂၃ ရက်က အင်းစိန်မြို့မရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူး တင်လတ်က မှုခင်းများအကြောင်းနှင့် မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲမှုအကြောင်းတို့ကို ပညာပေးရှင်းလင်းဟောပြောပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေးလွင်နှင့် အုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်ကွက်နေဒေသခံ ၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဥာဏ်လင်း**

## ပြင်ဆင် ဖတ်ရှုပေးပါရန်

၂၁-၁၀-၂၀၁၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၃ ပါ မအူပင်မြို့၌ မီးလောင်မှုဖြစ်ပွားသတင်း ပထမပိုဒ်ပါ ဦးသိန်းဟန်၏ သားဖြစ်သူ မောင်အောင်သူ အစား **ဦးသန်းဇော်၏ သားဖြစ်သူ မောင်အောင်သူ** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စာတည်းအဖွဲ့**

# မြောက်ကိုရီးယားနိုင်ငံရှိ တောင်ကိုရီးယား ဟိုတယ်များကို ဖြိုချဖျက်ဆီးရန် ကင်ဂျုံအန်း အမိန့်ပေး

**ဆိုးလ် အောက်တိုဘာ ၂၃**

မြောက်ကိုရီးယားနိုင်ငံရှိ ကမ္ဘာလှည့်ခရီးသွားများ လာရောက်ရာ အထင်ကရအပန်းဖြေစခန်းတစ်ခု၌ တောင်ကိုရီးယားနိုင်ငံက တည်ဆောက်ထားသည့် ဟိုတယ်များနှင့် အခြားသော အဆောက်အအုံများအားလုံးကို ဖြိုချဖျက်ဆီးရန် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက အမိန့်ပေးလိုက်သည်။

### ရွက်ဖျင်တဲများသဖွယ်

နိုင်ငံအတွင်းရှိ မောင့်ကမ်ဂန်အပန်းဖြေစခန်း၌ တောင်ကိုရီးယားနိုင်ငံက တည်ဆောက်ခဲ့သည့် အဆောက်အအုံများကို ခေါင်းဆောင်ကင်က သဘာဝဘေးဒဏ်ခံရသည့် ဧရိယာတစ်ခုတွင် ယာယီပြုလုပ်ထားသည့် ရွက်ဖျင်တဲများသဖွယ် တည်ဆောက်ထားခြင်းမျှသာဖြစ်သည်ဟု ခိုင်းနှိုင်းဖော်ပြခဲ့ကြောင်း ဒေသမီဒီယာက ဖော်ပြသည်။

အဆိုပါအပန်းဖြေစခန်းသည် တောင်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု၏ သင်္ကေတတစ်ခုအဖြစ် ပြောစမှတ်တွင်ခဲ့သည်။ သို့ရာတွင် အဆိုပါနေရာသို့ သွားရောက်ခဲ့ပြီးနောက် ခေါင်းဆောင်ကင်က ယင်းနေရာတွင် တောင်ကိုရီးယားနိုင်ငံ၏ ပါဝင်ပတ်သက်မှု မရှိသည့် စီမံခန့်ခွဲမှုပြုလုပ်ခြင်းက ပို၍ကောင်းလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြောက်ကိုရီးယားအရှေ့ပိုင်းရှိ မောင့်ကမ်ဂန် အပန်းဖြေစခန်းကို နိုင်ငံ၏ သာယာလှပမှုနှင့် မျက်စိပသာဒအရှိဆုံး တောင်တန်းတစ်ခုပေါ်တွင် တောင်ကိုရီးယားကုမ္ပဏီများက ၁၉၉၀ ပြည့်နှစ်များအတွင်းက ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

### လည်ပတ်ခွင့် ခေတ္တရပ်ဆိုင်း

အဆိုပါနေရာသို့ တောင်ပိုင်းမှ ခရီးသွားဧည့်သည် ထောင်ပေါင်းများစွာကို တင်းကျပ်သည့် စည်းကမ်းများအောက်တွင် လာရောက် လည်ပတ်ခွင့်ပြုခဲ့သော်လည်း ၂၀၀၈ ခုနှစ်က မြောက်ကိုရီးယား အစောင့်တစ်ဦး၏ သေနတ်ပစ်ခတ်မှုကြောင့် တောင်ကိုရီးယားခရီးသွားအမျိုးသမီးတစ်ဦး သေဆုံးခဲ့ရပြီးနောက်တွင် တောင်ကိုရီးယားဘက်က လာရောက်လည်ပတ်ခွင့် ခေတ္တရပ်ဆိုင်းခဲ့သည်။

**အေအက်ဖ်ပီ**



မောင့်ကမ်ဂန်အပန်းဖြေစခန်းသို့ရောက်ရှိနေသည့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအမ်း

# ၂၀၂၀ အမေရိကန်ရွေးကောက်ပွဲ၌ ဖေ့စ်ဘွတ်အသုံးချပြီး ကြိုးကိုင်သူများကို ဖေ့စ်ဘွတ်က ကာကွယ်သွားမည်ဟု သိရ

**ဝါရှင်တန် အောက်တိုဘာ ၂၃**

၂၀၂၀ အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဖေ့စ်ဘွတ်ကိုအသုံးချကာ ကြိုးကိုင်ခြယ်လှယ်မှုများကို ကာကွယ်ဟန့်တားသွားမည်ဖြစ်ကြောင်း ယမန်နေ့က ဖေ့စ်ဘွတ်ကုမ္ပဏီက ပြောကြားလိုက်သည်။

ဖေ့စ်ဘွတ်ပေါ်တွင် ခိုင်လုံမှုမရှိသည့် အပြုအမူ၊ သတင်းဖော်ပြမှုများကို ဖျက်ပစ်ရန် ကုမ္ပဏီက ဆောင်ရွက်လျက်ရှိပြီး အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ၂၀၁၆ ခုနှစ်ကတည်းကစကာ နှစ်နှင့်ချီပြုစုခဲ့ကြောင်း ယမန်နေ့က ထုတ်ပြန်ခဲ့သည့် ဖေ့စ်ဘွတ်ကြေညာချက်တွင် ဖော်ပြထားသည်။

ခိုင်လုံမှုမရှိဆိုသည့်အဓိပ္ပာယ်တွင် စည်းရုံးလှုပ်ရှားမှုနောက်ကွယ်ရှိ အဖွဲ့အစည်း၏ နာမည်နှင့် ဘယ်သူဘယ်ဝါဖြစ်သည်ဆိုသည်ကို ဖုံးကွယ်ပြီး လှည့်ဖြားဆောင်ရွက်ခြင်းဖြစ်သည်ဟု ဖေ့စ်ဘွတ်က အဓိပ္ပာယ်သတ်မှတ်ထားသည်။

အမေရိကန် မဲဆန္ဒရှင်ကြားတွင် အချင်းချင်း မညီမညွတ်ဖြစ်အောင် သဘောထားကွဲလွဲစေသည့် သတင်းများ၊ မှားယွင်းသည့်အချက်အလက်များကို ပျံ့နှံ့စေရန် ဖေ့စ်ဘွတ်နှင့် အခြားဆိုရှယ်မီဒီယာ ပလက်ဖောင်းများကို အသုံးပြုမှုများရှိခဲ့သည်ဟု အမေရိကန်ကဆိုသည်။

ယမန်နေ့ကထုတ်ပြန်လိုက်သော ဖေ့စ်ဘွတ်၏ကြေညာချက်တွင် အစိုးရထောက်ပံ့မှုနှင့် ဆက်နွယ်နေသည့် အင်စတာဂရမ်၊ ဖေ့စ်ဘွတ်စာမျက်နှာများတွင် အဖွဲ့အစည်းစာမျက်နှာ စုစုပေါင်းလေးခုတွင် ခိုင်မာမှုမရှိသည့် အပြုအမူကို တွေ့ရှိခဲ့ကြောင်း၊ ထို့ကြောင့် ၎င်းတို့ကို ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း၊ ၎င်းတို့ထဲမှ သုံးခုသည် အီရန်နှင့် ဆက်စပ်နေပြီး တခြားတစ်ခုသည် တခြားနိုင်ငံတစ်ခုနှင့် ဆက်စပ်နေကြောင်း ဖော်ပြထားသည်။

**အေအက်ဖ်ပီ**

# ပဋိပက္ခဖြစ်ပွားရာ ဇုန်များတွင် ရန်ပုံငွေမလုံလောက်မှုကြောင့် ကလေးငယ်သန်းချီ သေဆုံးနေရကြောင်း ကုလသမဂ္ဂပြော

**ဂျီနီဗာ အောက်တိုဘာ ၂၃**

သဘာဝဘေးအန္တရာယ် ကျရောက်ရာနေရာများနှင့် ပဋိပက္ခဖြစ်ပွားနေသည့်ဒေသများတွင် ကလေးငယ်သန်းပေါင်းများစွာ အာဟာရချို့တဲ့မှုကို ရင်ဆိုင်နေရကြောင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စားနပ်ရိက္ခာထောက်ပံ့ပေးနေသည့် အဖွဲ့အစည်းတစ်ခုဖြစ်သော ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့က ပြောကြားခဲ့သည်။




အာဟာရချို့တဲ့မှုခံစားနေရသည့် ကလေးငယ်တစ်ဦးကို တွေ့ရစဉ်။

ယူနီဆက်ဖ်အဖွဲ့သည် ကမ္ဘာ့နိုင်ငံပေါင်း ၅၉ နိုင်ငံမှ ကလေးငယ် ၄၁ သန်းအတွက် အခြေခံကျန်းမာရေး၊ ပညာရေး၊ အာဟာရနှင့် ရောဂါကာကွယ်ရေးအတွက် လိုအပ်သည့် အသုံးစရိတ် ရန်ပုံငွေ ဒေါ်လာ ၄ဒသမ ၁၆ ဘီလီယံအနက် ယခုနှစ် လက်ရှိအချိန်အထိ ရန်ပုံငွေထက်ဝက်ကျော်ခန့်သာ လက်ခံရရှိခဲ့ကြောင်း ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ဂူတာရက်စ်၏ ပြောရေးဆိုခွင့်ရှိသူ စတီဖင်ဒူဂျာရစ်က ပြောကြားခဲ့သည်။

ရန်ပုံငွေရရှိမှု ကွာဟချက်မှာ ၂၀၁၉ ခုနှစ် နောက်ဆုံးသုံးလပတ်ကာလ ရောက်ရှိလာချိန်အထိ ၄၆ ရာခိုင်နှုန်းအထိရှိနေသည်ဟု ယူနီဆက်ဖ်အဖွဲ့က ပြောသည်။ အရေးပေါ် ရန်ပုံငွေရရှိမှု ကွာဟချက်အကြီးဆုံး နိုင်ငံများတွင် ပါကစ္စတန်၊ ဘာကီနာဖာဆိုနှင့် ဗင်နီဇွဲလားနိုင်ငံတို့ပါဝင်ကြောင်းနှင့် အရေးပေါ်အကူအညီများ လိုအပ်နေသည့် ဆီးရီးယား၊ ယီမင်၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများတွင်လည်း ရန်ပုံငွေရရှိမှုမှာ သတ်မှတ်ပမာဏအောက် များစွာလျော့နည်းလျက်ရှိကြောင်း ယူနီဆက်ဖ်အဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**

# အီဒလစ်ရှိ ဂျီဟတ်များကို ခုခံကာကွယ်ခြင်းသည် ဆီးရီးယားစစ်ပွဲကို အဆုံးသတ်စေမည့် အဓိက သော့ချက်ဖြစ်ကြောင်း သမ္မတ အာဆတ်ပြော

**အီဒလစ် အောက်တိုဘာ ၂၃**

အီဒလစ်တွင်ရှိသည့် ဂျီဟတ်များကို ခုခံကာကွယ်ခြင်းသည်သာ ဆီးရီးယားရှစ်နှစ်ကြာပြည်တွင်းစစ်ကို အဆုံးသတ်ပေးမည့် အဓိကသော့ချက်ဖြစ်ကြောင်း သမ္မတ ဘတ်ရှာအယ်လ်အာဆတ်က အောက်တိုဘာ ၂၂ ရက်က အနောက်မြောက်ပိုင်းခရီးစဉ်တွင် ပြောကြားလိုက်သည်။

ဂရုန်းသုန်းကားအခြေအနေများကို ဖြေရှင်းရေးနှင့် ဆီးရီးယား၏ တခြားနေရာများတွင် ဖြစ်ပွားနေသော အကြမ်းဖက်ဝါဒများကို ဖြေရှင်းပေးရာတွင် အီဒလစ်တိုက်ပွဲသည် အခြေခံအကျဆုံးနေရာမှ ပါဝင်လာခဲ့သည်ဟု ရှေ့တန်းမြို့ဖြစ်သည့် အယ်လ်ဟာဘစ်တွင် သမ္မတက တပ်ဖွဲ့ဝင်များကို ပြောကြားသောမိန့်ခွန်းမှကောက်နုတ်ပြီး သမ္မတရုံးက ဖော်ပြခဲ့သည်။

ထို့အတူ စစ်ဝတ်စုံများ တူညီဝတ်ထားသော တပ်ဖွဲ့ဝင်များခြံရံလျက်ရှိနေသည့် သမ္မတပုံကိုလည်း ဖော်ပြခဲ့သည်။ ဆီးရီးယားတပ်ဖွဲ့ဝင်များ နိုင်ငံမြောက်ပိုင်းဒေသအချို့၌ တပ်ဖြန့်ချထားပြီးနောက်မှာ သမ္မတ၏ မှတ်ချက်စကားထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ အဆိုပါနေရာတွင် တပ်ဖြန့်ချထားခြင်းခံရသော တပ်ဖွဲ့ဝင်များသည် တူရကီ ကျူးကျော်စစ်တွင် ပါဝင်လာသည့် ကာ့ဒ်တပ်ဖွဲ့များကို ကူညီထောက်ပံ့မှုများ လုပ်ဆောင်ပေးနေကြောင်း နိုင်ငံပိုင်သတင်းအေဂျင်စီဖြစ်သည့် ဆာနားသတင်းအေဂျင်စီက သတင်းဖော်ပြခဲ့သည်။

စစ်ပွဲ၏ အနိမ့်အမြင့် အတက်အကျအပြောင်းအလဲကြားတွင် အာဆတ်၏ တပ်ဖွဲ့ဝင်များသည် နိုင်ငံ၏ ၆၀ ရာခိုင်နှုန်းခန့်ကို ထိန်းချုပ်နိုင်ခဲ့ပြီးဖြစ်သလို သမ္မတကလည်း အီဒလစ်အပါအဝင် နိုင်ငံ၏ မည်သည့်နေရာမဆို ၎င်း၏ အုပ်ချုပ်မှုအောက် ပြန်လည်ရောက်ရှိအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

တစ်ချိန်က ဒေသခံ သုံးသန်းကျော်နေထိုင်ခဲ့ပြီး ယခုအခါ ထက်ဝက်ခန့် တခြားဒေသများသို့ ပြောင်းရွှေ့သွားပြီဖြစ်သည့် အီဒလစ်ဒေသသည် သူပုန်များ၏ နောက်ဆုံးခြေကုပ်ယူရာ နေရာတစ်ခုဖြစ်ခဲ့သည်။

**အေအက်ဖ်ပီ**




ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်

# နိုင်ငံတကာ သတင်းတိုထွာ

## အမေရိကန်-မြောက်ကိုရီးယား ဆွေးနွေးပွဲများကို ဆိုဒ်ဒင် ဆက်လက် အထောက်အကူပြုမည်

**စတော့ဟုမ်း အောက်တိုဘာ ၂၃**

အမေရိကန်ပြည်ထောင်စုနှင့် မြောက်ကိုရီးယားနိုင်ငံတို့အကြား နျူကလီးယား လက်နက်ဖျက်သိမ်းရေးဆိုင်ရာ လုပ်ငန်းအဆင့် ဆွေးနွေးပွဲများကို ဆက်လက် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း ဆွီဒင်သံအမတ်ကြီးက ပြောကြားလိုက်သည်။

ကိုရီးယား ကျွန်းဆွယ်ဆိုင်ရာ ဆွီဒင်အထူးသံတမန် ကန့်ဟာစတက်က အောက်တိုဘာ ၂၃ ရက်တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အောက်တိုဘာ ၅ ရက်က စတော့ဟုမ်း၌ ပြုလုပ်သည့် အကြိုဆွေးနွေးပွဲများ စီစဉ်ထားသည်ထက် ပိုမိုကြာမြင့်ခဲ့ကြောင်းနှင့် တစ်ဖက်၏အသံကို တစ်ဖက်က နားစွင့်နိုင်မည့် အခွင့်အလမ်းကောင်းများ ရှိခဲ့ကြောင်း ၎င်းကပြောသည်။

နောက်တစ်ကျော့ ဆွေးနွေးမှုများ ယခုနှစ်အတွင်း ကျင်းပနိုင်ဖွယ်ရှိ မရှိနှင့် ပတ်သက်၍ မေးမြန်းရာတွင် ဟာစတက်က ၎င်းအနေဖြင့် ဆက်လက် ကျင်းပနိုင်မည်ဟု မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။ ဆွေးနွေးပွဲများ အဆုံးသတ်သွားလိုသည်ဟု မည်သည့်ဘက်ကမျှ ပြောဆိုထားခြင်းမရှိဟု ဆိုသည်။

**အင်န်အိတ်ချ်ကေ**

## ဂျပန်ကေရာဇ် နန်းတက်ခြင်း အထိမ်းအမှတ်အဖြစ် အစိုးရက ပြစ်ဒဏ် ပယ်ဖျက်မှု အတည်ပြု

**တိုကျို အောက်တိုဘာ ၂၃**

ဂျပန်ကေရာဇ် နာရူဟီတို နန်းတက်ပွဲကျင်းပသည့် အထိမ်းအမှတ်အနေဖြင့် ဂျပန်အစိုးရက ပြစ်ဒဏ်ပယ်ဖျက်မှုတစ်ခုကို အတည်ပြုပေးလိုက်ကြောင်း သိရသည်။

အဆိုပါပြစ်ဒဏ် ပယ်ဖျက်မှုတွင် ထောင်ဒဏ်ကျခံပြီးသူများ အပါအဝင် အချိန်အတိုင်းအတာတစ်ခုအတွင်း ပြစ်မှုကျူးလွန်ခြင်း မရှိသူများအထိ ပါဝင်ပြီး လူပေါင်း ၅၅၀၀၀၀ အတွက် အကျုံးဝင်သည်ဟု ဆိုသည်။ မိမိကျူးလွန်ခဲ့သော ပြစ်မှုအတွက် ပြစ်ဒဏ်ကို ကျခံပြီးနောက် သုံးနှစ်ကျော်သူများ ပြစ်ဒဏ်ပယ်ဖျက်မှုတွင် အကျုံးဝင်မည်ဖြစ်သည်။

ဂျပန်ကေရာဇ် ထီးနန်းတက်ပွဲ အခမ်းအနား ကျင်းပပြီးနောက် ယခုကဲ့သို့ ပြစ်ဒဏ်ပယ်ဖျက်ပေးခြင်းသည် ၂၆ နှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ရွေးကောက်ပွဲမှာ ပွတ်ကာသီကာလေး အနိုင်ရခဲ့တဲ့ ဂျက်စတင်ထရူးဒိုးရဲ့ လစ်ဘရယ်ပါတီ

**ခြူးစန္ဒီနွေး**

ကနေဒါရွေးကောက်ပွဲ ပြီးသွားတဲ့နောက်မှာတော့ လက်ရှိဝန်ကြီးချုပ် ဂျက်စတင် ထရူးဒိုးရဲ့ လစ်ဘရယ် ပါတီအနိုင်ရရှိခဲ့ပါတယ်။ အနိုင်ရရှိခဲ့တယ်ဆိုပေမယ့် မဲအများကြီးနဲ့ အပြတ်အသတ်အနိုင်ရခဲ့တာ မဟုတ်ပါဘူး။ ပွတ်ကာသီကာ မဲအရေအတွက်နဲ့ အနိုင်ရခဲ့တာပဲဖြစ်ပါတယ်။




ကနေဒါရွေးကောက်ပွဲရလဒ်ဖော်ပြထားရှိမှုကို တွေ့ရစဉ်။

### အခက်အခဲတွေကြုံလာနိုင်

ဂျက်စတင်ထရူးဒိုးရဲ့ပါတီဟာ အာဏာကို ဆက်လက်ထိန်းသိမ်းလိုက်နိုင်ပေမယ့် အစိုးရအဖွဲ့မှာဝန်ကြီးချုပ်အဖြစ်ဆောင်ရွက်ဖို့တော့ မတတ်နိုင် လောက်ပါဘူး။ လစ်ဘရယ်တွေကတော့ အမတ်နေရာ ၁၅၇ နေရာရရှိခဲ့ပါတယ်။ ဒါဟာအစိုးရအဖွဲ့ဖွဲ့ဖို့အတွက်လုံလောက်တဲ့အခြေအနေ မရှိပါဘူး။ လက်ရှိအနေအထားအရတော့ မစ္စတာ ထရူးဒိုးရဲ့ ဒုတိယသက်တမ်းအတွက် အခက်အခဲတွေ ကြုံတွေ့လာနိုင်ပါတယ်။ အတိုက်အခံကွန်ဆာဗေးတစ်တွေကတော့ မဲအများကြီးရရှိဖို့ မျှော်လင့်ခဲ့ကြပေမယ့် လက်တွေ့မှာတော့ ထင်သလောက် မရခဲ့ပါဘူး။ အရင်တုန်းက သူတို့ဟာ ၉၅ နေရာရရှိခဲ့ပြီး ယခုအခါမှာတော့ ၁၂၁ နေရာရရှိခဲ့ပါတယ်။ Bloc Quebecois ပါတီကတော့ အောက်လွှတ်တော်မှာ အမတ်နေရာ ၃၂ နေရာရရှိခဲ့ပြီးတော့ တတိယ အကြီးဆုံးပါတီဖြစ်လာခဲ့ပါတယ်။

### စမ်းသပ်မှုတစ်ခု

အောက်တိုဘာ ၂၁ ရက်က မဲရလဒ်အဖြေ သိရတဲ့နောက်မှာတော့ လက်ဝဲယိမ်းပါတီဖြစ်တဲ့ နယူးဒီမိုကရက်တစ် ပါတီ (NDP) ဟာ အမတ်နေရာရရှိမှု အရင်တုန်းကနဲ့စာရင် လျော့ကျလာပေမယ့် ခေါင်းဆောင် ဂျက်မီဆင်းကတော့ လူထုကို လွှမ်းမိုးနိုင်တဲ့သူ ဖြစ်လာနိုင်တဲ့အခြေအနေရှိနေတုန်းပါပဲ။ အမတ်နေရာ ၃၃၈ နေရာ ရှိတဲ့ပါလီမန်မှာ နယူးဒီမိုကရက် တစ်ပါတီဟာ ၂၄ နေရာရရှိခဲ့ပါတယ်။ အခုကျင်းပတဲ့ အထွေထွေရွေးကောက်ပွဲကတော့ ဂျက်စတင်ထရူးဒိုးအတွက် စမ်းသပ်မှုတစ်ခုဆိုရင်လည်း မမှားပါဘူး။ ဂျက်စတင်ထရူးဒိုးရဲ့ ပထမဝန်ကြီးချုပ်သက်တမ်းမှာတော့ လမ်းကြမ်းကို ဖြတ်သန်းခဲ့ရပြီး မကောင်းသတင်းကြောင့်လည်း အစွန်းအထင်း ထင်ကျန်ခဲ့ရပါတယ်။

### ကျေးဇူးတင်စကားဆို

မစ္စတာ ထရူးဒိုးကတော့ သူ့ကိုထောက်ခံခဲ့သူတွေနဲ့အတူ အောင်ပွဲခံခဲ့ပြီး ဒီလူတွေဟာ ခြိုးခြံချွေတာရေးအစီအစဉ်ကို ငြင်းပယ်ခဲ့ကြပြီး ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွေ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စတွေမှာ အရေးတယူဆောင်ရွက်ဖို့အတွက် မဲပေးခဲ့ကြပါတယ်။ အားလုံးရဲ့ထောက်ခံပေးမှုကို ကျေးဇူးတင်ပါတယ်။ တိုင်းပြည်ကို မှန်ကန်တဲ့လမ်းကြောင်းအတိုင်းသွားနိုင်ဖို့ ကျွန်တော်တို့ကို ယုံကြည်ပေးခဲ့ကြတာကို ကျေးဇူးတင်ပါတယ်လို့ ထရူးဒိုးက သူ့ကို ထောက်ခံသူတွေကို ပြောကြားခဲ့ပါတယ်။ ထရူးဒိုးရဲ့ မဲရလဒ်ဟာအရင်တုန်းကနဲ့ယှဉ်ရင် စိတ်ကျေနပ်ဖွယ်မရှိပေမယ့် ကွန်ဆာဗေးတစ်ခေါင်းဆောင် အန်ဒရူးချီယားအတွက်တော့ အခုမဲရလဒ်ဟာ ပိုပြီးမခံချင်စရာကောင်းလှပါတယ်။

### ထောက်ခံမှု ကျဆင်းလာ

ဘာကြောင့်မလို့ မစ္စတာထရူးဒိုးအပေါ် ထောက်ခံမှုတွေ လျော့ကျလာခဲ့ရတာလဲ။ မစ္စတာ ထရူးဒိုးဟာ ၂၀၁၅ ခုနှစ်မှာ စစ်မှန်တဲ့ပြောင်းလဲမှု၊ တိုးတက်မှု တစ်သီကြီးဖြစ်ရမယ်ဆိုပြီး ကတိတွေနဲ့အတူ ရွေးကောက်ပွဲမှာ အနိုင်ရလာခဲ့ပါတယ်။ ဒါပေမယ့် အာဏာရပြီး လေးနှစ်ရှိလာတဲ့အခါမှာတော့ သူပေးခဲ့တဲ့ကတိတွေ အတိုင်းလိုက်ပါဆောင်ရွက်နိုင်မှုစွမ်းရည်ကို ဝေဖန်လာကြပါတယ်။ နောက်ပြီးထရူးဒိုးဟာ အထွေထွေရွေးကောက်ပွဲအတွက် ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်မယ်ဆိုပြီး ကတိပေးခဲ့ပေမယ့် အဲဒီကတိကို လျင်လျင်မြန်မြန်ပဲ စွန့်လွှတ်ခဲ့တဲ့အတွက် အပြောင်းအလဲကို မျှော်လင့်ထားကြတဲ့ လက်ဝဲယိမ်းမဲဆန္ဒရှင်တွေကို ဒေါသထွက်စေခဲ့ပါတယ်။

### နိုင်ငံရေးပုံရိပ်ထိခိုက်ခဲ့ရ

ရွေးကောက်ပွဲမှာပေးခဲ့တဲ့ ကတိတွေနဲ့ ပတ်သက်ပြီး မကျေနပ်မှုတွေဖြစ်ပေါ်ခဲ့သလို တခြားတစ်ဖက်မှာလည်း နောက်ထပ်ပြဿနာတစ်ခု ဖြစ်လာခဲ့ပါတယ်။ အဲဒါကတော့ မျက်နှာကို အမည်းရောင်မိတ်ကပ်လိမ်းပြီး အာရပ်ဝတ်စုံဝတ်ကာ ဓာတ်ပုံရိုက်ခဲ့လို့ပါပဲ။ အဲဒီပုံဟာ ၂၀၀၁ ခုနှစ်က ကျောင်းကပွဲတုန်းက ရိုက်ခဲ့တဲ့ဓာတ်ပုံလည်းဖြစ်ပါတယ်။ အဲဒီဓာတ်ပုံကြောင့် မစ္စတာထရူးဒိုးရဲ့ နိုင်ငံရေးပုံရိပ်ကို ထိခိုက်ခဲ့ရပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာ ၁၉ ရက်မှာတော့ ထရူးဒိုးဟာ ကနေဒါပြည်သူတွေကို တရားဝင်တောင်းပန်စကားဆိုခဲ့ပါတယ်။ နိုင်ငံရေးလောကထဲကိုမဝင်ခင်အပျော်အပျက်လုပ်ခဲ့တဲ့ ဓာတ်ပုံဖြစ်ပေမယ့် အသားအရောင်ခွဲခြားတယ်၊ လူမျိုးရေးအရ ခွဲခြားဆက်ဆံရာရောက်တယ်ဆိုပြီး သူ့အပေါ်ဝေဖန်မှုတွေကတော့ အများကြီးပါပဲ။

### ဂုဏ်ယူကြောင်းပြောဆို

ကွီဘက်နဲ့ ကနေဒါ အနောက်ပိုင်း ပြည်နယ်တွေမှာ ထရူးဒိုး မိန့်ခွန်းပြောခဲ့ရာမှာ သူ့အပေါ် မဲဆန္ဒရှင်တွေစိတ်ပျက်နေကြတယ်ဆိုတာသိပါတယ်လို့ ပြောခဲ့ပါတယ်။ အဲဒီနေရာတွေမှာ ထရူးဒိုးရဲ့ ပါတီဟာ ထောက်ခံမှုကျဆင်းနေပါတယ်။ အတိုက်အခံပါတီမှ မစ္စတာ ချီယားကတော့ သူ့ရဲ့ကွန်ဆာဗေးတစ်ပါတီအဖွဲ့အတွက် ဂုဏ်ယူကြောင်းပြောဆိုခဲ့ပါတယ်။ အခုဆိုရင်သူတို့ရဲ့ပါတီကိုမစ္စတာထရူးဒိုးလည်း သတိထားနေရပြီလို့ပြောခဲ့ပါတယ်။ မစ္စတာထရူးဒိုးရဲ့ခေါင်းဆောင်မှုဟာ ပျက်စီးနေပြီး အစိုးရအဖွဲ့ဟာလည်း မကြာခင်မှာပဲ ပျက်သွားလိမ့်မယ်လို့ ပြောခဲ့ပါတယ်။ ရာခိုင်နှုန်းအားဖြင့် ကြည့်မယ်ဆိုရင် အတိုက်အခံ ကွန်ဆာဗေးတစ်ပါတီဟာ ၃၄ ဒသမ ၄ ရာခိုင်နှုန်းရရှိခဲ့ပြီး လစ်ဘရယ်ပါတီကတော့ ၃၃ ရာခိုင်နှုန်းသာရရှိခဲ့ပါတယ်။ ဒါပေမယ့်လည်းမဲဆန္ဒနယ်တိုင်းမှာ မဲအများဆုံးရရှိသူကသာ အနိုင်ရရှိသည့်စနစ်မို့ ရာခိုင်နှုန်းသာခဲ့ပေမယ့် အမတ်နေရာမှာတော့ မသာခဲ့ပါဘူး။

### အနာဂတ်အတွက်သာ အလေးထားပါ

နယူးဒီမိုကရက်တစ်ပါတီခေါင်းဆောင် မစ္စတာ ဆင်းက သူ့ရဲ့ ဇာတိဖြစ်တဲ့ ဘန်းဘိုင်မြို့မှာ မိန့်ခွန်းပြောခဲ့ရာမှာတော့ မဲရလဒ်နဲ့ ပတ်သက်ပြီး စိတ်မချမ်းမသာဖြစ်ရတာကို တောင်းပန်ပါတယ်။ ဒါပေမယ့်လည်း စိတ်မပျက်ပါနဲ့၊ အနာဂတ်အတွက်ပဲ အလေးထားပါလို့ ပြောကြားခဲ့ပါတယ်။ ကနေဒါနိုင်ငံသားတွေရဲ့ ဘဝဟာအရင်ကထက်ပိုပြီး ကောင်းမွန်လာစေရမယ်လို့ သူက ကတိခံခဲ့ပါတယ်။ ဂရင်းပါတီခေါင်းဆောင် အဲလိဇဘက်မေကတော့ အခုရွေးကောက်ပွဲဟာ အောင်မြင်မှုတစ်ခုလို့ပြောပါတယ်။ ၂၀၁၅ ခုနှစ်ကနဲ့ယှဉ်ရင် သူ့ရဲ့ပါတီဟာ အမတ်နေရာသုံးနေရာ ပိုရခဲ့ပါတယ်။

### ညွန့်ပေါင်းအစိုးရဖွဲ့မှာလား

အခုဆိုရင် မစ္စတာထရူးဒိုးရဲ့အောင်မြင်မှုအတွက် ကမ္ဘာ့ခေါင်းဆောင်တွေကလည်း ဝမ်းမြောက်ကြောင်း စကားဆိုကြပါတယ်။ အမေရိကန်သမ္မတ ထရမ့်ကလည်း ထရူးဒိုးအတွက် ဝမ်းမြောက်ကြောင်း စကားဆိုခဲ့ပါတယ်။ အနည်းစုနဲ့ အစိုးရဖွဲ့ဖို့ဆိုတာ ထူးခြားတဲ့အရာတော့ မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ ၁၅ နှစ်တာကာလအတွင်းမှာ သုံးကြိမ်ဖြစ်ခဲ့ဖူးပါတယ်။ ညွန့်ပေါင်းအစိုးရ ဖွဲ့ဖို့ကတော့ ရှားပါးတဲ့ဖြစ်စဉ်တစ်ခုပါ။

၂၀၀၈ ခုနှစ် တုန်းက လစ်ဘရယ်နဲ့ နယူးဒီမိုကရက်တစ်ပါတီတို့ဟာ ကြိုးစားခဲ့ပေမယ့် ကွန်ဆာဗေးတစ် ဝန်ကြီးချုပ်ဖြစ်တဲ့ စတက်ဖင်ဟာပါက ပါလီမန်ကိုအချိန်ဆွဲခဲ့တဲ့အခါမှာတော့ အဲဒီကြိုးပမ်းမှုဟာ ပျက်ပြားခဲ့ရပါတယ်။ ဒါကြောင့်လည်း နယူးဒီမိုကရက် တစ်ပါတီနဲ့ လစ်ဘရယ်ပါတီတို့ကြား ထင်ရှားတဲ့ဆက်စပ်မှု နောက်တစ်ကြိမ်ရှိလာလိမ့်မယ်လို့ လေ့လာသုံးသပ်သူတွေက ယူဆကြပါတယ်။

### ဖိအားပေးမှာလား

Bloc Quebecois ပါတီဟာ ညွန့်ပေါင်းအစိုးရအဖွဲ့မှာ မပါဝင်ဘဲ နောက်ထပ်ရွေးကောက်ပွဲတစ်ခုထပ်လုပ်ဖို့ ဖိအားပေးတစ်မျိုးလည်း လုပ်လာနိုင်တယ်လို့လည်း အချို့က ယူဆကြပြန်ပါတယ်။ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင် မစ္စတာချီယားကတော့ မဲဆွယ်စည်းရုံးစဉ်ကာလတုန်းက ကနေဒါပြည်သူတွေရဲ့ဘဝနဲ့ ဝင်ငွေအပေါ် အဓိကသက်ရောက်မှုရှိအောင် ပြုလုပ်မယ်ဆိုပြီး ကြွေးကြော်ခဲ့ပါတယ်။ ဒါပေမယ့်လည်း သူဟာ လိင်တူလက်ထပ်ခြင်းနဲ့ ကိုယ်ဝန်ဖျက်ချခြင်းတို့မှာ ကွန်ဆာဗေးတစ်ပါတီအနေနဲ့ ဘယ်ဘက်က နေရပ်တည်ရမလဲဆိုတာကို အာရုံစိုက်နေရပါတယ်။ ။

**ကိုးကား -ဘီဘီစီ**

# ထားဝယ်ဆိုတာ လူငယ်တွေအတွက်ပါ

## Why Should We Travel Dawei while We're Young အပိုင်း(၁)

Thiha, the Traveller @ သီဟလုလင်

ဘာတဲ့။ အရင်ကဆို ထားဝယ်ဆိုတာနဲ့ မျက်လုံးထဲမြင်မိတာက ရှင်ကိုးရှင် ဘုရားဖူးခရီးစဉ်ဆိုပြီး သတင်းစာတွေက ကြော်ငြာအပိုင်းအစလေးတွေချည်းပဲ။ အဲဒီတုန်းက ကျွန်တော်ကိုယ်တိုင်လည်း ထားဝယ်ဆိုရင် လည်စရာက ဘုရားတွေပဲရှိမယ် ထင်ခဲ့ဖူးတယ်။ ကမ်းခြေဆိုတာကလည်း မောင်းမကန်လောက်ပဲရှိတာထင်ခဲ့ဖူးတာကိုး။ ၂၀၁၈ ခုနှစ် အစောပိုင်း ဖေဖော်ဝါရီလောက် ထားဝယ်ကို ရောက်သွားတဲ့အချိန်မှ အထင်နဲ့အမြင် သေချာလွဲနေမှန်း သိလိုက်ရတယ်။ ထားဝယ်ဆိုတာ လူငယ်တွေနဲ့ ဒီလိုကိုက်ညီတဲ့ သဘာဝဆန်ဆန် အလှတွေအပြည့်ရှိတဲ့နေရာမှန်း သိလိုက်ရတယ်။


ရှင်ကိုးရှင်ထဲက ရှင်ဥသြစေတီ။

### ဘာလို့ လူငယ်ဆန်တဲ့ ထားဝယ်လို့ ဆိုတာလဲ

ဟုတ်တယ်၊ လူငယ်ဆန်တယ်။ အရင်ခေတ် နှစ်တွေတုန်းကထက် ဒီနှစ်ပိုင်း ဒီခေတ်ပိုင်း လူငယ်တွေဟာ သဘာဝကိုပိုချစ်ပြီး သဘာဝနဲ့ ပိုနေလာကြတယ်။ အမြင်ကျယ်လာကြတဲ့ သဘောပေါ့။ ထားဝယ်မှာ လူငယ်တွေ လုပ်စရာအတော်များများရှိနေတယ်။ သဘာဝဆန်ဆန် ကမ်းခြေမှာ Camping လုပ်မယ်၊ ရေအောက်ငုပ်ပြီး ပင်လယ်ရေသတ္တဝါတွေနဲ့ သန္တာကျောက်ဆောင် ကျောက်ခက်တွေကြည့်မယ်၊ တောင်တက်မယ်၊ ကျောက်ဆောင်တွေတက်မယ်၊ ကယက်လှေလှော်မယ်၊ လှေစီးမယ်၊ ကျွန်းတွေလည်မယ်၊ ကမ်းခြေတွေ တစ်ခုပြီးတစ်ခု လည်မယ်၊ သစ်တောတွင်း ချောင်းလေးနံဘေးမှာ Camping လုပ်မယ်၊ သဘာဝရေပူကန်တွေ ရှာဖွေပြီး ရေစိမ်ရေချိုးမယ်၊ ကမ်းခြေမှာ လူငယ်ဆန်ဆန် ဘားလှလှလေးတွေ ထိုင်မယ်၊ ပင်လယ်စာ လတ်လတ်ဆတ်ဆတ်တွေ စားမယ်။ ဒီလို လူငယ်ပီပီ ငယ်ရွယ်ကျန်းမာ သန်စွမ်းချိန် လုပ်ဆောင်နိုင်တဲ့အချက်အလက်တွေ အကုန်ပြည့်စုံနေတော့ လူငယ်တွေမှ ထားဝယ်မလာရင် လူငယ်တစ်ယောက်ရဲ့ စစ်မှန်တဲ့ဘဝကို မခံစားဖူးသူလို့ ဆိုရမယ်။


ထားဝယ်မြို့မဈေး

### ထားဝယ်မှာလူငယ်အကြိုက် Beach Hopping

Beach Hopping ဆိုတဲ့စကားကို မြန်မာလူငယ်အတော်များများက ရင်းနှီးမှုမဟုတ်ပေမယ့် ခရီးသွားခြင်းကို စွဲလမ်းကြသူတွေ၊ နိုင်ငံတကာခြေဆန့်နေသူတွေကတော့ သိကြပါတယ်။ လူငယ်ပီပီ လွတ်လွတ်လပ်လပ် ကမ်းခြေတစ်ခုပြီးတစ်ခု ခြေဆန့်တာမျိုးပါ။ ထားဝယ်ဟာ ကမ်းခြေတွေတစ်ခုနဲ့တစ်ခု သိပ်မဝေးဘဲသွားလာနိုင်တဲ့ အကွာအဝေးတွေမှာတည်ရှိနေပြီး သဘာဝဆန်ဆန် အရိုင်းဆန်ဆန် ကမ်းခြေတွေ အများအပြားရှိနေတာမို့ ပင်လယ်ချစ်သူခရီးသွားတွေအတွက် သိပ်လည်ချင်စရာပါ။ ထားဝယ်ကနေ သိပ်မဝေးတဲ့ လောင်းလုံးဘက်ကို ကား၊ ဆိုင်ကယ်လေးနဲ့ ခရီးဆန့်ပြီး လောင်းလုံးဘက်က ကမ်းခြေတွေအများကြီးကို အပန်းဖြေနိုင်ပါတယ်။ လည်လို့ကောင်းတဲ့ ကမ်းခြေတွေကတော့ မောင်းမကန်ကမ်းခြေ (လူစည်ကားရှုပ်ထွေး၊ စားသောက်ဆိုင်များပြား၊ ရေနောက်တတ်)၊ ဘိုးဘိုးကျောက်ကမ်းခြေ (လူစည်ကား၊ စားသောက်ဆိုင်အသင့်အတင့်၊ ရေကြည်ပြီး သဲသောင်ကျယ်)၊ ဆင်းထောက်ကမ်းခြေ (ဒီရေတောဖြတ်ပြီး သွားလာရ၊ လမ်းလျှောက်/လှေစီးသွားလာရ)၊ သယောင်ကမ်းခြေ၊ တီဇစ်ကမ်းခြေ၊ ပညစ်ကမ်းခြေ၊ ရှင်မော်ကမ်းခြေ၊ မြင်းခွာအော်ကမ်းခြေစတဲ့ ကမ်းခြေတွေကို သွားလာနိုင်ပါတယ်။ ဒီကမ်းခြေတွေအပြင် တခြားအရိုင်းကမ်းခြေတွေ၊ လူသိပ်မသိသေးတဲ့ ကမ်းခြေတွေလည်း အများကြီး ရှိပါသေးတယ်။ ဒါကြောင့် လူငယ်ဆန်တဲ့ ထားဝယ်မှာ စွန့်စားသွားလာရင်း ဘဝအဓိပ္ပာယ်ကို ရှာဖွေနိုင်ပါတယ်။

ဒီကမ်းခြေတွေထဲက ကမ်းခြေတချို့မှာတော့ သက်ဆိုင်ရာ Resort လေးတွေရှိတတ်သလို တချို့မှာတော့ ကိုယ့်အစီအစဉ်နဲ့ကိုယ် Tent ထိုး နေထိုင်နိုင်ပါတယ်။ ဒါပေမယ့် ကိုယ့်ရဲ့ချက်ပြုတ်စားသောက်တာ၊ မီးလှုံတာတွေကြောင့် ဘေးမဖြစ်ရလေအောင်၊ ကိုယ့်အမှိုက်ကြောင့် သဘာဝပျက်စီးတာတွေ မဖြစ်ရလေအောင်တော့ သတိပြုသင့်ပြီး ဒီလို မစီစဉ်တတ် စီစဉ်တတ်နဲ့ စမ်းတဝါးဝါးစီစဉ်တာထက် ဒေသခံလမ်းညွှန်တွေ၊ ဒေသခံ Tour Service တွေနဲ့ ချိတ်ဆက်စီစဉ်ခိုင်းတာ ပိုသင့်လျော်ပါတယ်။

ထားဝယ်နဲ့ခွဲမရတဲ့ ရှင်ကိုးရှင် "ဈေးသုံးလည်းမလွယ်နဲ့ ရှေးထုံးလည်းမပယ်နဲ့" ဆိုတဲ့စကားအတိုင်း ရှေးအစဉ်အဆက်က ဘုရားဖူးခရီးစဉ် အဖြစ် နာမည်ကျော်ခဲ့တဲ့ ရှင်ကိုးရှင်ဘုရားတွေကိုလည်း အချိန်ရရင် လှေလာဖူးမြော်သင့်တာပေါ့။ ဒါမှလည်း ဒေသ တစ်ခုရဲ့သမိုင်းနဲ့ ကိုးကွယ်ယုံကြည်မှု၊ ရှေးဟောင်း အဆောက်အဦနဲ့ အစဉ်အလာတွေကို နားလည်သိရှိဗဟုသုတယူနိုင်မှာလေ။ ဆိုတော့ ထားဝယ်ရောက်ပြီး ထားဝယ်ရဲ့ အထင်ကရ ရှင်ကိုးရှင်ဘုရားတွေ မဖူးပြန်ရင်လည်း မဟုတ်ပြန်ဘူး။ ရှင်ထားဝယ်ရှင်ကိုးရှင်ကတော့ ရှင်ဆံတော်စေတီ (ကလိန်အောင်မြို့အနောက်၊ တောင်ပေါ်တွင်တည်ထား)၊ ရှင်ဓာတ်ဝဲစေတီ (မောင်မယ်ရှောင်ရွာ၊ တောတွင်တည်ထား)၊ ရှင်ဥသြစေတီ (ပိန္နဲတောရပ်ကွက်၊ ထားဝယ်မြို့တွင် တည်ထား)၊ ရှင်ပင်ခရုစေတီ (ကရပ်ပြင်ရပ်ကွက်၊ ထားဝယ်မြို့တွင်တည်ထား)၊ ရှင်မုတ္ထီးစေတီ (ရှင်မုတ္ထီးရွာ၊ မြို့အနီးတည်ထား)၊ ရှင်တောင့်ပုံစေတီ (သရက်ချောင်းမြို့ အရှေ့၊ တောင်ပေါ်တွင်တည်ထား)၊ ရှင်မော်တောင်စေတီ (လောင်းလုံးမြို့နယ်၊ ကြက်လွှတ်ရွာ၊ တောင်ပေါ်တွင်တည်ထား)၊ ရှင်ဇလွန်စေတီ (မြို့ဟောင်းရွာ၊ တောတွင်တည်ထား)၊ ရှင်တောက်ထိန်ဘုရား (လောင်းလုံး မြို့နယ်၊ ကမြောကင်းရွာ၊ တောတွင်တည်ထား)တို့ပါ။

ရှင်ကိုးရှင် ဘုရားစေတီတွေထဲမှာဆိုရင် အရင်ကတော့ ရုပ်ပွားတော်က နှစ်ဆူနဲ့ စေတီက ခုနစ်ဆူရှိရာကနေ အခုတော့ ရုပ်ပွားတော်တစ်ဆူနဲ့ စေတီက ရှစ်ဆူဖြစ်သွားပါပြီ။ ရုပ်ပွားတော်တွေကိုငုံပြီး စေတီတည်လိုက်လို့ပါ။ ရှင်ကိုးရှင်ကို နေ့ချင်းဖူးနိုင်ပေမယ့် နှစ်ရက်ခွဲပြီးဖူးတာ ပိုသက်သောင့်သက်သာဖြစ်သလို အခြားသွားလည်ပတ်စရာလေးနဲ့ တွဲဖက်လုပ်ဆောင်ရင် ခရီးစဉ်က ပိုပြီးပေါ့ပေါ့ပါးပါး ဖြစ်လာမှာပါ။

### လည်ပတ်မကုန် ထားဝယ်အစုံ

ကမ်းခြေတွေ၊ ဘုရားတွေသွားပြီးလို့ တောင်တက် (Hiking)၊ လမ်းလျှောက် (Terking) လုပ်ချင်သူတွေအတွက် နေရာသစ်တွေလည်းရှိနေသလို ဆက်ပြီးဖော်ထုတ်နေတာတွေလည်း ရှိနေပါတယ်။

### တလိုင်းယာချောင်း

တလုံးထာရွာအနီးက တလိုင်းယာချောင်းလေးဆီကို အလည်လာကြသူတွေနဲ့ စည်ကားလာပါပြီ။ ဒီတလိုင်းယာချောင်းလေးဟာ ရေတံခွန်လေးတွေနဲ့ တောတောင်လေးတွေကြား သာယာတဲ့နေရာလေးပါ။ သွားတဲ့လမ်းက တောင်လေးတွေကိုပတ်သွားရတော့ ချောက်အတွင်းက ချောင်းလေးကို မြင်လိုက်တာနဲ့တင် စိတ်ထဲအလိုလိုပျော်လာတာ။ ချောက်အတွင်းထဲမှာမို့ လမ်းလျှောက်ဆင်းရပါတယ်။ တလုံးထာရွာက ဆရာတော်က ဦးဆောင်ပြီး ဒီဘက်တွေလည်း ပြုပြင်ထားတယ်လို့ သိရတယ်။ လှေကားတွေလည်းရှိလို့ သက်သောင့်သက်သာ ဆင်းတက်နိုင်ပါတယ်။ အောက်ဘက်မှာ ချောင်းလေးနဲ့အတူ ယာယီနားခိုဖို့ တဲဆောင်လေးတစ်ခုလည်း ဆောက်လုပ်ပေးထားပါတယ်။ ဒီတဲမှာ ညအိပ်အနားယူတာမျိုးထိ လုပ်ဆောင်နိုင်အောင် စီမံထားပုံပါပဲ။ အိမ်သာကအစ သေချာပြင်ဆင်ပေးထားပါတယ်။ မီးသုံးတာတော့ သတိပြုကြရမှာပါ။ စာအေးဆေးရေး၊ သူငယ်ချင်းတွေနဲ့ ပျော်ပျော်ပါးပါးသွားဖို့ အဆင်ပြေပါတယ်။ အမှိုက်တွေတော့ ကိုယ့်တာဝန်ကိုယ်ယူရပါမယ်။ ချောင်းလေးက အလွန်သာယာပေမယ့် မိုးတွင်းမှာ ရေစီးအလွန်သန်လို့ သတိပြုရပါမယ်။ ရေစီးများချိန် ဝဲလေးတွေလည်းရှိတတ်လို့ သတိပြုသင့်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

(ဆက်လက်ဖော်ပြပါမည်)


ဒီရေတောမှာ ကယက်လှေစီး အပန်းဖြေ။


ကြည်လင်သောရေဖြင့် တလိုင်းယာချောင်းအတွင်း။

# အိန္ဒိယက မြန်မာ့ပဲကို လိုအပ်ချက်အရ ဝယ်ယူနေသော်လည်း ဈေးနှိမ်ဟုဆို

**ရန်ကုန် အောက်တိုဘာ ၂၃**

လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာ့ပဲကို ၎င်းတို့နိုင်ငံ၏ လိုအပ်ချက်အရ ဈေးအော်ဒါသဘောမျိုးဖြင့် ဝယ်ယူနေသော်လည်း မြန်မာကုန်သည်များအနေဖြင့် ရသင့်သလောက် ဈေးမရဘဲ ဈေးနှိမ်ခံရကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောကြားသည်။

အိန္ဒိယနိုင်ငံအနေဖြင့် ယခုနှစ်တွင် ပဲလိုအပ်ချက်အရ မတ်ပဲတန်ချိန် တစ်သိန်းခွဲကို ကိုတာစနစ်ဖြင့် တင်သွင်းမည်ဟု ကြေညာချက် ထုတ်ပြန်ခဲ့သော်လည်း လက်ရှိအိန္ဒိယနိုင်ငံ၏ ပဲထွက်ရာသီတွင် ရာသီဥတုအခြေအနေအရ ပဲလိုအပ်ချက် ဆက်လက်မြင့်တက်နေကြောင်း၊ သို့ဖြစ်၍ အိန္ဒိယနိုင်ငံ ပြည်နယ်အစိုးရ၏ ခွင့်ပြုမိန့်ဖြင့် မြန်မာ့ပဲကို ဈေးအော်ဒါသဘောမျိုးဖြင့် ဝယ်ယူနေသော်လည်း ဈေးနှိမ်ခံရခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

"သူတို့ တကယ်စိုက်ပျိုးတဲ့ပြည်နယ်တွေမှာ မိုးများတာတို့၊ ရေကြီးတာတို့ ဒါတွေ တွေ့ရတာပေါ့၊ နောက် ပြည်နယ်တွေမှာ ပစ္စည်းအဝင်တွေလည်း သိပ်အားရစရာ မရှိဘူးပေါ့၊ အဲဒီတော့ ဒီအကျိုးဆက်က ဘာဖြစ်လာလဲဆိုတော့ မနှစ်ကလိုပဲ တန်ချိန်တစ်သိန်းခွဲ ကန့်သတ်ထားတဲ့အချိန် အခုဆို အောက်တိုဘာလလည်း ဝင်လာပြီပေါ့၊ ဒီတန်ချိန်တစ်သိန်းခွဲ ပြည့်ခါနီးအချိန်ကျမှ သူတို့အိန္ဒိယပြည်နယ်အစိုးရရဲ့ ခွင့်ပြုမိန့်နဲ့ ဈေးအော်ဒါခေါ်တာပေါ့လေ၊ မနှစ်ကပုံစံမျိုးဆန်ဆန် သူတို့ဝယ်ယူမှုတွေ ပြန်စတာတွေကို တွေ့ရတယ်၊ သူတို့က ပဲလိုအပ်ချက်ရှိတဲ့အခါ ကျတော့ အိန္ဒိယဘက်က ပေါ်လစီက အမျိုးမျိုး ပြောင်းလဲ လာတာပေါ့နော်၊ မနှစ်ကလည်း ထိုနည်းလည်းကောင်း မြင်ရတယ်၊ ဒီနှစ်လည်း ထိုနည်းလည်းကောင်း ထပ်မြင်ရတာပါပဲ၊ အဲဒီတော့ ဘယ်လိုပဲ ပြောပြော ပြည်တွင်းမှာ ပဲဈေး အထိုက်အလျောက် ပြန်တက်လာတာပေါ့လေ၊ ဒါပေမယ့် ပြန်တက်လာတယ်ဆိုသည့်တိုင်အောင် အိန္ဒိယမှာ တကယ်ဖြစ်နေတဲ့ ပဲဈေးထက်စာရင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာဖြစ်နေတဲ့ ပဲဈေးက တစ်တန်ကို ဒေါ်လာ ၂၅၀ လောက် နိမ့်နေတာကို တွေ့ရပါတယ်"ဟု အတွင်းရေးမှူးက ပြောသည်။

ထိုသို့ အိန္ဒိယနိုင်ငံ၏ ပေါ်လစီအမျိုးမျိုးကြောင့် ပဲစိုက်တောင်သူများ နစ်နာမှုမရှိစေရန် အစိုးရချင်း သဘောတူညီချက်ဖြင့် ဆောင်ရွက်ရန် ကမ်းလှမ်းထားသော်လည်း အကြောင်းပြန်ကြားမှုမရှိသေးဘဲ လက်ရှိကိုတာစနစ် သတ်မှတ်၍ ဝယ်ယူနေသောကြောင့် ကုန်သွယ်မှုတွင် အမှန်တကယ် စိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံအတွက် အားနည်းချက်တစ်ခုဖြစ်ကြောင်း သိရသည်။

"သူတို့ဘက်က ရာသီဥတုအခြေအနေအရ ပဲလိုအပ် ချက် ရှိတယ်ဆိုကာမှ ခုနပြောတဲ့ မူဝါဒအပြောင်းအလဲပေါ့နော်၊ ဒီမူဝါဒအပြောင်းအလဲတွေနဲ့ လိုအပ်ချက်ရှိတဲ့ အခါမှာ လိုအပ်ချက်ရှိသလို ဒီဘက်ကို ပဲဝယ်တယ်၊ ဒါတွေ တော့ ဖြစ်လာတယ်၊ အဲဒီတော့ ခုနကျွန်တော်ပြောသလိုပဲ လက်ရှိကိုတာစနစ်ကို အိန္ဒိယက ကျင့်သုံးနေတယ်ဆိုရင် ကျွန်တော်တို့ဘက်က ကုန်သွယ်တဲ့ အခါမှာ တစ်ဖက်ရှုံးနေတာပေါ့နော်၊ ရှုံးတယ်ဆိုတာ ဟိုဘက်မှာ ရသင့်ရထိုက်တဲ့ဈေး မရဘူး၊ အခုမှ တစ်တန်ကို ဒေါ်လာ ၆၅၀ လောက် ရလို့ ဈေးတက်လာတယ် ဆိုပေမယ့်လည်း အိန္ဒိယမှာ တကယ်ဖြစ်နေတာက တစ်တန်ကို ဒေါ်လာ ၈၀၀ ကျော် ဖြစ်နေတာ"ဟု အတွင်းရေးမှူးက ပြောသည်။

"အသင်းအဖွဲ့တွေ အစိုးရအပိုင်းတွေက ဘယ်ပဲကို စိုက်ပါ၊ ဘယ်ပဲကို မစိုက်ပါနဲ့လို့ ယတိပြတ်မပြောရဲဘူး ဆိုတာက တစ်ခါတစ်ရံကျတော့ ပြောလိုက်တဲ့စေတနာက လာမယ့်နှစ်မှာ ပဲဈေးကောင်းသွားတဲ့အခါ အပြစ်တစ်ခု ဖြစ်လာနိုင်တာကိုး၊ ဒါပေမယ့် အခြေအနေမှန်ကိုတော့ ရှင်းပြလို့ပဲရမှာ၊ အိန္ဒိယက လက်ရှိကုန်သွယ်နေတဲ့ အနေအထားကတော့ ကျွန်တော်တို့ ကုန်သွယ်မှုမှာ မျှတမှု အားနည်းတယ်ပေါ့၊ ဘာကြောင့်အားနည်းလဲဆိုတော့ ကိုတာစနစ်နဲ့ သူကလိုင်စင်စနစ် လုပ်ထားတဲ့အခါကျတော့ သူတို့လိုရင် ကိုတာကို ဖွင့်ပေးမယ်၊ မလိုရင်ပိတ်ထားမယ်ဆိုတဲ့အခါကျတော့ ဒီဘက်မှာ စိုက်ပျိုးထုတ်လုပ်တဲ့သူတွေက ကုသိုလ်ကံကောင်းရင်တော့ အထိုက် အလျောက် ဈေးရမှာပေါ့နော်၊ ဒီနှစ်ပုံစံမျိုး လိုအပ်ချက် တကယ်ရှိတဲ့အခါကျတော့ အထိုက်အလျောက် ဈေးပြန်ရလာတာပေါ့၊ တကယ်လိုအပ်ချက်မရှိတဲ့ နှစ်မျိုးသွားကြုံခဲ့ရင်တော့ အန္တရာယ်တစ်ခုရှိတာပေါ့" ဟု အတွင်းရေးမှူးက သုံးသပ်ပြောကြားသည်။

သို့ဖြစ်၍ အိန္ဒိယနိုင်ငံအနေဖြင့် ကိုတာစနစ်ကို ဆက်လက်ကျင့်သုံးမည် ဆိုပါက မြန်မာနိုင်ငံမှ တောင်သူများ အနေဖြင့် အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့သည့် ပဲများကို သတိထားပြီး စိုက်ပျိုးထုတ်လုပ်သင့်ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းထံမှ သိရသည်။ လက်ရှိအချိန်တွင် အိန္ဒိယမှ အဝယ်လိုက်နေမှုကြောင့် ပြည်တွင်းဈေးကွက်၌ မတ်ပဲအသစ်တစ်တန်လျှင် ငွေကျပ် ဆယ်သိန်းကျော်ဈေးရရှိနေကြောင်း သိရသည်။ **ငြိမ်းငြိမ်း**

# ကျောက်စိမ်းစေတီတွင် ပြည်တွင်းပြည်ပဘုရားဖူး ဧည့်သည်များအတွက် ဘာသာစကားသုံးမျိုးဖြင့် စည်းကမ်းချက်ထုတ်ပြန်မည်

**မန္တလေး အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်းတည်ရှိသည့် ကျောက်စိမ်း စေတီတွင် ပြည်တွင်းပြည်ပဘုရားဖူးဧည့်သည်များအတွက် ဘာသာစကားသုံးမျိုး ဖြင့် စည်းကမ်းချက်ထုတ်ပြန်မည်ဖြစ်ကြောင်း ဝေရောစနကျောက်စိမ်းစေတီ တော်ကြီး၏ဂေါပကအဖွဲ့မှ အတွင်းရေးမှူးဦးမောင်မောင်ဦးက ပြောသည်။

ကျောက်စိမ်းစေတီသို့ လာရောက်ဖူးမြော်ကြသည့် ပြည်ပခရီးသွားများ အနေဖြင့် ကျောက်စိမ်းများကို ခွာယူခြင်း၊ ကခုန်ခြင်း၊ စကားကျယ်လောင်စွာ ပြောဆိုခြင်းပြုလုပ်မှုများရှိလာသဖြင့် စည်းကမ်းချက် ၁၃ ချက်ကို ကြေညာချက် ထုတ်ပြန်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

"ဘာသာစကားသုံးမျိုးနဲ့ စည်းကမ်းချက်တွေထုတ်မှာဆိုတော့ စာလုံး ပေါင်းတွေ မှန်ကန်အောင်ပါမောက္ခတွေကို အကူညီတောင်းခံထားပါတယ်။ ထုတ်ပြန်မယ့်ရက်ကိုတော့ အတိကျ မပြောနိုင်သေးပါဘူး" ဟု ၎င်းက ပြောသည်။

ကျောက်စိမ်းစေတီတော်၌ ထုတ်ပြန်မည့် စည်းကမ်းချက်များမှာ နိုင်ငံခြားဘုရားဖူးဧည့်သည်များနှင့် ပက်သက်၍ ဖြစ်ပေါ်လာသည့်ကိစ္စရပ် များအားခေါ်ဆောင်လာသည့် ခရီးသွားကုမ္ပဏီမှတာဝန်ယူရန်၊ စကားပြန် များသည် မိမိဦးဆောင်သောအဖွဲ့နှင့်အတူ တစ်ပါတည်းလိုက်ပါသွားရန်နှင့် တစ်စုံတစ်ရာဖြစ်ပေါ်ပါက တာဝန်ယူဖြေရှင်းရန် စသည့်အချက်အလက်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"စည်းကမ်းချက်တွေကိုတော့ စေတီတော်ရဲ့ မုခ်လေးမုခ်မှာ ကပ်ထားမှာ ဖြစ်ပါတယ်။ ထုတ်ပြန်မယ့်ဘာသာစကားတွေကတော့ မြန်မာဘာသာ၊ အင်္ဂလိပ် ဘာသာ၊ တရုတ်ဘာသာတို့နဲ့ ထုတ်ပြန်ပေးသွားမှာ ဖြစ်ပါတယ် " ဟု ၎င်းက ပြောသည်။

ကျောက်စိမ်းစေတီတော်အတွင်း၌ စည်းကမ်းချက်များသတ်မှတ်ခြင်း အပြင်လုံခြုံရေးအတွက် စီစီတီဗွီအလုံးငါးဆယ်ခန့်တပ်ဆင်ထားပြီး ဘုရားလုံခြုံ ရေးပြည့်ဝစွာဆောင်ရွက်ထားကြောင်းသိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မကွေးဆေးတက္ကသိုလ်၌ မျက်ကြည်လွှာ၊ ခန္ဓာကိုယ်နှင့်ကိုယ်တွင်းအင်္ဂါများ စုပေါင်းလှူဒါန်း

**မကွေး အောက်တိုဘာ ၂၃**

မကွေးဆေးတက္ကသိုလ်တွင် ပညာသင်ကြားလျက်ရှိသော ဘွဲ့လွန်ကျောင်းသား ကျောင်းသူများနှင့် ဒုတိယနှစ် ဆေးကျောင်းသားကျောင်းသူများအတွက် သင်ကြားမှု၊ သင်ယူမှုတွင် အထောက်အကူပြုစေရန်အတွက် ခန္ဓာကိုယ် အလှူရှင်များ လိုအပ်လျက်ရှိရာ တန်ဖိုးရှိသော လူသားများအသင်းချုပ်က ဦးစီးဦးဆောင်ပြု၍ မျက်ကြည်လွှာ ခန္ဓာကိုယ်နှင့်ကိုယ်တွင်း အင်္ဂါများ စုပေါင်းလှူဒါန်းပွဲကို အောက်တိုဘာ ၂၁ ရက်က ဆေးတက္ကသိုလ် (မကွေး) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ စုပေါင်းလှူဒါန်းမှုတွင် မကွေး၊ နေပြည်တော်၊ ပျဉ်းမနား၊ ကျောက်ပန်းတောင်း၊ မြို့သစ်နှင့် နတ်မောက် မြို့နယ်များမှ လာရောက်လှူဒါန်းကြကာ မျက်ကြည်လွှာ အလှူရှင် ၅၈ ဦး၊ ခန္ဓာကိုယ်အလှူရှင် ၃၈ ဦးနှင့် ကိုယ်တွင်းအင်္ဂါများ အလှူရှင် ၃၃ ဦး စုစုပေါင်း ၁၂၉ ဦးတို့ လာရောက် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

မြန်မာတစ်နိုင်ငံလုံး၌ မျက်ကြည်လွှာလိုအပ်သူ များစွာရှိနေကြောင်း၊ လှူဒါန်းလိုသူတွေ အများအပြားရှိနေသော်လည်း မသိရှိ၍ မလှူကြသည်ကိုလည်း တွေ့ရကြောင်း၊ မျက်ကြည်လွှာ တင်မက ခန္ဓာကိုယ်နှင့် ကိုယ်တွင်းအင်္ဂါများပါ လှူဒါန်းလာကြသဖြင့် မျက်ကြည်လွှာ၊ ခန္ဓာကိုယ်နှင့် ကိုယ်တွင်းအင်္ဂါများ စုပေါင်းလှူဒါန်းပွဲကို ဧပြီ ၂၁ ရက်မှာ စတင်ခဲ့ပြီး လစဉ် ၂၁ ရက်တိုင်း စုပေါင်းလှူဒါန်းပွဲ ကျင်းပကြောင်းနှင့် မျက်ကြည်လွှာအတွက် အသက် ၉၀ အောက်၊ ကိုယ်တွင်းအင်္ဂါအတွက် အသက် ၄၀ အောက်၊ ခန္ဓာကိုယ်အတွက် ၁၈ နှစ်မှ အသက် ၁၀၀ ကျော်အထိ လှူဒါန်းနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**



မကွေးဆေးတက္ကသိုလ်၌ လာရောက်လှူဒါန်းကြသူများကို အောက်တိုဘာ ၂၁ ရက်က တွေ့ရစဉ်။

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃-၁၀-၂၀၁၉

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၂၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၉၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၂၀၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၈၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၄၅ | ကျပ် | ၉၅၀/၉၆၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၀/၉၆၀ | ကျပ် | ၉၆၀/၉၇၅ | ကျပ် |
| အောက်တိန်း ၉၂ | ၈၁၀/၈၅၅ | ကျပ် | ၈၈၀/၉၀၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀/၉၄၅ | ကျပ် | ၉၈၅/၁၀၀၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၃၅ . ၂ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၀၇ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၂၆ . ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၇၃ . ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၄၁၆ . ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၅၀ . ၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၇ . ၀၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၆၄၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၃၁ . ၀၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၆ . ၆၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၆၅၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၅၀၀ | ၇၉၉ | ၉၁၈၈၅၀၀ |
| MTSH | ၃၉၀၀ | ၃၉၅၀ | ၉၈၈၁ | ၃၈၅၉၄၈၀၀ |
| MCB | ၈၃၀၀ | ၈၃၀၀ | ၉၆ | ၇၉၆၈၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၁၀၁ | ၂၃၂၃၀၀၀ |
| TMH | ၃၀၀၀ | ၂၉၀၀ | ၁၃၄၆ | ၃၉၀၃၄၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com,
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fထေ ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ခေတ်သစ်စီးတီးဘတ်စ်များနှင့်မြို့ပြပို့ဆောင်ရေး

သိပ္ပံစာရေးဆရာကိုကိုအောင်




အမေရိကန်ပြည်ထောင်စု ကွင်းစ် ပြည်နယ် အတွင်း ပြေးဆွဲနေသော စီးတီးဘတ်စ်တစ်စင်း

**စီးတီးဘတ်စ်နှင့် အဝေးပြေးဘတ်စ်များ**

ကမ္ဘာ့မြို့ကြီးပြကြီးများ၌ မှီတင်းနေထိုင်လျက်ရှိသော မြို့ပြနေပြည်သူတို့၏ ကူးသန်းသွားလာရေးကိစ္စ အဆင်ပြေချောမွေ့စေရန်အတွက် မြို့၏ရေိယာနှင့် မြို့တည်နေပုံအကွက်အကွင်းတို့အပေါ် အခြေခံလျက် ဘတ်စ်ကားလိုင်းများ သတ်မှတ်ပြေးဆွဲပေးလျက်ရှိနေကြသည်။ ထိုကဲ့သို့ ပြေးဆွဲပို့ဆောင် ပေးကြရာတွင် ၂၀ ရာစုနှောင်းပိုင်းကာလအထိ မြို့တွင်းသုံး စီးတီးဘတ်စ် (City Bus)နှင့် ခရီးဝေးသွား အဝေးပြေးဘတ်စ် (Highway Bus) များ၏ အခြေခံ တည်ဆောက် တပ်ဆင်ထားပုံမှာ ကွာခြားမှု သိပ်မရှိခဲ့ပေ။

မြို့တွင်းခရီးစဉ်များမှာ တိုတောင်းပြီး အချိန်ကုန်သက်သာသောကြောင့် စီးတီးဘတ်စ်၏ ထိုင်ခုံနေရာချထားမှုနှင့် ထိုင်ခုံပုံစံတို့မှာ သာမန်မျှသာဖြစ်ခဲ့ပြီး ခရီးဝေးသွား အဝေးပြေးဘတ်စ်များကမူ ခရီးစဉ်က ရှည်လျားပြီး စီးနင်းရချိန် ကြာမြင့်လှသည့်အတွက် ထိုင်ခုံနေရာချထားမှုနှင့် ထိုင်ခုံပုံစံတို့မှာ ခရီးသည်တို့ သက်သောင့်သက်သာရှိစေရေးကို အထူးဦးစားပေး တည်ဆောက်တပ်ဆင် ပေးထားခဲ့ကြသည်။

၂၁ ရာစုထဲသို့ ချင်းနင်းဝင်ရောက်လာချိန်၌မူ မြို့တွင်း ခရီးတိုသုံး စီးတီးဘတ်စ်နှင့် ခရီးဝေးသွား အဝေးပြေးဘတ်စ်တို့၏ မတူကွဲပြားသော သဘောသဘာဝကို မော်တော်ယာဉ်အင်ဂျင်နီယာ ပညာရှင်များက သတိပြုမိလာခဲ့ကြသည်။ ခရီးဝေးသွား အဝေးပြေးဘတ်စ်များသည် တောင်တက်လမ်းခရီးများမှလွဲ၍ ကျန်ခရီးစဉ်များ၌ ခရီးစဉ်၏ ၉၀ ရာခိုင်နှုန်းကျော်အတွက် ဖြောင့်တန်းသော လမ်းပိုင်းများ၌သာ မောင်းနှင်ကြရပြီး၊ ကျန် ၁၀ ရာခိုင်နှုန်းခန့်သော လမ်းခရီးများ၌သာ အနည်းငယ် ကောက်ကွေ့သော လမ်းများ၊ အချိုးအကွေ့များလွန်းသော လမ်းများပေါ်၌ မောင်းနှင်ကြရလေ့ရှိသည်။ မြို့တွင်းသုံး စီးတီးဘတ်စ်များသည်ကား မြို့ပြတစ်ခု၏ တည်နေပုံ အကွက်အကွင်းနှင့် ဖောက်လုပ်ထားသော လမ်းကွန်ရက်အနေအထားတို့အရ အချိုးအကွေ့နှင့် အရှောင်အတိမ်း များလွန်းသော သဘောသဘာဝ ရှိနေကြသည်။

**အပေါ့စားယာဉ်နှင့် ယာဉ်ကြီးများ**

မော်တော်ယာဉ် အင်ဂျင်နီယာ ပညာအရ ဆိုရလျှင် ခရီးသည်နှင့် ကုန်စည်များစွာ တင်ဆောင်မောင်းနှင်ကြရသော City Bus, Highway Bus နှင့် Truck ယာဉ်ကြီးများကို သမားရိုးကျ နောက်ဘီးယက်စနစ် (Rear Wheel Drive System) ဖြင့်သာ တပ်ဆင်ထုတ်လုပ်ကြရပြီး အပေါ့စား Saloon နှင့် Sedan စသည့် ယာဉ်ငယ်များကို သမားရိုးကျ နောက်ဘီးယက်စနစ်ဖြင့်ရော၊ ခေတ်သစ်နည်းပညာဖြစ်သည့် ရှေ့ဘီးယက်စနစ် (Front Wheel Drive System) ဖြင့်ပါ တပ်ဆင်ထုတ်လုပ်နိုင်သည်။

နောက်ဘီးယက်စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်ထားသော Bus နှင့် Truck များ၊ Grand Saloon နှင့် Wagon များ အားလုံးသည် နောက်ဘီးယက်စနစ်နှင့် လိုက်လျောညီထွေဖြစ်အောင် ဝင်ရိုးတန်းနှင့် ကန့်လန့်ပြု၍ တပ်ဆင်ထားသော အင်ဂျင်၏ အနေအထားအရ အချိုးအကွေ့တိုင်း၌ Gyroscopic Effect ဟု ခေါ်တွင်သည့် ယာဉ်ကို လူးလွန့်သွားစေသော သက်ရောက်မှုကို အနည်းနှင့်အများ ခံကြရသည်။

မော်တော်ယာဉ် အင်ဂျင်နီယာပညာအရ အင်ဂျင်ကို ဝင်ရိုးတန်းနှင့် ကန့်လန့်ပြုလျက် အထိုင်ချ တပ်ဆင်ထားသော နောက်ဘီးယက်စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်ထားသည့် ယာဉ်များ၌ အဆိုပါ Gyroscopic Effect များကို ပျောက်ပျက်သွားအောင် လုပ်ဆောင်၍မရဘဲ အဆင့်မြင့်နည်းပညာများသုံးကာ လျော့ပါး သက်သာအောင်သာလျှင် လုပ်ဆောင်၍ ရနိုင်သည်။

အဆိုပါ နည်းပညာဆိုင်ရာအားနည်းချက်ကို တွေ့ရှိလာခဲ့ကြသည့်အတွက် ၂၀ ရာစု မကုန်မီကတည်းကပင် အပေါ့စားယာဉ်ငယ်များကို နောက်ဘီးယက်စနစ်အစား ရှေ့ဘီးယက်စနစ်ဖြင့် စတင် တပ်ဆင်ထုတ်လုပ်လာခဲ့ကြသည်မှာ ယနေ့ထိတိုင်အောင်ပင်ဖြစ်သည်။ ဤနေရာတွင် နောက်ဘီးယက်စနစ်ကိုပင် သမားရိုးကျနည်းပညာမှ ခွဲထွက်ကာ အင်ဂျင်နှင့် ဝင်ရိုးတန်းတို့ကို မျဉ်းပြိုင်အနေအထားဖြင့် တပ်ဆင်ထားသည့် ဘတ်စ်အချို့ကို လွန်ခဲ့သော နှစ်အနည်းငယ်က စမ်းသပ်ထုတ်လုပ်ခဲ့ဖူးသော်လည်း အင်ဂျင်စွမ်းအားကျဆင်းနှုန်း မြန်ဆန်သောကြောင့် ထိရောက်အောင်မြင်မှု အလွန်အားနည်းခဲ့သည်။

ခေတ်သစ်နည်းပညာဖြစ်သော အင်ဂျင်နှင့် ဝင်ရိုးတန်း အပြိုင်ဖြစ်သည့် ရှေ့ဘီးယက်စနစ် (Front Wheel Drive System)ကို အပေါ့စားယာဉ်ငယ်များ၌သာ အသုံးချနိုင်ပြီး ခရီးသည်တင်ယာဉ်များနှင့် ကုန်တင်ယာဉ်များ၊ အဆွဲအရုန်းကောင်းမွန်ရန်လိုအပ်သော Grand Saloon ခေါ် အဆင့်မြင့် ဇိမ်ခံကားများနှင့် အရေးကြီးပုဂ္ဂိုလ်များ စီးနင်း အသုံးပြုမည့် ယာဉ်များ၌ အဆိုပါနည်းပညာကို အသုံးချ၍မရနိုင်ပေ။

**ဘတ်စ်များ တပ်ဆင်ထုတ်လုပ်ခြင်း**

သို့ဖြစ်၍ အကြီးစားယာဉ်များစာရင်း၌ ပါဝင်သော စီးတီးဘတ်စ်နှင့် အဝေးပြေးဘတ်စ်များသည် သမားရိုးကျ နောက်ဘီးယက်စနစ်နှင့် လိုက်လျောညီထွေဖြစ်ကာ ရုန်းအားကောင်းစေရန်အတွက် အင်ဂျင်ကို ဝင်ရိုးနှင့် ကန့်လန့်ဖြတ် အထိုင်ချပြီး တပ်ဆင်ထုတ်လုပ်ထားသောယာဉ်များ ဖြစ်ကြသည့်အလျောက် ထိုအနေအထားအရ အချိုးအကွေ့တိုင်း၌ Gyroscopic Effect ကို သာမန်ယာဉ်များထက်ပို၍ ခံကြရသည်။ အကြောင်းမူကား ခရီးသည်တင် ဘတ်စ်များသည် ကုန်တင်ယာဉ်ကြီးများကဲ့သို့ပင် ယာဉ်ကိုယ်ထည်၏ အလျားက အလွန်ရှည်လျားသောကြောင့် ဖြစ်သည်။

ယာဉ်ကိုယ်ထည်အလျား ရှည်လျားလွန်းခြင်း၏ နောက်ထပ် ပြဿနာတစ်ရပ်မှာ ထောင့်ကျဉ်း အချိုးအကွေ့များနှင့် အဝိုင်းကို ပတ်၍ မောင်းနှင်သည့်အခါများ၌ Centrifugal Force ခေါ် ဗဟိုခွာအား သက်ရောက်မှု များပြားလွန်းခြင်းပင် ဖြစ်သည်။ ရူပဗေဒသဘောတရားဖြစ်သော Centrifugal Force ခေါ် ဗဟိုခွာအားဆိုသည်မှာ ဗဟိုအမှတ်တစ်ခုကို ဝန်းပတ်၍ အရှိန်ဖြင့် ရွေ့လျားသည့်အခါ အဆိုပါ ရွေ့လျားနေသော အရာဝတ္ထု၏ ကိုယ်ထည်အရွယ်အစားနှင့် ကိုယ်ထည်အလျားတို့အပေါ် မူတည်ပြီး ယင်းအရာဝတ္ထု၏ နောက်မြီးကို ဗဟိုအမှတ်မှ ဝေးရာဆီသို့ အနည်းနှင့်အများဆိုသလို တွန်းပို့ပေးနေခြင်းပင်ဖြစ်သည်။ ဗဟိုအမှတ်ကို ဝန်းပတ်ရွေ့လျားသည့် မြန်နှုန်းက မြင့်မားလေ ဗဟိုအမှတ်မှ ဝေးရာဆီသို့ တွန်းပို့အားက ပို၍များပြားလေဖြစ်သည်။

**ခေတ်သစ်နည်းပညာများ**

အထက်ပါ သဘောတရားအရ ခရီးသည်တင်ဘတ်စ်များနှင့် ကုန်တင်ယာဉ်ကြီးများသည် ထောင့်ကျဉ်း အချိုးအကွေ့များ၌ ချိုးကွေ့သည့်အခါ သို့တည်းမဟုတ် အဝိုင်းကို ပတ်သည့်အခါ မြန်နှုန်းအပေါ်မူတည်ပြီး ဗဟိုခွာအားသက်ရောက်မှုကို အနည်းနှင့်အများ ခံကြရခြင်းဖြစ်သည်။ အကယ်၍ မြန်နှုန်းမြင့်ဖြင့် ချိုးကွေ့ဝန်းပတ်မိပါက ဘေးချင်းယှဉ်၍ ကပ်လျက်လိုက်ပါလာသည့် အခြားယာဉ်များကို ပွတ်တိုက်မိခြင်းမှသည် တိမ်းမှောက်သွားသည်အထိပင် ဖြစ်ပွားကြရလေ့ရှိသည်။ ထို့ကြောင့်ပင် ဘတ်စ်ကား ထုတ်လုပ်သည့် အဆင့်မြင့်နည်းပညာများ မပေါ်ပေါက်သေးမီ အချိန်ကာလများက မြို့တွင်း ခရီးတိုသုံး စီးတီးဘတ်စ်များ၏ တိမ်းမှောက်မှုများ မကြာခဏဆိုသလို ဖြစ်ပွားခဲ့ကြရခြင်းဖြစ်သည်။

ခေတ်သစ်နည်းပညာများ ပေါ်ပေါက်လာသည့်အခါတွင်မူ မြို့တွင်းသုံး စီးတီးဘတ်စ်များ၌ ဖြစ်ပေါ်ကြုံတွေ့ရလေ့ရှိသည့် Centrifugal Force ခေါ် ဗဟိုခွာအား သက်ရောက်မှုကို လျော့နည်းသက်သာစေမည့် အစီအမံများကို ဆောင်ရွက်လာကြသည်။ အချိုးအကွေ့များလွန်းသည့် မြို့တွင်း ခရီးတိုသုံး စီးတီးဘတ်စ်များကို ဗဟိုခွာအား သက်ရောက်မှု လျော့နည်းစေရန်အတွက် အဝေးပြေးဘတ်စ်များကဲ့သို့ တည်ဆောက်ခြင်းမပြုတော့ဘဲ ယာဉ်၏ Skeleton ခေါ် ကောက်ကြောင်းကို သီးခြား တွက်ချက်ဖွဲ့စည်းကာ တပ်ဆင်တည်ဆောက်လာကြသည်။

**စီးတီးဘတ်စ်များ၏ အားသာချက်များ**

သမားရိုးကျနည်းပညာသုံး အဝေးပြေးဘတ်စ်များ၌ အောက်ခံပေါင် (Chassis) နှင့် ယာဉ်ကိုယ်ထည်တို့မှာ သီးခြားစီဖြစ်သော်လည်း မြို့တွင်းသုံး စီးတီးဘတ်စ်များ၌မူ အောက်ခံပေါင် (Chassis) နှင့် ကောက်ကြောင်း (Skeleton)တို့၏ သဘောသဘာဝများကို အဆင့်မြင့်နည်းပညာဖြင့် ပေါင်းစပ်ယှက်နွှယ်ပေးထားသည်။ ထိုကဲ့သို့ ပေါင်းစပ်ယှက်နွှယ်ထားသည့်အတွက် သာမန်မောင်းနှင်ချိန်များ၌ ယာဉ်၏လူးလွန့်မှုတွင် Skeleton များက အလိုက်သင့် လိုက်ပါယိမ်းနွဲ့ပေးနိုင်ခြင်း၊ ထောင့်ကျဉ်း အချိုးအကွေ့များနှင့် အဝိုင်းပတ်သည့်အခါများ၌ Centrifugal Force သက်ရောက်မှုကို များစွာ လျှော့ချပေးနိုင်ခြင်း စသော ကောင်းကျိုးများကို ရရှိလာစေသည်။ ထို့ပြင် ယာဉ်၏အလေးချိန်ကိုပါ သိသာစွာ လျှော့ချလာနိုင်ခဲ့သည်။

အထက်ပါ ခေတ်သစ်နည်းပညာကို စီးတီးဘတ်စ်များ၌ ဦးစွာ အသုံးချလာနိုင်သည့်အတွက် ကမ္ဘာအရပ်ရပ်ရှိ မြို့ကြီး ပြကြီးများ၏ မြို့ပြပို့ဆောင်ရေးအပိုင်းတွင် ယာဉ်မတော်တဆမှုများကို သိသာစွာ လျှော့ချလာနိုင်ခဲ့ကြသည်။ မြို့ပြပို့ဆောင်ရေးကဏ္ဍအတွက် အမှာစာများ ပေးပို့ရာတွင် စီးတီးဘတ်စ်ဟူ၍ သီးသီးသန့်သန့် ခေါင်းစဉ်တပ်၍ အထူးပြုကာ ရွေးချယ်မှာကြား တင်သွင်းလာနိုင်ကြသည်။ ကမ္ဘာ့အရပ်ရပ်ရှိ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးနေဆဲနိုင်ငံအချို့၌ မြို့တွင်းခရီးသည်ပို့ဆောင်ရေးတွင် စီးတီးဘတ်စ်များကိုသာ အသုံးပြုလျက်ရှိနေကြသည်။

ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများ၌မူ မြို့တွင်းပို့ဆောင်ရေးအတွက် စီးတီးဘတ်စ်နှင့် အဝေးပြေးဘတ်စ်ဟူ၍ ဘတ်စ်အမျိုးအစား ခွဲခြားခြင်းမရှိဘဲ ရောနှောတင်သွင်းသုံးစွဲလျက်ရှိနေကြသဖြင့် ယာဉ် မတော်တဆဖြစ်ပွားမှုက ကျဆင်းသွားခြင်း မရှိသေးပေ။ ခေတ်သစ်နည်းပညာသုံး စီးတီးဘတ်စ်နှင့်မိုဒယ်နိမ့်အဝေးပြေးဘတ်စ်များကို မြို့တွင်းခရီးစဉ်များ၌ ခရီးသည်ပို့ဆောင်ရန် ရောနှောသုံးစွဲနေကြခြင်းကြောင့် အဝေးပြေးဘတ်စ်နှင့် စီးတီးဘတ်စ်တို့ ထိခိုက် တိုက်မိကြသည့်အခါ ခရီးဝေးမောင်းနှင်နိုင်ရေးအတွက် ကြံ့ခိုင်မှု ပိုမိုကောင်းမွန်အောင် သမားရိုးကျနည်းပညာဖြင့် တပ်ဆင် တည်ဆောက်ထားသော မိုဒယ်နိမ့် အဝေးပြေးဘတ်စ်များကြောင့် စီးတီးဘတ်စ်နှင့်တကွ လိုက်ပါစီးနင်းလာသော ခရီးသည်များဘက်တွင် ထိခိုက်ပျက်စီး ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများကို ပိုမိုဖြစ်ပေါ် ခံစားခဲ့ကြရသည်။

**လုံခြုံစိတ်ချရသော ပို့ဆောင်ရေးစနစ်**

မျက်မှောက်ကာလတွင်မူ အဝေးပြေးဘတ်စ်များကိုပင် ယာဉ်အလေးချိန်လျှော့ချရန်၊ လောင်စာဆီသုံးစွဲနှုန်း လျှော့ချရန်၊ အကွေ့အကောက်လမ်းပိုင်းများ၌ ယာဉ်၏ တိမ်းစောင်းမှုအပေါ် လိုက်လျောညီစွာ လိုက်ပါယိမ်းနွဲ့စေခြင်းဖြင့် ယာဉ်တိမ်းမှောက်နိုင်ခြေကို လျှော့ချရန်စသော ရည်ရွယ်ချက်များဖြင့် ခေတ်သစ် စီးတီးဘတ်စ်များကဲ့သို့ပင် Chassis နှင့် Skeleton တို့ကို ပေါင်းစပ်ယှက်နွှယ်ကာ ထုတ်လုပ်ပေးနေကြပြီဖြစ်သည်။

သို့ဖြစ်၍ လုံခြုံစိတ်ချရသော အများပြည်သူ ပို့ဆောင်ရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် မြို့တွင်းခရီးစဉ်များအတွက် ဘတ်စ်များကို ဝယ်ယူဖြည့်တင်းသည့်အခါ ခေတ်သစ်နည်းပညာဖြင့် တပ်ဆင်ထုတ်လုပ်ထားသော စီးတီးဘတ်စ်များကိုသာ ဖြည့်တင်းသုံးစွဲကြရန် လိုအပ်ပြီး သမားရိုးကျ နည်းပညာဟောင်းဖြင့် တပ်ဆင်ထုတ်လုပ်ထားသော မိုဒယ်နိမ့် အဝေးပြေးဘတ်စ်များနှင့် ရောနှောပြေးဆွဲစေခြင်းမျိုးကိုလည်း တတ်နိုင်သရွေ့ ရှောင်ရှားသင့်ကြပေသည်။ ။

**အချိုးအကွေ့များလွန်းသည့် မြို့တွင်းခရီးတိုသုံး စီးတီးဘတ်စ်များကို ဗဟိုခွါအားသက်ရောက်မှု လျော့နည်းစေရန်အတွက် အဝေးပြေးဘတ်စ်များကဲ့သို့ တည်ဆောက်ခြင်းမပြုတော့ဘဲ ယာဉ်၏ Skeleton ခေါ် ကောက်ကြောင်းကို သီးခြား တွက်ချက်ဖွဲ့စည်းကာ တပ်ဆင်တည်ဆောက်လာကြသည်။ သမားရိုးကျနည်းပညာသုံး အဝေးပြေးဘတ်စ်များ၌ အောက်ခံပေါင် Chassis နှင့် ယာဉ်ကိုယ်ထည်တို့မှာ သီးခြားစီဖြစ်သော်လည်း မြို့တွင်းသုံး စီးတီးဘတ်စ်များ၌မူ အောက်ခံပေါင် (Chassis )နှင့် ကောက်ကြောင်း (Skeleton) တို့၏ သဘောသဘာဝများကို အဆင့်မြင့်နည်းပညာဖြင့် ပေါင်းစပ်ယှက်နွှယ်ပေးထားသည်။**

# မြိတ်မြို့နယ်အတွင်း၌ စိုက်ပျိုးရေးအသိပညာပေးစင်တာ နိုဝင်ဘာလတွင် ဖွင့်လှစ်မည်

**မြိတ် အောက်တိုဘာ ၂၃**
ကျေးလက်ဒေသများတွင်ရှိသော စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသည့် ဒေသခံတောင်သူများအား စည်းရုံးဆွဲဆောင်ပြီး စိုက်ပျိုးရေးဆိုင်ရာ အသိပညာများ မျှဝေပေးနိုင်ရန်နှင့် တောင်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ကွဲကူးကျေးရွာ၌ စိုက်ပျိုးရေး အသိပညာပေးစင်တာကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နိုဝင်ဘာလ ဒုတိယပတ်အတွင်း စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

"စိုက်ပျိုးရေး အသိပညာပေးစင်တာ (Community Learning Centre) ဟာ မြိတ်မြို့နယ်အတွင်းမှာရှိတဲ့ ဒေသခံတောင်သူများ တွေ့ကြုံရင်ဆိုင်နေရတဲ့ မြေချဉ်ပြဿနာများနဲ့ အခက်အခဲများ၊ စပါးမျိုးစေ့ထုတ်လုပ်ခြင်းနဲ့ စိုက်ပျိုးခြင်းနည်းစနစ်များ၊ ရော်ဘာအစေးခြစ်ခြင်းနဲ့ မှိုင်းခံရော်ဘာထုတ်လုပ်မှုစနစ်များ၊ ရော်ဘာနဲ့ ဆီအုန်းစိုက်ပျိုးခြင်းလုပ်ငန်းများ၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ခြင်းများအပြင် သစ်သီးဝလံနဲ့ ပန်းမန်စိုက်ပျိုးခြင်း၊ ကော်ဖီ၊ မက္ကာဒေးမီးယားပင်များ စိုက်ပျိုးခြင်းတွေအတွက် တောင်သူများအနေနဲ့ သိချင် မေးမြန်းချင်တဲ့ အကြောင်းအရာတွေကို မေးမြန်းနိုင်ပြီး စိုက်ပျိုးရေးအတတ်ပညာရှင်များက ပြန်လည်ဖြေကြားပေးတဲ့ စင်တာတစ်ခုဖြစ်ပါတယ်။ တောင်သူတွေရဲ့ စိုက်ခင်းများမှာ ကျရောက်နေတဲ့ ရောဂါ၊ ပိုးမွှားကာကွယ်နှိမ်နင်းတဲ့ နည်းပညာများ၊ ခေတ်နဲ့အညီ ဖွံ့ဖြိုးတိုးတက်လာတဲ့ စိုက်ပျိုးရေးနည်းစနစ်များကိုလည်း မေးမြန်းနိုင်ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သန္တာမြင့်က ပြောသည်။

ယင်းစိုက်ပျိုးရေး အသိပညာပေးစင်တာသည် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်အနက် တစ်ခုတည်းသော စိုက်ပျိုးရေးစင်တာဖြစ်လာမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းမြတ်စိုးထံမှ သိရသည်။

မြိတ်မြို့နယ်တွင် ကျေးရွာအုပ်စုပေါင်း ၂၂ အုပ်စုနှင့် ကျေးရွာပေါင်း ၁၆၁ ရွာရှိကာ ယခုနှစ်တွင် အဆိုပါကျေးရွာများ၌ မိုးစပါး ၄၂၄၉၃ ဧက၊ ငရုတ် ၁၅၅ ဧက၊ ဟင်းသီးဟင်းရွက် ၆၉၃ ဧက၊ ဖူးစားပြောင်း ၈၇ ဧက၊ ကန်စွန်းဥ ၈၇ ဧက၊ ရော်ဘာ ၃၇၀၁၃ ဧကနှင့် ဆီအုန်း ၅၉၁၂ ဧကကို စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မြင့်ဦး (မြိတ်)**



စင်တာဖွင့်လှစ်ရန် အဆောက်အအုံဆောက်လုပ်ပြီးစီးမှုကို တွေ့ရစဉ်။

# ကျောက်ဆည်မြို့၌ စာအုပ်၊ စာစောင်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ကျင်းပမည်

**ကျောက်ဆည် အောက်တိုဘာ ၂၃**
ကျောက်ဆည်မြို့နယ်အတွင်း ကလေးငယ်များ စာအုပ်စာပေနှင့် ရင်းနှီးကျွမ်းဝင်စေပြီး စာဖတ်သည့်အလေ့အကျင့်များ ရရှိစေရန်နှင့် ပြည်သူများ စာဖတ်ရှိန်မြင့်မားလာစေရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် နန်းတော်ဝင်စာပေတိုက်တို့ ပူးပေါင်းပြီး စာအုပ်၊ စာစောင် ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ အောက်တိုဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စာအုပ်ဈေးရောင်းပွဲတော်ကို ကျောက်ဆည်မြို့ ဆေးရုံကြီးလမ်း ဟက်ပီးရှော့ပင်းမောနှင့် မျက်နှာချင်းဆိုင်ရှိ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး မျက်နှာစာနှင့် ဝင်းအတွင်း နေရာများတွင် ရန်ကုန်မြို့ နန်းတော်ဝင်စာပေတိုက် အပါအဝင် စာအုပ်ဆိုင်ပေါင်း ၁၂ ဆိုင်က ပြခန်းများဖွင့်လှစ်၍ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။ စာအုပ်ဈေးရောင်းပွဲတွင် ကလေးစာပေများအပါအဝင် အရွယ်မျိုးစုံဖတ်ရှုနိုင်သည့် သုတ၊ ရသ စာအုပ်မျိုးစုံကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်မောင် (ကျောက်ဆည်)**

# မြန်မာ့ရိုးရာ ဗိုင်းချည်ရက်ကန်းလုပ်ငန်းကို ရှေးနည်းအတိုင်း ယနေ့တိုင် ထိန်းသိမ်းလုပ်ကိုင်

**ငါန်းဇွန် အောက်တိုဘာ ၂၃**
မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် မကျည်းကုန်းရွာတွင် ဒေသထွက်ဝါမှ ကုန်ချောဖျင်ကြမ်းလုံချည်ဖြစ်သည်အထိ ရက်လုပ်ရသည့် မြန်မာ့ရိုးရာ ဗိုင်းချည်ရက်ကန်းလုပ်ငန်းကို ယနေ့တိုင် လုပ်ကိုင်လျက်ရှိသည်။ ဒေသအခေါ် ဖျင်ကြမ်းလုံချည်၊ ဖျင်ကြမ်းစောင်များနှင့် ဖျင်ကြမ်းအင်္ကျီများကို အဓိကရက်လုပ်ကြပြီး ဒေသထွက်ဝါမှ ကုန်ချောဖြစ်သည်အထိ မြန်မာ့ရိုးရာ ရှေးနည်းအတိုင်း ပြုလုပ်နေကြဆဲဖြစ်သည်။

ငါန်းဇွန်ဒေသထွက်ဝါများ ကောက်ပြီးသည်နှင့် ဝါစေ့များ ထွက်သွားစေရန် ပြုလုပ်သည့် ဝါကြိတ်ခြင်း၊ ကြိတ်ပြီးသားဝါများကို လေးကိုင်းသဖွယ် ပြုလုပ်ထားသော လေးကိုင်းဖြင့်ဆွဲကာ ဂွမ်းဖတ်ရသည့် ဝါဂွမ်းဖတ်ခြင်းလုပ်ငန်း၊ ဖတ်ပြီးသော ဂွမ်းများကို သံလုံးအချွန်ဖြင့် ဆွဲကာ လိပ်ယူရသည့် ဗိုင်းလိပ်ခြင်း၊ လိပ်ပြီးသော ဝါလိပ်များကို ချည်ခင်ဖြစ်စေရန် ကြိုးတပ်ထားသော ရစ်ဖြင့် ရစ်ယူရသော ဗိုင်းငင်ခြင်း၊ ဝါမှဖြစ်လာသော ချည်များကို ချားရဟတ်ဖြင့် ရစ်ယူသည့်လုပ်ငန်းဖြစ်သော ချည်သေ့ခြင်း၊ ချည်ခင်များကို မိမိစိတ်ကြိုက်အရောင်ဆိုးရသည့် ချည်ဆေးဆိုးခြင်း၊ ချည်ခင်ဖြစ်ပြီးသော ချည်ခင်များကို ထမင်းများဖြင့် ရောကာ စေးကပ်လာသည်အထိ နယ်ဖတ်ကာ ခြေဖြင့်နင်းပေးရသော ချည်စာတင်ခြင်း၊ ချည်စာတင်ပြီး ချည်ခင်များကို ဘီးပုံစံပြုလုပ်ထားသော ဘီးကြီးဖြင့် အစာကွဲစေရန် ပြုလုပ်ရသော ချည်ဖြီးခြင်း၊ ချည်ချခြင်း၊ ချားပုတ်ခြင်း၊ ရက်ကန်းခတ်ခြင်းအဆင့်များအထိ ကိုယ်တိုင် လက်ဖြင့် ပြုလုပ်ကြသည်။

ဝါဂွမ်းမှ ဖျင်ကြမ်းပုဆိုးဖြစ်လာသည်အထိ လေးရက်တိတိ ရက်လုပ်ကြရသည်။ ဖျင်ကြမ်းပုဆိုးတစ်ကွင်းလျှင် ငွေကျပ် ၈၀၀၀ ကျော်ဖြင့် ရောင်းချရပြီး တစ်နှစ်ပတ်လုံး ရက်လုပ်ရောင်းချကြသည်။ လက်ရှိကာလ မကျည်းကုန်းရွာတွင် ဝါဂွမ်းအဆင့်မှ ဖျင်ကြမ်းလုံချည်ဖြစ်သည်အထိ ရှေးနည်းအတိုင်း ဝါကြိတ်ခြင်း၊ ဝါဂွမ်းဖတ်ခြင်း၊ ဗိုင်းလိပ်ခြင်း၊ ဗိုင်းငင်ခြင်း၊ ချည်သေ့ခြင်း၊ ဆေးဆိုးခြင်း၊ ချည်စာတင်ခြင်း၊ ချည်ဖြီးခြင်း၊ ချည်ချခြင်း၊ ချားပုတ်ခြင်း၊ နှက်ကော်ခြင်း၊ ယဉ်သွားပေါက်ခြင်း၊ ရက်ကန်းခတ်ခြင်းများကို ပြုလုပ်လျက်ရှိသည့်အတွက် မြန်မာ့ရိုးရာ ဗိုင်းချည်ရက်ကန်းလုပ်ငန်းကို အဆိုပါကျေးရွာ၌ လေ့လာနိုင်မည်ဖြစ်သည်။

**တိမ်တမန်**

# လျှပ်စစ်၊ ဂဟေ၊ မော်တော်ယာဉ်စက်ပြင်နှင့် လက်ကိုင်ဖုန်းပြင်သင်တန်း အခမဲ့သင်ကြားပေးမည်

**ထားဝယ် အောက်တိုဘာ ၂၃**
တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ပိန္နဲတောရပ် နှင်းဆီလမ်း နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း (ထားဝယ်) က လျှပ်စစ်၊ ဂဟေ၊ မော်တော်ယာဉ်စက်ပြင်နှင့် လက်ကိုင်ဖုန်းပြင်သင်တန်း (၁၁/၂၀၁၉) ကို ၂၉.၁၀.၂၀၁၉ ရက်မှ ၂၆.၃.၂၀၂၀ ရက်အထိ ရက်သတ္တပတ် ၂၂ ပတ်ကြာ အခမဲ့ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် ဘာသာရပ်အလိုက် လျှပ်စစ် ၁၀ ဦး၊ ဂဟေ ၁၀ ဦး၊ မော်တော်ယာဉ်စက်ပြင် ၂၅ ဦးနှင့် လက်ကိုင်ဖုန်းပြင် ငါးဦး စုစုပေါင်း ၅၀ အား သင်တန်းသားအရေအတွက်အလိုက် စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသားများ နေထိုင်စားသောက်ရေးနှင့် သင်ကြားရေးကုန်ကျစရိတ်များကို သင်တန်းကျောင်းမှ အခမဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

လျှောက်ထားသူသည် အသက် (၁၅) နှစ်ထက် မငယ်သူ၊ အသက် ၃၀ ထက် မကြီးသူ (အမျိုးသား) ဖြစ်ရမည်ဖြစ်ပြီး တက်ရောက်လိုသူများအနေဖြင့် သင်တန်းကျောင်းမှ တောင်းခံသည့် ထောက်ခံချက်များနှင့်အတူ ၂၅.၁၀.၂၀၁၉ ရက်တွင် နောက်ဆုံးထား၍ သင်တန်းကျောင်းသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း ၀၉-၄၅၀၀၆၀၁၆၅၊ ၀၉-၂၅၀၆၁၂၉၈၈ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းများပြုလုပ်

### မြဝတီ
ကရင်ပြည်နယ် မြဝတီမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာဖတ်ဝိုင်းပြုလုပ်ပေးခြင်းကို အောက်တိုဘာ ၂၂ ရက်က ကျင်းပသည်။

အဆိုပါစာဖတ်ဝိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေါ်သိန်းသန်းငွေက စာဖတ်ဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားပြီး Woman Club ဥက္ကဋ္ဌ ဒေါ်ကေခိုင်နှင့် အဖွဲ့ဝင်များ၊ စာပေဝါသနာရှင်များက ပါဝင်ဆွေးနွေးသည်။ ထိုသို့ စာဖတ်ဝိုင်းပြုလုပ်ရာတွင် ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်) ရေးသားသည့် အလုပ်ဆိုတာ အင်အားပါ စာအုပ်အား ဖတ်ရှုလေ့လာပြီး ဆွေးနွေးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ **ထိန်လင်းအောင် (ပြန်/ဆက်)**

### မာန်အောင်
ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူအသင်းတို့ ပူးပေါင်းစီစဉ်သော ဆရာဖေမြင့်၏ "တန်ဖိုးထားအပ်သောအရာများ" စာအုပ်ဖြင့် စာဖတ်ဝိုင်းကို အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန ခန်းမ၌ အောက်တိုဘာ ၂၂ ရက်က ကျင်းပသည်။

စာဖတ်ဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းထွန်းအောင်က စာဖတ်ဝိုင်းကျင်းပပြုလုပ်ပေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြခဲ့ပြီး ဆရာဖေမြင့် ရေးသားသော "တန်ဖိုးထားအပ်သောအရာများ" ခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်းကို ဥက္ကဋ္ဌ ဦးသန်းအောင် (ဆရာ သန်းခိုင်အောင်)က ဦးဆောင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

### နမ့်ဆန်
ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် စာပေ ချစ်မြတ်နိုးသူများအသင်းက စီစဉ်သည့် စာဖတ်ဝိုင်းကို အောက်တိုဘာ ၂၁ ရက်က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ပြုလုပ်ခဲ့ပြီး စာရေးဆရာမ ဒေါက်တာမတင်ဝင်း ရေးသားသည့် "အလုပ်ဆိုတာ အင်အားပါ"စာအုပ်ကို ဖတ်ရှု၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

စာဖတ်ဝိုင်းတွင် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်နန်းထားထားလှိုင်က စာဖတ်ဝိုင်းပြုလုပ်ခြင်းနှင့် ပတ်သက်၍ရှင်းလင်းပြီး စာဖတ်ဝိုင်းအဖွဲ့ခေါင်းဆောင် ဒေါ်သီတာဦး၊ ဒေါ်သင်းသင်းရီနှင့် အဖွဲ့ဝင်များက စာအုပ်တွင်ပါဝင်သော အလုပ်နှင့် ပတ်သက်သည့် ခေါင်းစဉ်များအပေါ် ဝိုင်းဝန်းဖတ်ရှု ဆွေးနွေးခဲ့ကြသည်။
**မြို့နယ် (ပြန်/ဆက်)**

### ကရသူရိ
တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ဝိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂၁ ရက်က ကျင်းပခဲ့သည်။

ဒေသခံပြည်သူများ စာအုပ်စာပေ ဖတ်ရှုခြင်းဖြင့် အတွေးအခေါ်များ တိုးတက်၍ ဘဝတွင် အောင်မြင်မှုများကို ပိုင်ဆိုင်နိုင်စေရန် ရည်ရွယ်လျက် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ပြီး ဆွေးနွေးပွဲတွင် ပြန်/ဆက်ဦးစီးမှူး ဒေါ်အေးအေးသန်းက စာရေးဆရာချစ်ဦးညို ရေးသားသည့် "တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းနှင့် ယဉ်ကျေးမှုမျက်နှာစာ" စာအုပ်ပါ အကြောင်းအရာများကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။ ထို့နောက် စာဖတ်ဝိုင်းအဖွဲ့ဝင်များက စာအုပ်ပါအကြောင်းအရာများထဲမှ ခေါင်းစဉ်များအလိုက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။ **မြို့နယ် (ပြန်/ဆက်)**

### လက်ပံတန်း
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်တွင် စာအုပ်စာပေချစ်မြတ်နိုးသူ စာပေဝါသနာရှင်များ စုစည်း၍ စာဖတ်ဝိုင်းကို အောက်တိုဘာ ၂၂ ရက်က လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

စာဖတ်ဝိုင်းတွင် စာရေးဆရာ မောင်သာချို ရေးသားသည့် "သမီးလေးဖတ်ဖို့ ရှမ်မျှော်ခင်းများ" စာအုပ်ပါ အကြောင်းအရာများကို စာအုပ်စာပေချစ်မြတ်နိုးသူများအသင်းအဖွဲ့ဝင်များက အလှည့်ကျ ဖတ်ကြားဆွေးနွေးကြပြီး တက်ရောက်လာသည့် အသင်းဝင်ကျောင်းသား ကျောင်းသူများက စာပေနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ စာပေဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။ **မောင်ရွှေဝင်း(ပြည်)**

### နောင်ချို
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နောင်ချိုမြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန ခန်းမ၌ အလယ်တန်းအဆင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂၃ ရက်က ကျင်းပသည်။ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းထွေးက စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒို့ကျေးရွာဂျာနယ် အတွဲ-၁၆၊ အမှတ်-၂၀ ပါ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၏ "စိတ်ကူးအိပ်မက် မက်တတ်သူကလေးတစ်ယောက်" ခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)မှ ကျောင်းသား ကျောင်းသူများက ပါဝင်ဆွေးနွေးခဲ့ကြသည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးအနေဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲများကို လစဉ်ကျင်းပလျက်ရှိပြီး ကျောင်းသား ကျောင်းသူများ ကျောင်းစာအပြင် ဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရသည်။ **လင်းသန့်(ပြန်/ဆက်)**

# မိတ္ထီလာ၌ နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည်အပူဇော်ခံပွဲ ကျင်းပမည်

**မိတ္ထီလာ အောက်တိုဘာ ၂၃**
မိတ္ထီလာမြို့ ကျီတော်ကုန်းရပ်ကွက် ဝမ်းတော်ပြည့်ကျောင်းတိုက် ဓမ္မရိပ်သာစံကျောင်းတော်တွင် သီတင်းသုံးသည့် နှစ်ကျိပ်ရှစ်ဆူဘုရားများအား (၂၁)ကြိမ်မြောက် လှည့်လည်အပူဇော်ခံပွဲကို အောက်တိုဘာ ၂၆ ရက်တွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

နှစ်ကျိပ်ရှစ်ဆူဘုရားများကို နှစ်စဉ်တပ်နယ်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်များနှင့် သင်တန်းကျောင်းများက လှည့်လည်အပူဇော်ခံရမည့်ရက်မတိုင်မီတွင် ဝမ်းတော်ပြည့်ကျောင်းတိုက်၌ လာရောက်ပင့်ဆောင်၍ သက်ဆိုင်ရာနေရာအသီးသီးတွင် အပူဇော်ခံထားရှိကြောင်း၊ ထို့နောက် သတ်မှတ်ရက်တွင် လှည့်လည်အပူဇော်ခံနိုင်ရန် ခရိုင် ထွေ/အုပ်ရုံးအနီး၌ နှစ်ကျိပ်ရှစ်ဆူဘုရားများအား တစ်စုတစ်စည်းတည်းပင့်ဆောင်၍ မြို့နယ်အတွင်း လှည့်လည် အပူဇော်ခံကာ စံကျောင်းတော်သို့ ပြန်လည်ပင့်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင်လည်း အောက်တိုဘာ ၂၂ ရက်မှစတင်ကာ စံကျောင်းတော်ရှိနှစ်ကျိပ်ရှစ်ဆူ ဘုရားများကိုသက်ဆိုင်ရာတပ်နယ်များ၊ ဌာနဆိုင်ရာများ၊ သင်တန်းကျောင်းများနှင့်ရပ်ကွက်များက ပင့်ဆောင်သွားကြပြီးဖြစ်ရာ အောက်တိုဘာ ၂၆ ရက် ညနေ ၃ နာရီတွင် အဆိုပါဘုရားများကို ခရိုင်ထွေ/အုပ်ရုံးအနီးသို့ ပြန်လည်ပင့်ဆောင်ကာ ထိုနေရာမှစ၍ သတ်မှတ်လမ်းကြောင်းအတိုင်း မြို့တွင်းလှည့်လည်အပူဇော်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# ဘိုကလေးမြို့နယ်မှ ကျေးရွာ ၇၄ ရွာ၌ တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးရရှိရေး ဆောင်ရွက်ပေးနေ

**ဘိုကလေး အောက်တိုဘာ ၂၃**
ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းအရ တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများကို ကျေးရွာပေါင်း ၇၄ ရွာ၌ ဆောင်ရွက်ပေးလျက်ရှိရာ ကံစုကျေးရွာနှင့် စိန်ပန်းကျေးရွာတို့တွင် ဆိုလာမီးလင်းရေး တပ်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။



မီးသုံးစွဲရာတွင် သတိပြုရမည့်အချက်များကို ပြည်သူများအား ဟောပြောနေစဉ်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်သက်ဦးနှင့် ဝန်ထမ်းများက ကျေးရွာမီးလင်းရေးကော်မတီဝင်များနှင့်အတူ ကျေးရွာနှစ်ရွာ၌ တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးလင်းနိုင်ရန် ဆိုလာပြားနှင့် အင်ဗာတာများ တပ်ဆင်နေမှုအခြေအနေများ၊ ဘာသာရေးအဆောက်အအုံ၊ ဆေးခန်း၊ ကျောင်းနှင့် လမ်းစသည့် အများဆိုင်နေရာများတွင် မီးလင်းရေး အတွက် ဆိုလာများ တပ်ဆင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဆိုလာသုံးစွဲသော ပြည်သူများအား မီးသုံးရာတွင် ဆောင်ရန် ရှောင်ရန်အချက်များကို ရှင်းလင်းပြောကြားသည်။

ဘိုကလေးမြို့နယ်အတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အမျိုးသားဓာတ်အားရရှိရေးစီမံကိန်းအရ ကျေးရွာ ၇၄ ရွာရှိ အိမ်ခြေ ၈၉၅၇ အိမ်၌ မီးလင်းရေး ဆောင်ရွက်ပေးရာတွင် ဝပ် ၆၀ ဆိုလာကို ၄၂၃၃ အိမ်နှင့် ဝပ် ၁၀၀ ဆိုလာကို ၅၇၅ အိမ် တပ်ဆင်ကြမည်ဖြစ်ပြီး အများပြည်သူပိုင် နေရာများဖြစ်သော မူလတန်းကျောင်း ၄၂ ကျောင်း၊ အလယ်တန်းကျောင်း ၁၃ ကျောင်း၊ အထက်တန်းကျောင်း သုံးကျောင်း၊ ကျန်းမာရေး ဆေးပေးခန်း ၁၇ ခု၊ လမ်းမီးတိုင် ၅၁၅ တိုင်နှင့် ဘာသာရေးအဆောက်အအုံ ၅၇ ခုတို့တွင်လည်း မီးရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မီးလင်းရေး ဆောင်ရွက်ပေးရာတွင် ဒေသခံပြည်သူများသည် ဝပ် ၆၀ နှင့် ဝပ် ၁၀၀ ကို မိမိတို့လိုအပ်ချက်အရ ရွေးချယ်တပ်ဆင်နိုင်ပြီး ဝပ် ၆၀ အတွက် ငွေကျပ် ၅၀၀၀၀ နှင့် ဝပ် ၁၀၀ အတွက် ငွေကျပ် ၁၅၀၀၀၀ ထည့်ဝင်ရကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**စိုးမိုးကျော်**

# ကော့သောင်းနယ်စပ်ဂိတ်မှ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ပြန်လည်လက်ခံ



မြန်မာရွှေ့ပြောင်းလုပ်သားများ ကော့သောင်းနယ်စပ်ဂိတ်မှတစ်ဆင့် ဝင်ရောက်လာကြစဉ်။

**ကော့သောင်း အောက်တိုဘာ ၂၃**
ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် ထိုင်းလူဝင်မှုကြီးကြပ်ရေးဌာန တာဝန်ရှိသူများက မြန်မာရွှေ့ပြောင်းအလုပ်သမား အမျိုးသား ၉၀၊ အမျိုးသမီး၁၀ ဦးနှင့် ကလေးငယ်နှစ်ဦး အပါအဝင် စုစုပေါင်း ၁၀၂ ဦးကို ယမန်နေ့က ကော့သောင်းနယ်စပ်ဂိတ်သို့ ရေလမ်းခရီးဖြင့် လာရောက်ပြန်လည်လွှဲပြောင်းပေးအပ်ရာ ကော့သောင်းမြို့နယ် တာဝန်ရှိအဖွဲ့အစည်းများက ပြန်လည်လက်ခံခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ထိုင်းနိုင်ငံတွင် နယ်စပ်ဖြတ်ကျော်ခွင့် သက်တမ်းလွန်ခြင်းနှင့် အထောက်အထားမဲ့ နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံဥပဒေများအရ အရေးယူခံရပြီး မြန်မာနိုင်ငံသို့ ပြန်လည် လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။

လာရောက်လွှဲပြောင်းပေးသည့် အလုပ်သမားများအား ကော့သောင်းခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေးရဲတပ်ဖွဲ့၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကြိုဆိုလက်ခံကြကာ ပြည်သူ့ကျန်းမာရေးဌာနမှ လိုအပ်သည့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံစွာပြန်နိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# စီးပွားရေးလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး အိန္ဒိယသံအမတ်ကြီးနှင့် တွေ့ဆုံဆွေးနွေး

**မန္တလေး အောက်တိုဘာ ၂၃**
မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E Saurabh Kumar နှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း (MRCCI)မှ တာဝန်ရှိသူများသည် နှစ်နိုင်ငံ စီးပွားရေး လုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်ရေးအတွက် အောက်တိုဘာ ၂၁ ရက်က မန္တလေးမြို့ ရတနာပုံစူပါစင်တာရှိ MRCCI အသင်းရုံး၌ တွေ့ဆုံ ဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့်အတူ မန္တလေးမြို့အခြေစိုက် အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် H.E Nandan Singh Bhaisora နှင့် တာဝန်ရှိသူများ၊ MRCCI ဥက္ကဋ္ဌ ဦးကျော်မင်း၊ အထွေထွေ အတွင်းရေးမှူး ဦးဥက္ကာကျော်နှင့် ဗဟိုအလုပ်အမှုဆောင်များ တက်ရောက်ကာ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကြား စီးပွားရေးလုပ်ငန်းများ ပိုမို ပူးပေါင်းလုပ်ကိုင်သွားရေးနှင့် စီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်း ရင်းနှီးစွာ လုပ်ဆောင်သွားနိုင်ရေးတို့ကို အထူးအလေးပေး ဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံသို့ အထူးသဖြင့် မန္တလေးတိုင်းဒေသကြီးသို့ စက်မှုလုပ်ငန်းများ လာရောက်ရင်းနှီး မြှုပ်နှံနိုင်ရန် ဖိတ်ခေါ်ခဲ့ကြောင်း သိရသည်။

ထို့အပြင် စိုက်ပျိုးရေးကဏ္ဍအနေဖြင့် မန္တလေးတိုင်းဒေသကြီးသည် အိန္ဒိယနိုင်ငံသို့ ပဲအများဆုံး တင်ပို့ရောင်းချနေသည့်ဒေသဖြစ်ရာ ယခုထက်ပို၍ ပဲနှင့် အခြားကောက်ပဲသီးနှံများ ပိုမိုတင်ပို့ရောင်းချနိုင်ရေးအတွက် သံအမတ်ကြီးမှတစ်ဆင့် အိန္ဒိယနိုင်ငံအစိုးရထံသို့ တင်ပြပေးရေး၊ ရက်ကန်းလုပ်ငန်းနှင့် အထည်အလိပ်လုပ်ငန်းများအတွက် ချည်နှင့် ဆက်စပ်ပစ္စည်းများကို အိန္ဒိယမှ အများဆုံးမှာယူတင်သွင်းလျက်ရှိရာ အဆိုပါလုပ်ငန်းများအတွက် လိုအပ်သော နည်းပညာ၊ စက်ယန္တရား၊ ကုန်ကြမ်း စသည်တို့ကို လွယ်ကူလျင်မြန်စွာ ရရှိနိုင်အောင် အကူအညီများရနိုင်ရေး စသည်တို့ကိုလည်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေး

**ကလော**
ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြင့်မားလာစေရန်နှင့် စာပေဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် ကလောမြို့နယ်၊ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်ရှိ အခြေခံပညာကျောင်းများသို့ စာအုပ်စာစောင်များ ငှားရမ်းပေးလျက်ရှိသည်။

ထိုသို့ စာအုပ်စာစောင်များ ငှားရမ်းပေးလျက်ရှိရာ အောက်တိုဘာ ၂၂ ရက်က ကလောမြို့နယ် မြေခြားကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)တွင် ကလေးစာပေနှင့် သုတ၊ ရသစာအုပ် ၃၈ အုပ်၊ ပင်းတယမြို့နယ် ပွေးလှကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကလေးစာပေနှင့် သုတ၊ ရသ စာအုပ် ၁၀၀ တို့ကို အခမဲ့ငှားရမ်းပေးခဲ့ပြီး နှစ်ပတ်လျှင် တစ်ကြိမ် စာအုပ်စာစောင်အသစ်များ ပြန်လည်လဲလှယ်ငှားရမ်းပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ကျော်ဝင်း (ပြန်/ဆက်)**



**နေပြည်တော်**
မျိုးဆက်သစ် ကျောင်းသား ကျောင်းသူ လူငယ်များအား ပြင်ပအထွေထွေ ဗဟုသုတများ တိုးပွားလာစေရန်နှင့် စာကြည့်တိုက်ကို ကောင်းစွာအသုံးချတတ်စေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒက္ခိဏခရိုင်ရုံးမှဝန်ထမ်းများသည် အောက်တိုဘာ ၂၂ ရက်က ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်အခြေခံပညာအထက်တန်းကျောင်း(ခွဲ) သို့ သွားရောက်၍ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ကာ စာအုပ်စာစောင်များကို အခမဲ့ ငှားရမ်း ပေးကြသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆရာ ဆရာမ များနှင့် ကျောင်းသား ကျောင်းသူများက သုတ၊ ရသစာအုပ်စာစောင်များကို စိတ်ဝင်တစား ငှားရမ်းဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်းဝင်း**

**မန္တလေး**
မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် အခြေခံပညာကျောင်းများသို့သွားရောက်ကာ စာအုပ်စာစောင်များ အခမဲ့ ငှားရမ်းခြင်းကို အောက်တိုဘာ ၂၂ ရက်က မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ အ.ထ.က(၂၆) နှင့် အ.ထ.က(၃၀) များသို့ စာအုပ်စာစောင်များ သွားရောက်ငှားရမ်းပေးခဲ့သည်။

စာအုပ်စာစောင်များကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ နှစ်ပတ်လျှင်တစ်ကြိမ် သွားရောက်၍ လဲလှယ်ငှားရမ်းပေးသွားမည်ဖြစ်ကြောင်း မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက ပြောကြားသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

**ဝန်းသို**
စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေးလျက်ရှိရာ အောက်တိုဘာ ၂၂ ရက်က မြို့မစည်ပင်သာယာဈေးရှိ ပြည်သူများအား သုတ၊ ရသ စာအုပ်စုံလင်စွာ ငှားရမ်းပေးခဲ့သည်။

ရွှေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေးမှုကို အပတ်စဉ် အင်္ဂါနှင့်သောကြာနေ့တွင် မြို့မဈေးကြီးနှင့် မြို့နယ်ဌာနဆိုင်ရာရုံးများသို့ သွားရောက်၍ ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုလမှစတင်ကာ အလှူရှင်များ လှူဒါန်းထားသောသုတ၊ ရသစာအုပ်များ၊ ကလေးစာပေများ စုစုပေါင်းစာအုပ်ရေ ၂၀၀ ခန့် သယ်ဆောင်၍ ဝန်းသိုမြို့နယ်ရှိ ကျေးရွာပြည်သူများ လက်ဝယ်အရောက်တစ်ပတ်လျှင် တစ်ရွာ အလှည့်ကျကွင်းဆင်း ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## သမဝါယမဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် တက္ကသိုလ်/ကောလိပ်တို့တွင် အသုံးပြုမည့် Computer မျိုးစုံ (၄၁၁)စုံ၊ Printer မျိုးစုံ ( ၃၆၁)လုံး၊ UPS (၁၆၆)လုံး၊ Projector (၂၅)လုံးနှင့်ဆက်စပ်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ဆို၍ ဝယ်ယူလိုပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၉-၁၀-၂၀၁၉ရက်မှ ၁၅-၁၁-၂၀၁၉ရက်အထိ နံနက် (၉:၃၀)နာရီမှ ညနေ (၁၆:၃၀)နာရီအတွင်း

**တင်ဒါပုံစံရောင်းချမည့်နေရာ** - ငွေစာရင်းဌာနခွဲ၊ သမဝါယမဦးစီးဌာန၊ ရုံးအမှတ် (၁၆)၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါများကို (၂၅-၁၁-၂၀၁၉)ရက် ၁၀နာရီမှ (၁၆:၃၀)နာရီအတွင်း သမဝါယမဦးစီးဌာန၊ ရုံးအမှတ်(၁၆)၊ နေပြည်တော်တွင် နောက်ဆုံးထား ပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်ရက်၊ အချိန်ထက်ကျော်လွန်တင်သွင်းသောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ (၂၆-၁၁-၂၀၁၉)ရက် ၁၀နာရီတွင် တင်ဒါစတင်ဖွင့်ဖောက်စစ်ဆေးမည်ဖြစ်ပါသည်။

၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း- ဖုန်း-၀၆၇-၃၄၁၀၃၃၇သို့ ဆက်သွယ်နိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
## သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန
## (ရေတာရှည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့)
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရေတာရှည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၉-၂၀၂၀ခုဘဏ္ဍာရေးနှစ်အတွက် အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ရေတာရှည် မြို့နယ်ခန်းမအတွင်း လိုအပ်လျက်ရှိသော စက်ကိရိယာ (၁၀)မျိုး၊ ပရိဘောဂ(၉)မျိုးနှင့် ခန်းစီး၊ လိုက်ကာ(၁၁)မျိုးတို့ကို ဝယ်ယူခြင်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များ** - ၂၈-၁၀-၂၀၁၉ရက် (တနင်္လာနေ့) စတင်ရောင်းချမည့်ရက်

(ခ) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ နောက်ဆုံးပြန်လည်တင်သွင်းရမည့်ရက်** - ၁၅-၁၁-၂၀၁၉ရက် (သောကြာနေ့) ညနေ (၁၆:၃၀)နာရီ

၂၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို ရေတာရှည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် (၂၈-၁၀-၂၀၁၉)ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**မြို့နယ်စည်ပင်သာယာရေးအဖွဲ့**
**ရေတာရှည်မြို့**
ဖုန်း-၀၅၄-၈၀၀၀၇၊ ၀၉-၄၂၈၁၂၆၄၁၉

## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(ဘားအံ)မှ ဘားအံမြို့နယ် တောမီရဟန်းလမ်း၊ စံပံနုံကျေးရွာတွင် ပေ(၈၀x၄၀x၂၃)နှစ်ထပ်သံကူကွန်ကရစ် ပင်မရုံးအဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းလိုသည့်ကုမ္ပဏီများသည် ဦးစီးဌာနမှ သတ်မှတ်ထားသော လုပ်ငန်းစံနှုန်း၊ ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲတွက် ချက်တင်ပြရန်ဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင်မိတ္တူ၊ ကုမ္ပဏီ Profile တင်ပြရမည်ဖြစ်ပါသည်။ တင်ဒါလုပ်ငန်းတင်သွင်းရာတွင် သတ်မှတ်တင်ဒါအာမခံပေးသွင်းပြီးမှ တင်ဒါပုံစံတင်သွင်းရမည်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၈-၁၀-၂၀၁၉ရက်မှ ၁၂-၁၁-၂၀၁၉ရက်အထိ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါနောက်ဆုံးတင်သွင်းမည့်ရက်** - ၂၇-၁၁-၂၀၁၉ရက် (၁၆:၃၀)နာရီ

(ဂ) **တင်ဒါဖွင့်မည့်ရက်** - ၃-၁၂-၂၀၁၉ရက် ၁၀နာရီ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(ဘားအံ)

၃။ အသေးစိတ်အချက်အလက်များကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(ဘားအံ)ဖုန်း-၀၅၈-၂၁၁၆၁သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ကရင်ပြည်နယ်တင်ဒါကြီးကြပ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရခိုင်ပြည်နယ်အစိုးရအဖွဲ့
## စစ်တွေမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲ မှုဦးစီးဌာန ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါ ကြောင်း ကြေညာအပ်ပါသည်-

(က) ရခိုင်ပြည်နယ်ဦးစီးမှူးရုံးဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ ပေ(၁၀၀x၄၀x၃၆) RCC(၃)ထပ် (သွပ်မိုး၊ ကွန်ကရစ်ခင်း၊ ရေမီး၊ မိလ္လာအပါအဝင်ဆောက်လုပ်ခြင်း) -Lot(1)

(ခ) မောင်တောခရိုင်ဦးစီးမှူးရုံး၊ အုတ်ခြံစည်းရိုး ပေ(၂၀၀x၁၄၀x၆) ထု(၄.၅")(ဂိတ်တံခါးအပါအဝင်)

(ဂ) မောင်တောခရိုင်ဦးစီးမှူးရုံး ပေ(၆၀x၄၀x၂၈) RCC (၂)ထပ် (သွပ်မိုး၊ ကွန်ကရစ်ခင်း၊ ရေ၊ မီး၊ မိလ္လာအပါအဝင်ဆောက်လုပ်ခြင်း) -Lot-(2)

၂။ တင်ဒါစည်းကမ်းချက်နှင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို (၂၄-၁၀-၂၀၁၉)ရက်မှစ၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ရခိုင်ပြည်နယ်ဦးစီးမှူးရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး (၂၃-၁၁-၂၀၁၉)ရက် (၁၄:၀၀)နာရီ နောက်ဆုံးထား၍ ပြန်လည်တင် သွင်းရမည်ဖြစ်ပါသည်။

၃။ လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့်အတူ အဆောက်အအုံဆောက်လုပ်ခွင့်လိုင်စင်၊ ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့်ကုမ္ပဏီ Profile တို့ကို ပူးတွဲတင်ပြရမည်ဖြစ်ပါသည်။

၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို -ဖုန်း၀၄၃-၂၂၉၀၃၊ ၀၉-၄၄၀၀၈၄၄၅၅၇၊၀၉-၄၀၂၀၈၉၇၆၁တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ စစ်တွေမြို့
## ကျောင်းသား/ကျောင်းသူ အိပ်ဆောင်ဆောက်လုပ်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေဖြင့် နည်းပညာတက္ကသိုလ်(စစ်တွေ)ရှိ (၁၆၀)ဦးဆံ့ ကျောင်းသား/သူအိပ်ဆောင်(၂)ထပ် RC (၂၁၂'x၁၃၂')(၂၆၉၂၄၈/ပေ)(၁)လုံးနှင့် ထမင်းစားဆောင်(၁၂၂'x၄၈') (၅၈၅၆ စ/ပေ) ရေ၊ မီး အပါအဝင်၊ အဆောင်အဝင်လမ်း(၂၀၀'x၁၂'၈")၊ ပြင်ပရေ(၄"အဝီစီတွင်း၊ ဂါလန်၁၂၀၀၀ဆံ့ မြေအောက်ရေလှောင်ကန်၊ 5.5HP Summer Sible Pump နှင့် အဆောက်အအုံ) ပြင်ပမီးသွယ်တန်းခြင်းအပါအဝင် ဆောက်လုပ်ရန်အတွက် တိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီများ အားအိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန်** - ၃၀-၁၀-၂၀၁၉ရက် နံနက် ၉:၃၀နာရီမှ ညနေ ၃နာရီ

**တင်သွင်းရမည့်ရက်/အချိန်** - ၂-၁၂-၂၀၁၉ရက် ညနေ ၃ နာရီ

**တင်ဒါတင်သွင်း/ရောင်းချမည့်နေရာ** - နည်းပညာတက္ကသိုလ်(စစ်တွေ)၊ စစ်တွေမြို့

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံ စမ်းနိုင်ပါသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဌာန ဖုန်း-၀၄၃-၂၀၂၂၆၄၉
နည်းပညာတက္ကသိုလ်(စစ်တွေ) ဖုန်း-၀၉-၄၂၆၁၉၁၀၀၊ ၀၉-၄၅၀၅၃၉၉၄၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**နည်းပညာတက္ကသိုလ်(စစ်တွေ)**

## မော်လမြိုင်တက္ကသိုလ်
## အဝေးသင် သင်တန်း
## ဘွဲ့နှင်းသဘင်အခမ်းအနားအစီအစဉ်

မော်လမြိုင်တက္ကသိုလ်၊ အဝေးသင်သင်တန်း၊ ၂၀၁၈ပညာသင်နှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် ကျင်းပခဲ့သော ဝိဇ္ဇာ(ဘွဲ့)၊ သိပ္ပံ(ဘွဲ့)နှင့် ဥပဒေ(ဘွဲ့)စာမေးပွဲဖြေဆိုအောင်မြင်ပြီး ဘွဲ့နှင်းသဘင် အခမ်းအနားတွင် ဘွဲ့တက်ရောက်ယူရန် လျှောက်ထားကြသူများအတွက် ဘွဲ့နှင်းသဘင် အခမ်းအနားကို မော်လမြိုင်တက္ကသိုလ် ဘဏ်စုံခန်းမဆောင်တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

**ဘွဲ့နှင်းသဘင်အခမ်းအနားအစီအစဉ်**

(၁) ၂၁-၁၂-၂၀၁၉ရက်(စနေနေ့) ပထမနေ့ နံနက်ပိုင်း၉နာရီ အစီအစဉ်
ဝိဇ္ဇာ(ဘွဲ့) (ပထဝီဝင်အထူးပြု) ခုံအမှတ်(၄-ပ-၁(၀၀၃)မှ (၄-ပ-၅၀၉(၀၀၃))ထိ
သိပ္ပံ(ဘွဲ့) (ဓာတုဗေဒအထူးပြု)

(၂) ၂၁-၁၂-၂၀၁၉ရက်(စနေနေ့) ပထမနေ့ ညနေပိုင်း ၃ နာရီအစီအစဉ်
ဝိဇ္ဇာ(ဘွဲ့) (ပထဝီဝင်အထူးပြု) ခုံအမှတ်(၄-ပ-၅၁၀(၀၀၃)မှ (၄-ပ-၁၁၀၃(၀၀၃)ထိ သိပ္ပံ(ဘွဲ့) (ရုက္ခဗေဒအထူးပြု)
